The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 18, NO. 51 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 24, 2018

# aus;vufa ox;Gukex;wukr smE;wmB

# အီလက်ထရွန်းနစ်သုံး ရောင်းဝယ်ဖောက်ကားမှု (E-Commerce) နည်းလမ်းအသုံးပြု ဆောင်ရွက်၍ ကုန်သွယ်မှုကဏ္ဍမြှင့်တင်ရေး

စာမျက်နှာ - ၈ ➤




## မြန်မာနှင့် မလေးရှားတွင် ငါး၊ ပုစွန်၊ မွေးမြူရေး ရေရှည်ဖွံ့ဖြိုးရန်အတွက် စီမံကိန်းများရေးဆွဲ

စာမျက်နှာ - ၆ ➤

## အစေ့ထုတ်ပြောင်းများတင်ပို့မှု တိုးတက်လျက်ရှိသည့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း

စာမျက်နှာ - ၁၂ ➤









သီရိရတနာလက်လီလက္ကားဈေးဝင်း၊ အဆောင်(G)အခန်း(၀၀)၊ Two Way Road အောင်မင်္ဂလာအဝေးပြေးဝင်းအနီး
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ၀၉–၅၀၃၉၅၇၅၊ ၀၉–၉၇၈၁၅၀၀၇၉၉၊ ၀၉–၉၉၆၁၅၀၀၇၉၉

Aicent

# Aicent Security (MM) Co.,Ltd.

**Electronic Security System Provider**

**Burglar Alarm ■ CCTV ■ Access Control ■ Time Attendance ■ PA ■ PABX ■ Fire Alarm**
**Hotel Lock ■ Integrated Security System**

**HELP PROTECT YOUR HOME & LOVED ONES**



Office : No.140, 7th Floor , 49th Street (Upper Block), Pazuntaung Township, Yangon,Myanmar
Ph : 09 250738763 ; 09 970499391 , Email: info@aicentmyanmar.com ;
https://www.facebook.com/aicentmyanmar

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဒီဇင်ဘာ ၁၆ ရက် နံနက် ၉နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ မကျည်းဘုတ်ကျေးရွာရှိ တောင်သူ ဦးကျော်လွင်၏ သခွားမွေး ၃၅ ဧက စိုက်ပျိုးထားရှိရာသို့ ရောက်ရှိပြီး သခွားမွေး စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအား တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် ဖရဲသခွားမွေးအား ပြည်ပဈေးကွက် လိုအပ်ချက်ရှိပါက တင်ပို့နိုင်ရေးအတွက် ဈေးကွက်၏ သတင်းအချက်အလက်များကို သိရှိရန် လိုအပ်ပါကြောင်း၊ သီးနှံများ ပိုးသတ်ဆေးသုံးစွဲရာတွင်လည်း ဓာတ်ကြွင်း၊ ဓာတ်ကျန် မရှိစေရေး စနစ်တကျသုံးစွဲတတ်ရန်နှင့် အရည်အသွေးကောင်းသီးနှံများ ရရှိရန်အတွက် စိုက်ပျိုးရေးနှင့် ဒေသအာဏာပိုင်များက ကူညီပံ့ပိုးပေးရန် လိုအပ်ကြောင်း၊ ဖရဲသခွားမွေးများကို မိမိနိုင်ငံဘက်တွင် ဈေးကွက်ဖြစ်ပေါ်လာစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော သခွားမွေး စိုက်ပျိုးထုတ်လုပ်သူ တောင်သူများက မိမိတို့၏ အခက်အခဲများအား တင်ပြကြရာ တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် မွန်းလွဲ ၁နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့ ကုန်စည်ဒိုင်ခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များအား တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအနေဖြင့် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ကော်မတီအနေဖြင့် ကုန်သည်လုပ်ငန်းရှင်များ၏ လိုအပ်ချက်အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းလျက်ရှိပါကြောင်း၊ မုံရွာဒေသသည် ပဲမျိုးစုံနှင့် သီးနှံမျိုးစုံထွက်ရှိရာဒေသဖြစ်ရာ ထွက်ရှိသော သီးနှံများကိုလည်း နိုင်ငံတော်က လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရောင်းချခွင့်ပြုထား ပါကြောင်း၊ သက်ဆိုင်ရာ သီးနှံအလိုက် အသင်းအဖွဲ့များ၊ ဇုန်များ၊ ဌာနအစုအဖွဲ့များအဖြစ် ဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေးနှင့် ထွက်ရှိသော သီးနှံများ အရည်အသွေး ကောင်းမွန်စေရန် အသင်းအဖွဲ့အချင်းချင်း တိုင်ပင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထွက်ရှိသည့်သီးနှံအား ကုန်ကြမ်းအတိုင်း ရောင်းချမည့်အစား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ် တင်ပို့ရောင်းချပါက အကျိုးအမြတ် ပိုမိုရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်တက်ရောက်လာကြသည့်တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများအား ရှင်းလင်းတင်ပြကြရာ ရှင်းလင်းချက်များအပေါ် ပြည်ထောင်စု ဝန်ကြီးက ပြန်လည်ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့်တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၁၅ က မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ရေပြည့် ကျေးရွာရှိ Good Brother ကုမ္ပဏီ၏ နွားမွေးမြူရေးခြံသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တာဝန်ခံဦးလှမျိုးသန့်က နွားမွေးမြူရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နွားများမွေးမြူထားရှိမှုတို့အား ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၀၉:၃၀ နာရီတွင် မကွေးမြို့ ကုန်သည်လုပ်ငန်းရှင်များအသင်းအစည်းအဝေးခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များ၊ သီးနှံစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များ၊ တောင်သူများအား တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မိမိနှင့် တာဝန်ရှိသူများသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် လာရောက်ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးသည် လယ်ယာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား အဓိကထားလုပ်ကိုင်လျက်ရှိပြီး ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အဓိကအားထားရသည့် ဒေသကြီးဖြစ်ကြောင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်တည်ဆောက်ပြီးစီးပါက **စာမျက်နှာ ၁၇ သို့**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးရှိ ပွဲစားကုန်သည် စက်ပိုင်များ မဟာဘုံကထိန်တော်အသင်း၏ အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်သော ကုန်သည်လုပ်ငန်းရှင်များ၊ တောင်သူများ၊ ပြည်ထောင်စုသမ္မတကုန်သည်များနှင့်စက်မှုလက် မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများအား တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် ပြည်တွင်း/ပြည်ပကုန်သွယ်ရေးကို တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပုဂ္ဂလိကကဏ္ဍ **စာမျက်နှာ ၁၆ သို့**


Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၃၉၇၊ ၃၇၁၀၂၃

**ဖြန့်ချီရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချီရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# တစ်ပတ်အတွင်း ဆန်နဲ့ဆန်ကွဲတန်ချိန် ငါးသောင်းကျော်တင်ပို့

ဒီဇင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၉၁ သန်းတန်ဖိုးရှိ ဧည့်မထ ဆန် ၂၄၂၇၃ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တန်ချိန်၁၆၇၅၀တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၃၅၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်း မှ ၆၁၇၃ တန်ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ဆန်တင်ပို့မှုများနဲ့နှိုင်းယှဉ်ပါက ၇၇၄၇ တန်လျော့ကျခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ၀၁၆ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၆၀ ခန့်ကို လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က လွယ်ဂျယ်မှ ဆန်ကွဲတန်ချိန် ၉၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၃၀ ခန့်လျော့ကျခဲ့တာတွေ့ရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၉၄သန်းတန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ ပေါင်းဆန် ၂၄၆၇၆ တန်ကျော်တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ဖိလစ်ပိုင်နိုင်ငံသို့ အများဆုံး တင်ပို့ခဲ့ပြီး တန်ချိန် ၁၈၀၀၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ အခြားတင်ပို့တဲ့နိုင်ငံများမှာ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၁၀၀၀၊ တိုဂိုနိုင်ငံသို့ ၁၂၅ တန်၊ ဂီနီနိုင်ငံသို့ ၃၈၂ တန်ကျော်နဲ့အီးယူနိုင်ငံများသို့ ၅၁၆၉ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် ဆန်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၅၈၈၃ တန်ပိုမိုတင်ပို့နိုင်တယ်လို့သိရပါတယ်။

ဆန်အပြင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၆၅ သန်းတန်ဖိုးရှိ ဆန်ကွဲ ၈၃၃၅ တန်တင်ပို့ခဲ့ကြောင်းနဲ့ ယခုတစ်ပတ်မှာ ဗီယက်နမ်နိုင်ငံကို ဆန်ကွဲတန်ချိန် ၂၅၀၊ စင်ကာပူနိုင်ငံကို တန်ချိန် ၁၅၀ နဲ့ အီးယူနိုင်ငံများကို ၇၉၃၅တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန်ချိန် ၃၈၆၀ ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။ ယခုတစ်ပတ်ဆန်နဲ့ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ ဆန်၄၈၉၄၉ တန်နဲ့ဆန်ကွဲ ၈၃၉၅ တန်ဖြစ်ပြီး ပင်လယ်ရေကြောင်းမှ ဆန်နဲ့ဆန်ကွဲပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။ **ယဉ်ယဉ်အေး**

## အရောင်းအ၀ယ်ပုံမှန်ရှိနေတဲ့ ဆန်ဈေးကွက်

ယခုတစ်ပတ် ရန်ကုန်၀ါးတန်း ဆန်ကုန်စည်ဒိုင်မှာ ဆန်အ၀င်နဲ့အရောင်းအ၀ယ်ပုံမှန်ရှိကြောင်း သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ဈေးနှုန်းများအရ ဆန်ချောအသစ်များဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ကျပ် ၃၈၀၀၀ နဲ့ လတ်စ တစ်အိတ်လျှင်ကျပ် ၃၇၀၀၀၊ ပုသိမ်ပေါ်ဆန်းထိပ်စတစ်အိတ် ကျပ် ၄၂၀၀၀နဲ့လတ်စတစ်အိတ် ကျပ် ၄၀၀၀၀၊ကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၃၅၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်ကျပ် ၆၂၀၀၀ ကျပ် ၆၄၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။ နယ်စုံပေါ်ဆန်းအသစ်တစ်အိတ် ကျပ် ၃၃၀၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ ခန့်အထိ ဈေးကျကြောင်း သိရပါတယ်။

ယခုတစ်ပတ် ဆန်ကြမ်းများလည်း အရောင်းအ၀ယ်ပုံမှန်ရှိပြီး ဈေးလည်း ပုံမှန်အတိုင်းရှိနေကြောင်း သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ဆန်လက်ကားဈေးနှုန်းများအရ ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၂၁၀၀၀- ကျပ် ၂၁၅၀၀၊ ရက်(၉၀)ဆန်တစ်အိတ်လျှင် ကျပ် ၂၉၀၀၀- ကျပ် ၃၁၀၀၀ ၊ သီးထပ်(ရှယ်)တစ်အိတ်လျှင် ကျပ် ၂၃၀၀၀- ကျပ် ၂၄၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။ ကုန်စည်ဒိုင်ကို ဆန်အ၀င်လည်း ပုံမှန်ရှိကြောင်း၊ ဆန်ချောရော ဆန်ကြမ်းပါ ပုံမှန်အရောင်းအ၀ယ်ဖြစ်ကြောင်း သိရပါတယ်။ **ယဉ်ယဉ်အေး**

# မအူပင်မြို့နယ်တွင် ဆင်းသုခစပါးနှင့်နံကားစပါးရောင်းလိုအားကောင်း

မအူပင်ခရိုင်၊မအူပင်မြို့နယ်တွင်ရှိသော ကျေးရွာအုပ်စု(၇၆)အုပ်စုရှိမိုး စပါးစိုက်ပျိုးမြေဧက ၁၄၁၂၃၉ ဧကရှိသည့်အနက်နိုဝင်ဘာ ၃၀ ရက်ထိ ၇၇၄၆၉ ဧက ရိတ်သိမ်းပြီး ပျမ်းမျှအထွက်နှုန်း ၇၅ ဒသမ ၀၇ တင်းနှုန်းဖြင့် အထွက်တင်းစုစုပေါင်း ၅၈၁၅၇၅၂ တင်းထွက်ရှိကြောင်း မအူပင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏စာရင်းများ အရသိရှိရပါသည်။

မအူပင်ခရိုင်၊စားသုံးသူရေးရာဦးစီးဌာနမှခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ ဒု-ခရိုင်ဦးစီးမှူးဦးအောင်ဇော်ဦးနှင့်၀န်ထမ်းများသည် ဒီဇင်ဘာ ၁၈ ရက်တွင် မအူပင်မြို့ ရေလဲလမ်းဘေးရှိ ဆန်စက်များဖြစ်သော ၀င်းသီဂီဆန်စက်၊ စိန်သီဟဆန်စက်၊ ရွှေလ၀န်းဆန်စက်၊ စိုးမိသားစုဆန်စက်၊ကျော်ပဒေသာဆန်စက်များသို့ ကွင်းဆင်းလေ့လာစိစစ်ရာတွင် ယခုအခါ တောင်သူများ စပါးလှိုင်လှိုင်ပေါ်သောကာလ ဖြစ်၍ ဆန်စက်များသို့ ဆင်းသုခစပါးနှင့် နံကားစပါးများ အများဆုံးလာရောက်ရောင်းချမှုရှိခြင်းနှင့်လက်ရှိဖြစ်ပေါ်နေသောဈေးမှာ ဆင်းသုခစပါးတင်းတစ်ရာလျှင် ကျပ် ၅၉၀၀၀၀ နှင့် နံကားစပါး တင်းတစ်ရာလျှင် ကျပ် ၅၅၀၀၀၀ ဖြင့် အရောင်းအ၀ယ်ဖြစ်နေပြီး ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ ဆင်းသုခဆန် တစ်အိတ်လျှင် ကျပ် ၂၀၅၀၀ ဖြင့်လည်းကောင်း၊ နံကားဆန်တစ်အိတ်လျှင် ကျပ် ၁၉၀၀၀ ဖြင့်လည်းကောင်း နေ့စဉ်တင်ပို့လျက်ရှိကြောင်း ဆန်စက်ပိုင်ရှင်များ၏ ဆွေးနွေးချက်များအရ သိရှိရပြီး ပေါ်ဆန်းစပါးသစ်မှာစပါးတင်း တစ်ရာလျှင် ကျပ် ၉၃၀၀၀၀ ဖြင့် အရောင်းအ၀ယ်ဖြစ်နေပြီးပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၃၇၀၀၀ ဖြင့် မြို့နယ်တွင်းဖြန့်ဝေအားကောင်းလျက်ရှိကြောင်းနှင့် ခရိုင်ဦးစီးမှူးမှ ဆန်စပါးများဈေးကွက်ရရှိမှု အရည်အသွေးကောင်းမွန်သောဆန်စပါးများရရှိမှု ထုတ်ကုန်လုံခြုံ စိတ်ချရမှုများနှင့် ဆန်စပါးကို တန်ဖိုးမြှင့်ထုတ်ကုန် ပြုလုပ်ရောင်းချနိုင်ရေးတို့ကို ဆန်စက်တစ်စက်ချင်း ကွင်းဆင်းလေ့လာစိစစ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

Consumer MT

## ဈေးအနည်းငယ်တက်နေတဲ့ မိုးစပါး

တောင်ငူခရိုင်အတွင်း၌ ယခုအချိန်သည် ဆန်စက်လုပ်ငန်းရှင်များမှ မိမိတို့စက်လည်ပတ်နိုင်ရေးအတွက် အပြိုင်အဆိုင် စပါး၀ယ်ယူသူများအားမွေး၍ ကျေးရွာများအထိကွင်းဆင်း၀ယ်ယူခြင်း၊စက်အရောက်၀ယ်ယူခြင်းများရှိလာသည့်အတွက် စပါးဈေးများမှာ ၄၆ပေါင်တင်း ၁၀၀လျှင် ကျပ် ၅၂၀၀၀၀ ခန့်သာ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ၂၀၁၈/ ၂၀၁၉မိုးစပါးဈေးနှုန်းများမှာ ၄၆ ပေါင်စပါးတင်း ၁၀၀ လျှင် ကျပ် ၅၃၀၀၀၀ ဖြင့် အရောင်းအ၀ယ်ဖြစ်နေသဖြင့် တောင်သူများ ဒီနှစ်ရာသီအတွက် အခြေအနေကောင်းနေကြောင်း တောင်သူတစ်ဦး၏ပြောကြားချက်အရ သိရှိရပါသည်။

**စောသန်းထိုက်ကျော်(တောင်ငူ)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၁-၁၂-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၈၈ | ၃၈၈ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၈ | ၃၇၈ | □ | ၃၉၀ | ၃၇၄ | ▽ | ၃၇၀ | ၃၇၀ | □ | ၃၅၀ | ၃၄၈ | ▽ |
| ဆန်ဖြူ ၁၀% | ၃၇၆ | ၃၇၆ | □ | ၃၈၅ | ၃၇၂ | ▽ | - | - | - | ၃၄၅ | ၃၄၃ | ▽ |
| ဆန်ဖြူ ၁၅% | ၃၇၄ | ၃၇၄ | □ | ၃၈၀ | ၃၇၀ | ▽ | - | - | - | ၃၄၀ | ၃၃၈ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၈ | ၃၆၈ | □ | ၃၇၀ | ၃၆၅ | ▽ | ၃၅၅ | ၃၆၀ | △ | ၃၃၄ | ၃၃၃ | ▽ |
| ပေါင်းဆန် | ၄၀၇ | ၄၀၄ | ▽ | - | - | - | ၃၆၈ | ၃၇၂ | △ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၂၁-၁၂-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၁၅၀ | □ | ၂၁၅၀၀ | □ | ၈၅၀၀၀ | □ | ၄၄၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | □ | ၂၁၀၀၀ | □ | ၉၀၆၀၀ | △ | ၃၇၀၀၀ | △ |
| ပဲခူး | ၅၃၀၀ | △ | ၂၂၅၀၀ | △ | - | - | ၅၃၀၀၀ | △ |
| ရွှေဘို | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၇၀၀၀ | □ | ၅၄၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၂၀၀၀ | □ | ၇၀၀၀ | □ | ၃၅၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၄၀၀ | □ | ၂၃၂၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | △ | ၂၄၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၆၀၀၀ | △ | ၂၁၅၀၀ | □ | - | - | ၄၉၀၀၀ | □ |
| မော်လမြိုင် | ၆၁၈၀ | △ | ၂၀၀၀၀ | □ | ၁၈၅၀၀ | △ | ၃၅၀၀၀ | □ |
| လှိုင်ကော် | ၈၃၁၀ | ▽ | ၃၆၀၀၀ | □ | - | - | ၆၆၀၀၀ | □ |
| မြိတ် | ၆၈၀၀ | □ | ၂၅၀၀၀ | △ | - | - | ၄၇၀၀၀ | □ |
| ဘားအံ | ၅၅၀၀ | | ၂၁၅၀၀ | □ | - | - | ၅၀၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၇-၁၂-၂၀၁၈ မှ ၂၁-၁၂-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 450 | 26,135,125.950 |
| 2 | Form D | 87 | 2,668,219.755 |
| 3 | Form E | 106 | 5,318,088.010 |
| 4 | Korea GSP | 13 | 366,919.120 |
| 5 | Form AK | 147 | 6,151,677.900 |
| 6 | Form AJ | 7 | 280,778.520 |
| 7 | Form AI | 109 | 7,642,512.190 |
| 8 | Form AANZ | 10 | 166,156.680 |
| 9 | Form DFTP | 1 | 154,022,400 |
| 10 | Form CHINA | 1 | 91,727,800 |
| Grand Total | | 931 | 48,975,228.325 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၁-၁၂-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၄/၁၂ | ၂၁/၁၂ | ပြောင်းလဲမှု | ၁၄/၁၂ | ၂၁/၁၂ | ပြောင်းလဲမှု | ၁၄/၁၂ | ၂၁/၁၂ | ပြောင်းလဲမှု | ၁၄/၁၂ | ၂၁/၁၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၂၈၀ | ၁၃၃၃ | ▲ | ၁၂၁၇ | ၁၁၆၇ | ▼ | ၁၁၇၅ | ၁၁၅၀ | ▼ | ၁၃၀၀ | ၁၂၅၀ | ▼ |
| ပဲစင်းငုံ | ၁၂၂၅ | ၁၂၄၁ | ▲ | ၁၁၈၃ | ၁၂၀၀ | ▲ | ၁၁၂၅ | ၁၁၉၀ | ▲ | ၁၁၅၀ | ၁၃၁၅ | ▲ |
| ပဲတီစိမ်း | ၁၇၆၅ | ၁၇၅၀ | ▼ | ၁၉၃၀ | ၂၁၃၃ | ▲ | ၁၇၈၉ | ၁၇၃၆ | ▼ | ၁၇၆၅ | ၁၈၇၀ | ▲ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၀၁၅ | ▼ | ၁၃၁၀ | ၁၃၃၃ | ▲ | ၁၃၀၅ | ၁၃၀၀ | ▼ | ၁၃၈၅ | ၁၃၅၅ | ▼ |
| ပဲလွန်းဖြူ | ၁၂၀၀ | ၁၂၈၀ | ▲ | ၁၄၅၀ | ၁၄၅၀ | ■ | ၁၅၂၆ | ၁၇၈၉ | ▲ | ၁၁၆၀ | ၁၂၁၀ | ▲ |
| ထောပတ်ပဲ | ၂၄၃၀ | ၂၆၀၅ | ▲ | ၂၅၇၀ | ၂၄၀၀ | ▼ | ၂၁၀၅ | ၂၁၀၅ | ■ | ၃၁၆၀ | ၃၁၆၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၈.၁၂.၁၈)ထိ | ယခုတစ်ပတ် (၁၅.၁၂.၁၈)ထိ | (၁.၁.၁၈) မှ (၁၅.၁၂.၁၈) ထိ |
| မတ်ပဲ | ၅၆၂၈၉၅ | ၁၂၂၀၂ | ၅၇၅၀၉၇ |
| ပဲတီစိမ်း | ၁၁၆၅၇၀ | ၃၂၆၅ | ၁၁၉၈၃၅ |
| ပဲစင်းငုံ | ၁၈၀၈၆၀ | ၅၀၆၈ | ၁၈၅၉၂၈ |
| ကုလားပဲ | ၅၉၂၅၁ | ၃၅၅၆ | ၆၂၈၀၇ |
| ပဲလွန်းဖြူ | ၂၃၄၂၇ | ၂၀၅ | ၂၃၆၃၂ |
| မြေထောက်ပဲ | ၁၀၀၉၂ | ၄ | ၁၀၀၉၆ |

## ပဲစင်းငုံသစ်အဝင်များပြီး ယခင်နှစ်ကာလတူထက် ဈေးထက်ဝက်တက်

ချောက်နှင့်ရေနံချောင်းမြို့နယ်များရှိ ကျေးရွာများမှ ပဲစင်းငုံအသစ်များ ပေါ်နေပြီး ဈေးကောင်းရ ဈေးမြင့်နေကြောင်းသိရသည်။ “ပဲစင်းငုံအသစ်တွေ ပေါ်နေပြီး ယခင်နှစ်က ပဲစင်းငုံတစ်တင်းကျပ် ၁၁၀၀၀ ရောင်းရတော့ မျိုးလေးပြည်ပဲ စိုက်လိုက်တယ်။အထွက်ဆယ်တင်းရတယ်။ တစ်တင်းကျပ် ၂၇၀၀၀ ရောင်းရတယ်။ ယခင်နှစ်ထက် ထက်ဝက်ကျော်ဈေးတက်တယ်။ ကျွန်တော့်လိုပဲ တောင်သူတွေ ယခင်နှစ်က မျိုးတစ်တင်းစိုက်တယ်။ ဒီနှစ် မျိုးလေးပြည်ပဲစိုက်တော့ ယခုလို ဈေးတက်တော့ အံ့ဩကုန်တာပေါ့။ ဘာပဲ ပြောပြော ပဲဈေးတက်တော့ တွက်ခြေကိုက်တာပေါ့”ဟု ရေနံချောင်းမြို့နယ် ဖိုးကိုးကျေးရွာအုပ်စုတောင်သူတစ်ဦးက ပြောသည်။

ချောက်မြို့နယ်၊ မန်းကျည်းကန်ကျေးရွာအုပ်စုမှ တောင်သူတစ်ဦးက “ပဲစင်းငုံတစ်တင်းကျပ် ၂၇၅၀၀ နဲ့ဝယ်တယ်။ ဒါပေမဲ့ တောင်သူ ၁၀၀ ရှိရင် ၅၀လောက် ပဲရောင်းတာ။ ဘာလို့လဲဆိုတော့ ဒီနှစ်စိုက်သူနည်းတော့ပဲလည်း နည်းနိုင်တယ်။ ဈေးက မြင့်ဦးမှာဆိုပြီး မရောင်းကြတာ”ဟုပြောသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## ပြည်ပဲဈေးကွက်သို့ ပဲစင်းငုံသစ် စတင်ဝင်ရောက်

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ပဲစင်းငုံသစ် အနည်းငယ်ဝင်ရောက်လာခဲ့တာကို တွေ့ရပါတယ်။ အရောင်းအဝယ်ဖြစ်လောက်အောင် မများခဲ့လို့ ပဲဟောင်းလက်ကျန်များသာ ရောင်းဝယ်နေခဲ့ကြပါတယ်။ သို့သော်လည်း နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြားသာ အိတ် ၂၀၀/၃၀၀ ခန့် ရောင်းချနိုင်ခဲ့ပါတယ်။

ပဲဈေးနှုန်းများအနေဖြင့် ပဲဟောင်းဈေးတစ်တင်းကျပ် ၂၃၀၀၀၊ ပဲသစ်တစ်တင်း ကျပ် ၂၅၀၀၀ ရရှိပြီး ပဲသစ်ဈေးမှာ ပဲဟောင်းထက် ဈေးပိုရနေတာကြောင့် ပဲအဝင်လှိုင်လာလျှင်တော့ ဈေးအခြေအနေ ဘယ်လိုဖြစ်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ဆောင်းပဲပုပ်သစ်များ ပြည်ဈေးကွက်သို့စတင်ဝင်ရောက်

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ဆောင်းပဲပုပ်သစ်များ အဝင်ဆက်ရှိနေခဲ့ပြီး ပြည်အနီးတစ်ဝိုက်ဒေသများမှ နေ့စဉ်ဝင်ရောက်နေခဲ့တာကြောင့် တစ်ရက်အိတ် ၁၅၀ကျော် ၂၀၀ခန့် အဝင်ရှိခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် လက်လီသမားများသာ အဝယ်ရှိနေသေးတဲ့အတွက် အိတ် ၁၀၀/ ၁၅၀ ကျော် ရောင်းဝယ်နေခဲ့ကာ ပဲအထွက်လှိုင်လာချိန်မှာတော့ လက်လီ/လက်ကား အရောင်းအဝယ်ဖြစ်လာမှာဖြစ်ပြီး ပဲဈေးမှာ ပဲသစ်ဈေးနှုန်း တစ်တင်း ကျပ် ၂၁၀၀၀ ဖြင့် ပဲဟောင်းဈေးထက်လျော့နည်းခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၈ ရက်မှ ၁၄ ရက်အတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅၂၃၂၀ တန်ဖိုးရှိ ငရုတ်သီးခြောက် ၂၆၀၀၀ ကီလိုဂရမ် တင်ပို့ခဲ့ပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်မှတစ်ဆင့် ပြန်လည်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၁၅၀၀၀ တန်ဖိုးရှိ သန့်ရှင်းရေးသုံး ဆပ်ပြာရည် ၁၈၇၅ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၁၈၀၀ တန်ဖိုးရှိ ဟင်းချိုမှုန့် ၁၅၀၀ ကီလိုဂရမ်တို့ဖြင့် စုစုပေါင်း ကုန်သွယ်မှု ပမာဏ ၆၉၁၂၀ ဒေါ်လာ ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရပါတယ်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်မှ ၁၉ ရက်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ဒေသထွက် ဧည့်မထဆန်အိတ် စုစုပေါင်း ၁၀၁၅၀ အိတ် တန်ချိန်အားဖြင့် ၅၀၉ ဒသမ ၆၄ တန်ခန့် တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မှ လွိုင်ကော်သို့ ဆန်တင်သွင်းမှုမှာ ၃၄၁၀ အိတ်၊ မန္တလေးမြို့ ၁၄၂၀ အိတ်၊ ရွှေဘိုမြို့ ၇၁၀ အိတ် တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၅၅၄၀ အိတ် တန်ချိန်အားဖြင့် ၂၇၈ ဒသမ ၇၃ တန်တင်သွင်းခဲ့ကြောင်း သိရှိရပါတယ်။

လက်ရှိပြောင်းဈေးနှုန်းများမှာ ပြောင်း(ခြောက်) တစ်ပိဿာလျှင် ကျပ် ၄၀၀ ဈေးပေါက်ကြောင်း၊ စပါးဈေးနှုန်းများမှာ ဧည့်မထ(မိုး) စပါးတင်း(၁၀၀)လျှင် ကျပ် ၈၃၁၀၀၀ ဈေးပေါက်ကြောင်း၊ ဆန်ဈေးနှုန်းမှာ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၆၀၀၀၊ ပေါ်ကွဲဆန် တစ် အိတ်လျှင် ကျပ်၃၆၀၀၀၊ ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၄၁၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၉၀၀၀ ဈေးပေါက်ကြောင်း ကယားပြည်နယ်စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။ ကယားပြည်နယ်မှ မန္တလေးနှင့်အခြားမြို့ကြီးများသို့ ပြောင်းတင်ပို့မှုမှာစုစုပေါင်း၄၀၆၂၃အိတ် တန်ချိန်အားဖြင့်၁၉၈၉ ဒသမ ၉၉ တန် တင်ပို့ထားကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရပါတယ်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးငြိမ်

ယခုတစ်ပတ်တွင် မြေပဲဆန်ဈေးပြန်ငြိမ်နေတာတွေ့ရပါတယ်။ ဝင်ရောက်မှုအနေဖြင့် မင်းတုန်းနှင့် ပြည်၊ အောင်လံကြားရှိ ကျေးရွာများမှ တစ်နေ့လျှင် မြေပဲဆန်အိတ် ၅၀၀ ခန့် ဝင်ရောက်မှုရှိသော်လည်း ဝင်သလောက်အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ မြေပဲဆီဆန်နှင့် လုံးဆန်ကို မကွေးဘက်ရှိ ဆီစက်သမားများနှင့် မြို့တွင်းဆီစက်သမားများ၊ အကြော်ဖိုသမားများက ဝယ်ယူမှုရှိသော်လည်း ဈေးမမြင့်ဘဲ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ မြေပဲဆီဆန် (ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၅၀၊ (နီ) တစ်ပိဿာလျှင် ကျပ် ၂၆၀၀ နှင့် မြေပဲလုံး ဆန် (ဖြူ)တစ်ပိဿာလျှင် ကျပ် ၂၇၂၅၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၂၈၅၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## ပဲကြီးစိမ်း ပဲဟောင်းလက်ကျန်နည်းပါး၍ ဈေးမြင့်

ရေနံချောင်းမြို့နယ်နှင့်နတ်မောက်မြို့နယ်များမှ စိုက်သည့် ပဲကြီးဖြူများပဲစိမ်းအဖြစ်ပေါ်နေပြီဖြစ်ရာ ပေါ်ဦးပေါ်ဖျား ဈေးကောင်းရနေကြောင်းသိရသည်။

“ပဲကြီးဖြူအစိုအခြောက်နှစ်မျိုးရှိတယ်။ လက်ရှိ ပဲစိမ်းအသစ်ပေါ်တဲ့အချိန်ပါ။ ပဲစိမ်းတစ်ပြည်ကျပ် ၂၇၀၀ပေါက်ဈေးရှိတယ်။ ယခင်နှစ်ကတော့ပဲကြီးစိမ်းတစ်ပြည်ကို ကျပ် ၂၀၀၀ ပဲရောင်းရတယ်။ လက်ရှိပဲကြီးဖြူအဟောင်းတစ်တင်းကိုကျပ် ၄၀၀၀၀ ပေါက်ဈေးရှိပြီး ပဲလက်ကျန်နည်းတဲ့အတွက် ပဲစိမ်းဈေးမြင့်တာ။ ရာသီစာဖြစ်နေတာပေါ့”ဟု နတ်မောက်မြို့နယ်မှပွဲစားကိုစိုးလွင်က ပြောသည်။

ရေနံချောင်းမြို့နယ်နှင့်နတ်မောက်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ယခင်နှစ်၌ဆောင်းရာသီတွင် ပဲစင်းငုံကို သာစိုက်ကြသော်လည်း ပဲတစ်တင်းကျပ်၁၀၀၀၀သာဈေးရရှိကြောင်း၊ ပဲကြီးဖြူတစ်တင်းကျပ် ၃၅၀၀၀ ကနေကျပ်၄၀၀၀၀ အထိရကြောင်း၊ တောင်သူများတွက်ခြေကိုက်သည့်အတွက် ပဲကြီးဖြူကို အဓိကစိုက်ပျိုးကြကြောင်း ဒေသခံ တောင်သူတစ်ဦးကပြောသည်။

အဆိုပါဒေသထွက်ပဲကြီးဖြူကို မန္တလေး၊ ပြည်၊ မကွေး၊ ကျောက်ပန်းတောင်း၊ နတ်မောက်မြို့နယ်ရှိ ပဲကြော်လုပ်ငန်းများ၊ ပဲလှော်လုပ်ငန်းများကဝယ်ယူနေကြောင်းသိရသည်။

ပဲစိမ်းကြော်ကတော့ လက်ဖက်နှင့်သုပ်စားရတဲ့အတွက် ပေါ်ဦးပေါ်ဖျားအဖြစ် ပဲကြော်လက်ဖက်အရောင်းဆိုင်တွေမှာ အဝယ်သွက်ကြောင်း ပဲစိမ်းကြော်တစ်ပိဿာ ကျပ် ၆၀၀၀ ဝန်းကျင်ရှိကြောင်း လက်လီရောင်းဝယ်သူများထံက သိရသည်။

**ရွှေဇင်(ရေနံချောင်း)**

## ပြည်ပဲတီစိမ်းသစ် ဈေးပိုရလာသလို အရောင်းအဝယ်သွက်

ပြည်ဈေးကွက်အတွင်း ပဲတီစိမ်းသစ်များ၊ နေ့စဉ်ဝင်ရောက်လျက်ရှိရာ တစ်ရက်အိတ် ၇၀၀/၈၀၀ ကျော်အထိ ဝင်ရောက်မှုများနေခဲ့ပါတယ်။ ပြည်အနီးတစ်ဝိုက်နှင့် ပန်းတောင်း၊ ကံမမြို့နယ်များမှ ဝင်ရောက်ခဲ့ပြီး ရန်ကုန်၊ မန္တလေးဝယ်လိုအားရှိနေတာကြောင့် ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲဈေးမှာ တစ်တင်း ကျပ် ၃၆၀၀၀ မှ ကျပ် ၃၆၅၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးပိုရလာပြီး ပဲဈေးကွက်အတွင်း မတ်ပဲဈေးထက်လည်း ဈေးပိုနေခဲ့ပါတယ်။ ယခင်နှစ်က ဆောင်းပဲတီစိမ်းဈေးမှာ ယခုလအတွင်း တစ်တင်း ကျပ် ၂၇၀၀၀ ရရှိခဲ့တဲ့တွက် ယခုနှစ်ဈေးကတော့ ယခင်နှစ်ရဲ့ဈေးထက် ကျပ်တစ်သောင်းအထိ ဈေးပိုရခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## တရုတ်နိုင်ငံသို့ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ချင်းရွှေဟော်မှ ဒီဇင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၁၆၆ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၄၈၁၄ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ နှမ်းနက် ၄၁၂တန်ကျော်၊ နှမ်းဖြူ တန် ၁၀၀ ကျော်နဲ့ နှမ်းဖြူ(အခွံချွတ်) ၃၁ တန် စုစုပေါင်းတန်ချိန် ၅၄၃ တန်ခွဲ၊ ချင်းရွှေဟော်မှ နှမ်းနက် ၂၆၇၆ တန်ကျော်၊ နှမ်းဖြူ ၉၅၁ တန်၊ နှမ်းညို ၁၄၃ တန်ကျော်နဲ့ နှမ်းညို(အခွံချွတ်) တန် ၅၀၀ စုစုပေါင်းတန်ချိန် ၄၂၇၀တန်ခွဲ ဖြစ်ပါတယ်။

ယခင်တစ်ပတ်က မူဆယ်မှ တန် ၁၅၀ ကျော်နဲ့ ချင်းရွှေဟော်မှ ၁၆၂၂ တန် ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တရုတ်နိုင်ငံသို့တန်ချိန်၃၀၄၁တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာယခင်တစ်ပတ်ရော ယခုတစ်ပတ်မှာပါ နှမ်းဖြူတစ်တန်လျှင် ၂၀၈၉၀၈၇ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ၂၂၀၀၄၄၅ကျပ်ဈေးအသီးသီးရှိတယ်လို့သိရပါတယ်။ **မော်မော်အောင်**

# မြန်မာနှင့်မလေးရှားတွင် ငါး၊ ပုစွန်၊ မွေးမြူရေး ရေရှည်ဖွံ့ဖြိုးရန်အတွက် စီမံကိန်းများရေးဆွဲ

မြန်မာနိုင်ငံ၏ငါး၊ ပုစွန်၊ မွေးမြူရေးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အဆင့် ရေးဆွဲမည့် စီမံကိန်းနှင့်ပက်သက်၍ ဆွေးနွေးပွဲတစ်ခုကို ဒီဇင်ဘာလ ၁၈ ရက်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပပြုလုပ်သွားခဲ့ပါသည်။

ယင်းစီမံကိန်းကို ဂျာမနီပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ရေးဆွဲခြင်းဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးရဲ့ ငါးလုပ်ငန်းဗဟိုချက်က ရန်ကုန်ဖြစ်တဲ့အတွက် ရန်ကုန်မှာ ဖိုရမ်တစ်ခုကို မဖြစ်မနေကျင်းပမှ ပြည်စုံတဲ့အတွက် GIZ က တာဝန်ရှိသူတွေပါ ပါဝင်ပြီး နိုင်ငံတော်အဆင့် ငါး၊ ပုစွန်၊ မွေးမြူရေးရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းပြုစုဖို့ ဆွေးနွေးပွဲတစ်ခုပြုလုပ်သွားမှာဖြစ်ပြီး ယင်းစီမံကိန်းကြီးသည်မြန်မာနိုင်ငံရဲ့ငါးလုပ်ငန်းကဏ္ဍကို တစ်ခေတ်ပြောင်းလဲသွားမယ့်စီမံကိန်းကြီးဖြစ်သည်ဟု သိရပါသည်။

ယင်းဆွေးနွေးပွဲတွင် ပညာရှင်များ၊ ငါးလုပ်ငန်းဦးစီးဌာနအပါအဝင် မူဝါဒချမှတ်နိုင်သည့်အစိုးရတာဝန်ရှိသူများ၊ အခြားဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် သုတေသနပညာရှင်များ၊ NGO အဖွဲ့အစည်းများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်သည့်လုပ်ငန်းရှင်များ၊ မွေးမြူရေးသမားများ၊ အစာထုတ်လုပ်သူများစသဖြင့် ယင်းလုပ်ငန်းကဏ္ဍတွင် ပါဝင်ပတ်သက်နေသည့်လုပ်ငန်းများအားလုံး ပါဝင်ဆွေးနွေးသွားပါသည်။ ယင်းဆွေးနွေးပွဲမှရရှိသည့်လုပ်ငန်းဆိုင်ရာ အချက်အလက်များကို အကောင်းအထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရနှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနများကို ပေးပို့သွားမည်ဖြစ်ကြောင်းသိရပါသည်။

ယခုရေးဆွဲမည့်စီမံကိန်းသည် မြန်မာနိုင်ငံတွင် တစ်ကြိမ်တစ်ခါမှ ရေးဆွဲခဲ့ခြင်းမရှိသည့် အမျိုးသားအဆင့် ငါး၊ ပုစွန်၊ မွေးမြူရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်ပြီး နိုင်ငံတကာ အထောက်အပံ့အကူအညီများကိုရယူ၍ ပြည်တွင်း၊ ပြည်ပ ပညာရှင်များဖြင့် ရေးဆွဲမည့်စီမံကိန်းတစ်ခု ဖြစ်သည်ဟုဆိုသည်။ GIZ ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ အတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ငါး၊ ပုစွန်၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲ ဖိုရမ်များကို ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံတွင်လည်း မုတ်သုံရာသီနဲ့ ခရစ္စမတ်ပွဲတော်ရာသီကာလအတွင်း ပြည်တွင်းဈေးကွက်ထဲမှာ လုံလောက်ဖူလုံမှုရှိစေဖို့အတွက် ငါး၊ ပုစွန်ပြည်ပပို့ကုန်တချို့အပေါ် ပိတ်ပင်တားမြစ်သွားဖို့ မလေးရှားအစိုးရက စီစဉ်လျက်ရှိကြောင်း သိရပါတယ်။ ယခုဆိုရင် ဈေးကွက်ထဲ ပြတ်လပ်မှုကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ငါး၊ ပုစွန် အမျိုးအစားလေးမျိုး ပြည်ပတင်ပို့မှုအပေါ် အစိုးရဘက်က တားမြစ်သွားမှာဖြစ်ကြောင်း စိုက်ပျိုးရေးနဲ့ စက်မှုဝန်ကြီး Salahuddin Ayub က ဒီဇင်ဘာ ၁၇ ရက်က ပြောကြားခဲ့သည်။ အဆိုပါ ငါး၊ ပုစွန်အမျိုးအစား လေးခု ပြည်ပတင်ပို့ရောင်းချခွင့်အပေါ် လာမယ့် ဇန်နဝါရီ ၁ ရက်ကနေ ဖေဖော်ဝါရီ ၂၈ ရက် အကြားကာလအတွင်း လုံးဝ ပိတ်ပင် တားမြစ်သွားမှာဖြစ်တယ်လို့ ၎င်းက ပြောသည်။

စာရင်းအင်းတွေအရတော့ မလေးရှားအနေနဲ့ပြီးခဲ့တဲ့ ၂၀၁၇တုန်းက ပုစွန်တန်ချိန်ပေါင်း ၁၁၅၀၀၀ အထိ ဖမ်းယူရရှိခဲ့တယ်လို့သိရသည်။ မကြာသေးမီတုန်းကလည်း မလေးရှားအစိုးရအနေနဲ့ ပြည်တွင်းဈေးကွက်ဖူလုံမှုရစေရေးအတွက် ရည်ရွယ်ပြီး ကြက်ဥ ပြည်ပတင်ပို့မှုအပေါ် ကန့်သတ်ဖို့ ဒါမှမဟုတ် ရပ်ဆိုင်းဖို့ စဉ်းစားနေကြောင်းလည်း ထုတ်ပြန်ထားသည်။ **ခင်မြနွယ်**- MYANTRADE (TIR)

# ရွှေပြည်သာမြို့နယ်၊ အ.ထ.က(၃)နှင့်ပန်းဘဲတန်းမြို့နယ်၊ အ.ထ.က(၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်းနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများသည် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဒီဇင်ဘာလ ၁၄ရက် နံနက်(၁၀း၀၀) နာရီတွင် ရွှေပြည်သာမြို့နယ်၊ အ.ထ.က(၃) အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးခြင်း၊ ဒီဇင်ဘာလ ၁၈ရက် နံနက်(၁၀း၀၀) နာရီတွင် ပန်းဘဲတန်းမြို့နယ်၊ အ. ထ. က(၁) အခြေခံပညာအထက်တန်းကျောင်း၊ဧကရီခန်းမ၌ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်းကွင်းဆင်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲတွင် ရွှေပြည်သာမြို့နယ်၊ ကျန်းမာရေးဦးစီးမှူးရုံးမှ ဒေါက်တာမြတ်မြတ်နှင်းက ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ကွမ်းယာစားသုံးမိပါက ဘေးအန္တရာယ်များဖြစ်ပေါ်လာနိုင်မည့်အခြေအနေကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကုန်စည်/ဝန်ဆောင်မှုများဝယ်ယူသုံးစွဲရာတွင် နစ်နာမှုရှိပါက ဆက်သွယ် တိုင်ကြားနိုင်သည့်အခြေအနေ၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်နှင့်တားမြစ်ချက်များ၊ အရေးယူနိုင်သည့်ပြစ်မှုပြစ်ဒဏ်များအကြောင်းနှင့် နေ့စဉ်စားသုံးနေသည့် နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲရန် လိုအပ်သည့်အခြေအနေတို့ကိုဆွေးနွေးခဲ့ပါတယ်။

ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲတွင် ပန်းဘဲတန်းမြို့နယ်၊ ကျန်းမာရေးဦးစီးမှူးရုံးမှ ကျန်းမာရေးမှူးအဆင့်(၁) ဦးဇော်လင်းက ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန် အစားအသောက်များ စားသုံး/ထုတ်လုပ်ရောင်းချရာတွင် သန့်ရှင်းစင်ကြယ်စွာစားသုံး/ထားရှိရောင်းချရမည့်အခြေအနေကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က စားသောက်မည့်အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းအောင်ရွေးချယ်စားသောက်ရန် လိုအပ်သည့်အခြေအနေ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရန် ဌာနမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ စားသုံးသူများအနေဖြင့် ဘေးအန္တရာယ်ကင်းသည့်ကုန်စည်ကို ရွေးချယ်ဝယ်ယူနိုင်မည့်နည်းလမ်းနှင့်ဘဝတွင် သက်တမ်းရှည်စွာနေထိုင်နိုင်ရေးအတွက် အာဟာရမျှတစွာ စားသောက်နေထိုင်ရမည့်ပုံစံများပြောင်းလဲရန် လိုအပ်သည့်အခြေအနေများကို အကျယ်တဝင့်ဆွေးနွေးခဲ့ပါတယ်။

ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် အ. ထ. က(၁) ပန်းဘဲတန်း ကျောင်းမုန့်ဈေးတန်းသို့ ကွင်းဆင်း စစ်ဆေးရာတွင် အမှတ်တံဆိပ်ပြည့်စုံသော မုန့်များနှင့် သန့်ရှင်းသောအစားအသောက်များ ရောင်းချသွားရန် ကျောင်းသား၊ကျောင်းသူများ စားသောက်ရန်အတွက် ဂရုစိုက်ဆောင်ရွက်ကြရန် မှာကြားခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ရွှေပြည်သာမြို့နယ် အ.ထ.က (၃)၊ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများဦးရေ(၃၀၀)ဦး၊ ပန်းဘဲတန်းမြို့နယ် အ. ထ. က(၁)အခြေခံပညာအထက်တန်းကျောင်းတို့မှဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ ဦးရေ (၁၇၀)ဦး၊ စုစုပေါင်း (၄၇၀)ဦး တက်ရောက်ခဲ့ကြပါတယ်။

**မြတ်မွန်(စားသုံးသူ)ရန်ကုန်**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၀.၁၂.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၂) | - ISEACO GENESIS | ကုန်သေတ္တာ ၅၅၂ တင် ၄၃၄ ချဆဲ |
| အလုံဆိပ်ကမ်း(၃) | - HILDE | Steel Plate ၁၆၂၅ ချဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - ELPIDA.GR | ဆန် ၂၄၅၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၃) | - GUO REI | ဆန် ၂၀၀၀၀ တင်ဆဲ |
| သီလဝါဆိပ်ကမ်း (၅) | - ANARITA | Steel Product ၃၀၅၈၅ ချဆဲ |
| MMTM JETTY | - MT OCEAN SPRING | DIESEL OIL&MOGAS (92Ron) ၂၇၄၅၃ချဆဲ |
| Green Asia JETTY | - MT GLORY STAR | DIESEL OIL ၁၃၆၃၁ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| LEADER SW | IRON SLAB ၁၀၅၀၀ကုန်ချရန် | JAPAN | ၁၉.၁၂.၂၀၁၈ |
| CALMY CORAL | VEHICLE&STEEL ၁၀၅၀၀ကုန်ချရန် | INDIA | ၂၁.၁၂.၂၀၁၈ |
| HAN FENG | Steel Bar&Concrete Iron ၄၄၇၅ကုန်ချရန် | CHINA | ၂၅.၁၂.၂၀၁၈ |
| RAINBOW IVY | Steel (D Bar)10283 ကုန်တင်ရန် | OMAN | ၂၅.၁၂.၂၀၁၈ |
| CHANG SHUN II | Fertilizer &Steel Product ၂၇၂၆ကုန်ချရန် | CHINA | ၂၆.၁၂.၂၀၁၈ |
| ANNEMIEKE | G/C ၁၃၇၂ ကုန်ချရန် | FINLAND | ၂၆.၁၂.၂၀၁ |
| DA HONG XIA | G/C ၂၀၃၇ ကုန်ချရန် | CHINA | ၂၉.၁၂.၂၀၁၈ |
| ALBIOK BAY | Steel Produce ၂၁၈၅၅ ကုန်ချရန် | CHINA | ၃၀.၁၂.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၀.၁၂.၂၀၁၈ |
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၀.၁၂.၂၀၁၈ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၁.၁၂.၂၀၁၈ |
| AS FIONA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၂.၁၂.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၁၂.၂၀၁၈ |
| TORRES STRAIT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၃.၁၂.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၁၂.၂၀၁၈ |
| YANTRA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၃.၁၂.၂၀၁၈ |
| SANGIORGIO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၄.၁၂.၂၀၁၈ |
| MCC MERGUI | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၆.၁၂.၂၀၁၈ |
| SINAR BANDUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၁၂.၂၀၁၈ |
| AS FIONA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၀.၁၂.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.TASCO-1 | BITUMEN | MALAYSIA | ၂၀.၁၂.၂၀၁၈ |
| MT.TAK SAORN | P'Oil(In Bulk) | INDONESIA | ၂၀.၁၂.၂၀၁၈ |
| MT.BLUE LINE -1 | P'Oil(In Bulk) | INDONESIA | ၂၀.၁၂.၂၀၁၈ |
| MT.ARMONIA | P'Oil(In Bulk) | INDONESIA | ၂၀.၁၂.၂၀၁၈ |
| MT.PENYUAN | P'Oil(In Bulk) | INDONESIA | ၂၀.၁၂.၂၀၁၈ |
| MT.YU DONG | Diesel & MOGAS(92RON) | SINGAPORE | ၂၁.၁၂.၂၀၁၈ |
| MT.ORCA PACIFIC | Diesel | SINGAPORE | ၂၃.၁၂.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၂၄.၁၂.၂၀၁၈ |
| MT.AU VIRGO | P'Oil(In Bulk) | INDONESIA | ၂၄.၁၂.၂၀၁၈ |
| MT.OCEAN GOBY | Diesel | SINGAPORE | ၂၄.၁၂.၂၀၁၈ |
| MT.OCEAN MARLIN | Diesel | SINGAPORE | ၂၅.၁၂.၂၀၁၈ |
| MT.FLY SEAL | Diesel | SINGAPORE | ၂၅.၁၂.၂၀၁၈ |
| MT.OCEAN MANTA | Diesel | SINGAPORE | ၂၅.၁၂.၂၀၁၈ |
| MT.CHAO ANOMA | P'Oil(In Bulk) | INDONESIA | ၂၆.၁၂.၂၀၁၈ |
| MT.ATALANTA | Diesel | SINGAPORE | ၂၇.၁၂.၂၀၁၈ |
| MT.FLY GURNARD | MOGAS(92)RON | SINGAPORE | ၂၈.၁၂.၂၀၁၈ |
| MT.BABYLON | Diesel | SINGAPORE | ၃၀.၁၂.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESI | ၁.၁.၂၀၁၉ |
| MT.BLUE LINE-1 | P'Oil(In Bulk) | INDONESIA | ၅.၁.၂၀၁၉ |
| MT.PHUBAL PATIRA-2 | Diesel | SINGAPORE | ၇.၁၂.၂၀၁၉ |

## ထိုင်းနိုင်ငံသို့ ကော်ဖီစေ့တင်ပို့

ဒီဇင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၈၄၉၅ တန်ဖိုးရှိ ကော်ဖီစေ့၁၃တန်ခွဲကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ပါတယ်။အောက်တိုဘာလဆန်းပိုင်းက တာချီလိတ်မှ ကော်ဖီစေ့ တန် ၂၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

"မြန်မာ့ကော်ဖီမှာ လက်ရှိတွင် နိုင်ငံတကာထက် အဆင့်အတန်းမြင့်မားတယ်။ ဒါကြောင့် ကော်ဖီဈေးကလည်း အခြားနိုင်ငံတွေက ထွက်ရှိတဲ့ကော်ဖီထက် ဈေးကြီးနေတယ်။ ဒီအတွက် နိုင်ငံခြားကို တင်ပို့ခဲ့တဲ့အခါမှာလည်း တန်ချိန်က နည်းနေသေးတာတွေ့ရတယ်။ မြန်မာနိုင်ငံက ကော်ဖီစိုက်တောင်သူတွေကလည်း ကော်ဖီမှည့်တာနဲ့တစ်ခါတည်း ခူးပြီးရောင်းချသလိုဖြစ်နေတော့ တိုးတက်မှုအားနည်းနေတယ်"ဟု မြန်မာနိုင်ငံ ကော်ဖီလုပ်ငန်းရှင်များအသင်းမှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

## ကြက်သွန်/နှမ်း

# ပြည်စျေးကွက်အတွင်း ကြက်သွန်နီ(အဟောင်း)ရော (အသစ်)ပါ အရည်အသွေးပေါ် မူတည်၍ အရောင်းအဝယ်ဖြစ်



ယခုတစ်ပတ်အတွင်း ပြည်စျေးကွက်သို့ ကြက်သွန်နီ(အဟောင်း)များ ဝင်ရောက်မှုမရှိတော့ဘဲ ကြက်သွန်နီ(အသစ်)များသာ ပိဿာ ၃၀ ဝင်အိတ် ၃၀၀-၃၅၀ ခန့်ကို ရေနံချောင်း၊ ဆိပ်ဖြူ၊ ပခုက္ကူနယ်များမှ နေ့စဉ်ဝင်ရောက်မှု ရှိနေကြောင်း သိရပါတယ်။ ပွဲရုံလုပ်ငန်းရှင်များအနေဖြင့် ကြက်သွန်နီ(အဟောင်း)များမှာ အစို့ပေါက်နေပြီး အရည်အသွေး မကောင်းတော့သဖြင့် မှာယူတင်သွင်းမှုမပြုတော့ဘဲ ယခင်ကျန်ရှိနေသည့် ပစ္စည်းလက်ကျန်များဖြင့်သာ အရောင်း အဝယ်ပြုလုပ်လျက်ရှိနေကြောင်း သိရပါတယ်။ ကြက်သွန်နီ (အသစ်)များအနေဖြင့်လည်း အစိုဓာတ်များ ကျန်ရှိနေသေးသဖြင့် အလေးချိန် အလျော့ပိုမည်ဖြစ်သည့်အတွက် အရောင်းအဝယ်ဖြစ်မည့် ပမာဏလောက်ကိုသာ မှာယူတင်သွင်း ရောင်းချလျက်ရှိနေကြောင်းလည်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ဒေသတွင်းဝယ်လက်များ၊ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဧရာဝတီ၊ ရခိုင်တို့သို့တင်ပို့မှုအပါအဝင် အဟောင်းရော အသစ်ပါ နေ့စဉ် ပျမ်းမျှ အိတ် ၂၀၀-၂၅၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။ စျေးနှုန်းများအနေနဲ့ ကြက်သွန်နီ(အဟောင်း)မှာ တစ်ပိဿာလျှင် ပွဲရုံလက်ကားစျေး ကျပ် ၇၀၀-၈၀၀-၉၀၀ ရှိပြီး လက်လီစျေး များတွင် ကျပ် ၁၀၀၀-၁၁၀၀-၁၂၀၀ နှုန်းဖြင့် ရောင်းဝယ်လျက် ရှိနေတာတွေ့ရပါတယ်။ ကြက်သွန်နီ(အသစ်)မှာ ပြည်ပွဲရုံ များတွင် တစ်ပိဿာကို (ကြီး) ကျပ် ၁၀၀၀-၁၁၀၀၊ (လတ်) ကျပ် ၉၀၀-၉၅၀-၁၀၀၀၊ (သေး)ကျပ်၈၀၀-၈၅၀တို့ရှိပြီး လက်လီစျေးအသေးများတွင် (ကြီး) ကျပ် ၁၂၀၀-၁၃၀၀၊ (လတ်) ကျပ် ၁၁၀၀-၁၂၀၀၊ (သေး) ကျပ် ၉၀၀-၁၀၀၀စသည် ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

# ပခုက္ကူခရိုင်အတွင်းသို့ မိုးစိုက်(ဥစိုက်)ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်

ယခုတစ်ပတ် ပခုက္ကူခရိုင်အတွင်းသို့ မိုးစိုက်(ဥစိုက်) ကြက်သွန်နီ များလှိုင်လှိုင်ဝင်ရောက်နေပါတယ်။ ယခုတစ်ပတ် ပခုက္ကူခရိုင်အတွင်း ကြက်သွန်နီအဝယ်ဒိုင်၏ ကြက်သွန်နီ(အသစ်)လက်ကားစျေးမှာ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၆၇၅-၇၃၅-၇၆၀-၈၀၀ဖြင့် ကုန်ချိန် ၁၃၀၀၀၀မှ၁၄၅၀၀၀ထိ နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်နေပါတယ်။ ယခုတစ်ပတ်တွင် ကြက်သွန်နီ( အဟောင်း)မှာအဝင်နည်းလာခြင်း၊ အရည်အသွေးညံ့ခြင်း၊ အပေါ်ယံကြံဖတ်လန်ခြင်းတို့ကြောင့် စျေးအနည်းငယ်ကျနေကြောင်းသိရပါတယ်။

ယခုတစ်ပတ် ကြက်သွန်နီ(အဟောင်း)လက်ကားစျေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၇၀၀-၈၀၀ ဖြင့် ကုန် ၁၂၀၀၀ မှ ၃၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကြက်သွန်(အသစ်) လက်လီစျေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၁၁၀၀-၁၂၀၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၈၀၀-၉၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၇၀၀-၈၀၀ရှိကြောင်းသိရပါတယ်။

ယခုတစ်ပတ်ဆိပ်ဖြူ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ(အသစ်) များစတင်ဝင်ရောက်လျက်ရှိပြီး ထိပ်စတစ်ပိဿာလျှင် ကျပ် ၈၀၀-၉၀၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၆၂၅-၆၈၅-၈၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၅၈၅-၆၅၀ ဖြင့် ကုန်ချိန် ၉၀၀၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း၊ ဆိပ်ဖြူနှင့် ပခုက္ကူဒေသမှ ထွက်ရှိသည့် ကြက်သွန်နီများကို ရန်ကုန်၊ပြည်နှင့်မော်လမြိုင်ဒေသများသို့ တင်ပို့လျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းများအရ သိရပါတယ်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**

# ပြည်စျေးကွက်တွင် လှော်နှမ်းများကြောင့် အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ်တွင် ပြည်စျေးကွက်သို့ နှမ်းဝင်ရောက်မှုမရှိတဲ့အတွက် နှမ်းစျေးပြန်မြင့်လာတာ တွေ့ရပါတယ်။ ယခုအချိန်တွင် ဆောင်းနှမ်းများ စိုက်ပျိုးနေချိန်ဖြစ်လို့ စျေးကွက်တွင် နှမ်းလက်ကျန် ရှားလာတာတွေ့ရပါတယ်။ ယခုနှစ်မှာ နှမ်းအထွက်နှုန်းနည်းခြင်း၊ ရာသီဥတု ဆိုးဝါးခြင်းတို့ကြောင့် နှမ်းအထွက်နှုန်းနည်းလာလို့ စျေးမှာ အမြင့်ဆုံးဖြစ်လာတာ တွေ့ရပါတယ်။ အောင်လံနှင့် မန္တလေးဝယ်လက်များကလည်း စမုံနက်နှမ်းကို ဝယ်ယူမှုရှိလို့ လှော်နှမ်းများကို ထုတ်ရောင်းသဖြင့် နှမ်းစျေးမြင့်လာတာ တွေ့ရပါတယ်။ နှမ်းနီကို ပြည်ဆီစက်များက ဝယ်ယူမှုရှိသော်လည်း ပစ္စည်းမရှိလို့ စျေးမြင့်လာတာတွေ့ရပါတယ်။

ယခုတစ်ပတ် နှမ်းစျေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၆၃၀၀၀၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၆၆၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၇၈၀၀၀ ဖြင့် တစ်နေ့ အိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**ဝေဝေမင်း(ပြည်)**

## ပြောင်း

# တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် သုံးသောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီစခန်းစုံမှ ဒီဇင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၀၁ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ တန်ချိန် ၃၀၂၈၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၁၇၈၂၅ တန်ကျော်၊ လွယ်ဂျယ်မှ ၉၀၇ တန်ကျော်၊ ချင်းရွှေဟော်မှ တန်ချိန် ၁၁၂၈၀နဲ့ ကန်ပိုက်တီမှ ၂၇၅ တန်ဖြစ်ပါတယ်။

ယခင်တစ်ပတ်က မူဆယ်နဲ့ချင်းရွှေဟော်မှ ၁၉၄၉၅ တန်သာ တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ် တရုတ်နိုင်ငံသို့ ပြောင်း ၁၀၇၉၃ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်ရော ယခုတစ်ပတ်ပါ ပြောင်းတစ်တန်စျေး ကျပ် ၃၀၇၃၅၀နဲ့ ပြောင်းလဲမှုမရှိကြောင်း၊ မူဆယ်သို့ ပြောင်းကား ၅၃၆ စီး ဝင်ရောက်ခဲ့ကြောင်း သိရပါတယ်။ အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃၉၂၈၇တန်ဖိုးရှိ ပြောင်းဖူးစေ့တန် ၂၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## ချင်း

# ဘင်္ဂလားဒေ့ရှ်သို့ ချင်းပိုမိုတင်ပို့

ဒီဇင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေနဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၆၃၃၆၀ တန်ဖိုးရှိ ချင်းစို တန် ၁၀၀ နီးပါးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ရာ စခန်းအလိုက် တင်ပို့မှုမှာ စစ်တွေမှ ၇၉ တန် နီးပါးနဲ့ မောင်တောမှ တန် ၂၀ ဖြစ်ပါတယ်။

ကမ္ဘာပေါ်တွင် ချင်းအများဆုံးစားသုံးတဲ့ ၁၀ နိုင်ငံမှာ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နီပေါ၊ နိုင်ဂျီးရီးယား၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ ပါကစ္စတန်၊ အမေရိကန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဖြစ်ကြောင်းသိရပါတယ်။

**မော်မော်အောင်**

# ချင်းတန်ချိန် ၃၀၀ကျော်တင်ပို့

ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်းချင်း ၃၆၅ ဒသမ ၀၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အင်ဒိုနီးရှားနိုင်ငံသို့ ၅၃ ဒသမ ၀၁ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၁၉ တန်နဲ့ အိန္ဒိယနိုင်ငံသို့ ၉၆တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က ချင်း ၇၈ တန်သာတင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၈၀ ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့သိရပါတယ်။ ချင်းတစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၃၀၀-၃၃၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ်ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂၀၁၂၁ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**



## ပျားရည်

# မူဆယ်မှ ပျားရည်တင်ပို့မှု ပုံမှန်ရှိ

ဒီဇင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၁၀၀၀တန်ဖိုးရှိ ပျားရည် တန် ၃၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း ၄၅ တန် တင်ပို့ခဲ့တဲ့အတွက် ပျားရည်တင်ပို့မှု ပုံမှန်ရှိနေတာတွေ့ရပါတယ်။

မြန်မာနိုင်ငံအတွင်းရှိ ပျားမွေးမြူသူများအနက် ၅၀ ရာခိုင်နှုန်းခန့်သာ ကျွမ်းကျွမ်းကျင်ကျင် မွေးမြူနိုင်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ပျားရည် ထွက်ရှိမှု မက်ထရစ်တန်ချိန် လေးထောင်ခန့် ထွက်ရှိခဲ့တယ်လို့ ပျားမွေးမြူရေးဦးစီးဌာနမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## နန္နွင်း

# ယခင်သီတင်းပတ်ထက် နန္နွင်းတင်ပို့မှုလျော့

ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း နန္နွင်း၁၁၂ ဒသမ ၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ တန်ချိန် ၁၀၀၊ အာရပ်စော်ဘွားများပြည်ထောင်စုသို့ သုည ဒသမ ၈ တန် နဲ့ ရီမန်နိုင်ငံသို့ ၁၂ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နန္နွင်းတန်ချိန် ၂၆၀ ကျော်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက တန်ချိန် ၁၄၀ ကျော် တင်ပို့မှုလျော့နည်းခဲ့ပါတယ်။ နန္နွင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၈၉၀-၉၂၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နန္နွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၁၄၀၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း**(DOT)

## မန်ကျည်း

# မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ဝင်ငွေရ

ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်းတန်ချိန် ၂၀၀ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်း၅ တန်သာ တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်မှာ မန်ကျည်းတင်ပို့မှုအားကောင်းခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)






# aus;vufa'oxGufukefxGufukefrsm;tm; tVuf&Gepfok&mif0,fzmufum;rI (E-Commerce) enfvrftokjyl aqmif&Gef ukefoGufu@jrSvif&;

**ခင်လေးယု**

ယနေ့ကာလတွင် နည်းပညာ တိုးတက်ပြောင်းလဲမှုများသည် လျင်မြန်စွာဖြစ်ပေါ်လာသည်နှင့်အမျှ စီးပွားရေးလုပ်ဆောင်မှု လမ်းကြောင်းများသည် လျင်မြန်စွာပြောင်းလဲလျက်ရှိပြီး သမားရိုးကျနည်းလမ်းများဖြင့် ကုန်သွယ်မှုပုံစံများအစား နည်းပညာကိုအသုံးပြုသော ကုန်သွယ်မှုလမ်းကြောင်းသစ်များ (E-Commerce) လည်း ပေါ်ထွန်းထွက်ပေါ်လာသည်။ ယင်းနည်းပညာသုံး ကုန်သွယ်မှုလမ်းကြောင်းသစ်များ (E-Commerce) ဖြစ်ပေါ်လာခြင်းကြောင့် ကုန်စည်စီးဆင်းမှုများသည်လည်း ပိုမိုလျင်မြန်လာပြီး ငွေကြေးစီးဆင်းမှုများလည်း သွက်လက်မြန်ဆန်လာသဖြင့် ကမ္ဘာ့ကုန်သွယ်မှုသည် အချိန်နှင့်အမျှ တိုးတက်ဖြစ်ပေါ်လျက်ရှိပါသည်။ နည်းပညာ ပြောင်းလဲဖြစ်ပေါ်လာမှုသည် လူတို့၏လူနေမှုဘဝများကို များစွာသက်ရောက်မှုရှိသကဲ့သို့ မြို့ပြနှင့် ကျေးလက်ဒေသများ၏ လူနေမှုဘဝကွာခြားချက်ကိုလည်း ပိုမိုကျယ်ပြန့်လာစေသည်ဖြစ်ရာ အဆိုပါနည်းပညာကိုပင် အသုံးပြုကာ ကွာခြားချက်များကိုကျဉ်းမြောင်းသွားစေရေး ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသများသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးပါသော ကဏ္ဍတစ်ခုဖြစ်ကာ အဆိုပါ ဒေသများ၏ လူနေမှုဘဝတိုးတက်ရေးသည် နိုင်ငံ၏တိုးတက်မှုပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ စီးပွားရေးအင်အားတောင့်တင်းခိုင်မာရန် ကြိုးပမ်းသောနိုင်ငံများသည် မိမိတို့၏ကျေးလက်ဒေသကို ဖွံ့ဖြိုးတိုးတက်စေရေး အလျင်အမြန်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့စီးပွားရေးတိုးတက်အောင်ဆောင်ရွက်သည့် အခါတွင်လည်း သမားရိုးကျစီးပွားရေးထက် ကုန်သွယ်မှုကိုလျင်မြန်စွာတိုးတက်စေသည့် နည်းပညာသုံးကုန်သွယ်မှု (E-Commerce) ကို လုပ်ဆောင်နိုင်ရေးကို တွန်းအားပေးဆောင်ရွက်နေပါသည်။

နည်းပညာသုံးကုန်သွယ်မှု (E-Commerce)ဆိုသည်မှာ အီလက်ထရွန်းနစ်သုံး ရောင်းဝယ်ဖောက်ကားမှု များကိုဆိုလိုခြင်းပင်ဖြစ်ကာ လတ်တလောမြင်တွေ့နေရသည့် လူမှုကွန်ရက်များတွင် ကုန်ပစ္စည်းများ ကြော်ငြာရောင်းချနေသည်ကို အကြမ်းဖျင်းအားဖြင့် စဉ်းစားကြည့်နိုင်ပါသည်။ သို့ရာတွင် အမှန်တကယ်မှာမူ လူမှုကွန်ရက်များတွင်ရောင်းချနေသည်များမှာ မှန်ကန်သော နည်းလမ်းများဟုမသတ်မှတ်နိုင်ဘဲ အာမခံချက်နည်းပါးသော ရောင်းဝယ်မှုများဖြစ်ကာ ကတိကဝတ်ဖြင့်သာဆောင်ရွက်နေကြခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အမှန်တကယ်တွင်မူ နည်းပညာသုံးကုန်သွယ်မှု(E-Commerce) ဆိုသည်မှာ E-Commerce Platform များဖြစ်ကြသော enterprise၊ website၊ BBS၊ Blog၊ micro blog၊ store၊ network outlet များတွင် ရောင်းချခြင်း၊ အရောင်းမြှင့်တင်မှုများပြုလုပ်ခြင်း စသည့် အင်တာနက်လမ်းကြောင်းကိုအသုံးပြု၍ ရောင်းဝယ်မှုကို လုပ်ဆောင်ခြင်းဟုဆိုနိုင်ပါသည်။ ပြင်ပလောကတွင် ကုန်သွယ်မှုများလုပ်ဆောင်သကဲ့သို့ပင် (E-Commerce) လုပ်ဆောင်သည့်အခါတွင် ဈေးကွက်သုတေသနပြုလုပ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ အင်တာနက် ပလက်ဖောင်းပေါ်သို့ ကုန်စည်များတင်ခြင်း၊ အရောင်းမြှင့်တင်မှုများ ဆောင်ရွက်ခြင်း၊ ငွေပေးငွေယူခြင်းနှင့် ကုန်ပစ္စည်းများကို ဝယ်သူထံအရောက် တင်ပို့နိုင်ရန်စီစဉ်ခြင်းများအတွက် စီမံဆောင်ရွက်ရမည်ဖြစ်ပါသည်။ မတူညီသော ကွာခြားချက်မှာ ကုန်ပစ္စည်းများကို အင်တာနက်ပလက်ဖောင်းများတွင် ဝင်ရောက်ပြသကာ ဝယ်သူထံမှ အမှာစာရရှိစေရန်ကြိုးစားလုပ်ဆောင်ချက်ပင်ဖြစ်ပါသည်။ ကျေးလက်ဒေသမှ တောင်သူလယ်သမားများအဖို့ မိမိတို့၏ထွက်ကုန်ပစ္စည်းများ၊ ထုတ်ကုန်ပစ္စည်းများကို ဝယ်သူစိတ်ဝင်စားစေရန် မိမိနေရာမှပင် နည်းပညာအသုံးပြု၍ ဝယ်ယူလိုသူများထံသို့ ပြသကာဈေးညှိနှိုင်းရောင်းဝယ်မှုများကို ပြုလုပ်စေနိုင်ပါက အဆိုပါကျေးလက်ဒေသများ၏ စီးပွားရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ကာ အလုပ်အကိုင်အခွင့်အလမ်း၊ မိသားစုဝင်ငွေများတိုးတက်လာကာ ရွှေ့ပြောင်းနေထိုင်မှုများကြောင့် ဖြစ်ပေါ်လာသည့် မြို့ပြလူဦးရေပေါက်ကွဲမှုများကိုလည်း တစ်ဖက်တစ်လမ်းမှ လျှော့ကျစေနိုင်မည်ဖြစ်ပါသည်။

ထိုသို့ ကျေးလက်ဒေသများ၏ ထုတ်ကုန်များ၊ ထွက်ကုန်များကို အွန်လိုင်းအသုံးပြု ရောင်းချနိုင်စေရန်အတွက် ကျေးလက်ဒေသများတွင် နည်းပညာအသုံးပြုမှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန်မှာ အရေးပါလှ ပါသည်။ မိမိတို့၏ ကုန်ပစ္စည်းများကို (E-Commerce Platform) တွင် မည်သို့တင်ပြနိုင်မည်၊ ရောင်းချနိုင်မည် စသည့်နည်းလမ်းများ၊ အသုံးပြုပုံများကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးလုပ်ဆောင်ရန်လိုအပ်မည်ဖြစ်ပါသည်။ ထိုလုပ်ဆောင်ချက်များနှင့်အတူ ဆက်စပ်ကဏ္ဍအသီးသီးမှာလည်း တစ်ပြိုင်တည်း တိုးတက်လာရန်မှာ အထူးလိုအပ်လှပါသည်။ (E-Commerce) လုပ်ဆောင်ရာတွင် စိုက်ပျိုးထုတ်လုပ်သည်မှဝယ်ယူသူလက်ထဲသို့ ရောက်ရှိသည့်အဆင့်အထိ ရောက်ရှိရန်မှု ကြားအဆင့်ပေါင်းများစွာမှ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်လှပါသည်။ ကျေးလက်ဒေသရှိ လယ်ယာစိုက်ပျိုးထုတ်လုပ်သူများမှ စံချိန်စံညွှန်းတိကျစွာ စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ချက်ကို ဖြည့်တင်းပေးရမည်ဖြစ်လို့ ရိတ်သိမ်းမှု၊ သိုလှောင်မှု၊ ထုပ်ပိုးမှု အဆင့်ဆင့်တို့ကို သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ တစ်ပြိုင်တည်း ဆောင်ရွက်လုပ်ဆောင်ပေးရမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့်(E-Commerce Platform) ပေါ်သို့ တင်ပို့နိုင်ရေး နည်းပညာရှင်များ၊ မီဒီယာများမှတစ်ဆင့် (E-Commerce) လမ်းကြောင်းပေါ်ရောက်ရှိကာ ဝယ်ယူလိုသူများထံသို့ အရောက်ပို့ဆောင်ပေးမည့် သယ်ယူပို့ဆောင်သူများကဏ္ဍမှ အဆင်ပြေချောမွေ့စွာ အချိန်မီရောက်ရှိရေးကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ငွေပေးချေမှုအတွက် (E-Banking) ဖြင့် လျင်မြန်စွာ ဆောင်ရွက်ရမည်ဖြစ်သလို အငြင်းပွားမှုများအတွက်လည်းသက်ဆိုင်ရာဌာနများမှ တာဝန်ယူဖြေရှင်းပေးရန် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများကို ခိုင်မာစွာချမှတ်နိုင်ရေးသည်လည်း အရေးပါလှပါသည်။

E-Commerce ကိုလေ့လာကြည့်ပါက online mall၊ consumer၊ porduct၊ logistics ဟူ၍ အပိုင်းလေးပိုင်းရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ အသုံးပြုနိုင်သည့်နည်းလမ်းများမှာမူ B2B ( Business to Business)၊ B2C (Business to Customer)၊ C2C (Customer to Consumer)၊ B2M (Business to Marketing)၊ M2C ( Manufacture to Consumer)၊ O2O (Online to Offline) ဟူ၍ဖြစ်သည်ကိုလည်း တွေ့ရှိရပါသည်။ E-Commerce ကို ဆက်လက်လေ့လာရာတွင် E-Commerce နှင့် Rural E-Commerce ဟူ၍ တွေ့ရှိနိုင်ပြီး Rural E-Commerce ဆို သည်မှာ ကျေးလက်ဒေသများတွင် Service network များကို ထိ ရောက်စွာချိတ်ဆက်ခြင်း၊ ဒေသမှထွက်ရှိသော ထွက်ကုန်ထုတ်ကုန်ပစ္စည်းများကို network မှတစ်ဆင့် ဈေးကွက်ရှာဖွေခြင်း၊ အရောင်းမြှင့်တင်မှုများ လုပ်ဆောင်ခြင်းနှင့် ချိတ်ဆက်ရောင်းချနိုင်ရန် လုပ်ဆောင်ခြင်းများမှတစ်ဆင့် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ဈေးကွက်သို့ ချိတ်ဆက်ရောင်းချနိုင်ရန် ကြိုးစားခြင်းတို့ကြောင့် ကျေးလက်ဒေသများတွင် ကုန်ကျမှုစရိတ်များ လျှော့ချနိုင်ခြင်း၊ ကျေးလက်ဒေသထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်များ ကျယ်ပြန့်လာခြင်းဖြစ်ပါသည်။ အဆိုပါ network Platform များကို ကျေးလက်ဒေသနေ ပြည်သူများ အသုံးပြုခြင်းမှတစ်ဆင့် သတင်းအချက်အလက်များ အလွယ်တကူရရှိစေသဖြင့် စီးပွားရေးအကျိုးအမြတ်များကို ပိုမိုရရှိလာစေမည်လည်း ဖြစ်ပါသည်။

နိုင်ငံအများစုတွင် Rural E-Commerce အတွက် B2B (Business to Business)၊ B2C (Business to Customer)၊ C2C (Customer to Consumer) နည်းလမ်းများကို အများဆုံးအသုံးပြုလျက်ရှိပါသည်။ ကျေးလက်ဒေသထွက်ကုန်ပစ္စည်းများကို စိုက်ပျိုးထုတ်လုပ်သူများမှသော်လည်းကောင်း၊ လက်လီလက်ကားရောင်းချသူများမှသော်လည်းကောင်း network မှတစ်ဆင့် ကြော်ငြာရောင်းချခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ စီမံကိန်းချမှတ်ခြင်းနှင့် ဈေးကွက်သုတေသနလုပ်မှုများကို ဆောင်ရွက်၍ သယ်ယူထောက်ပံ့ပို့ဆောင်မှုကဏ္ဍများမှလည်း အရှိန်အဟုန်မြှင့် လုပ်ဆောင်နေပါသည်။ ထို့ပြင် ခိုင်မာသောမူဝါဒများကို ချမှတ်ဆောင်ရွက်ကာ ကျေးလက်ဒေသပြည်သူများအား ပညာပေးမှုများကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်ကာ E-Commerce ကိုပီပြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။ ပြည်တွင်းချိတ်ဆက်ရောင်းဝယ်မှုများကို အရှိန်အဟုန်မြှင့်တင်ရန်အတွက် ပြည်တွင်း network Plat- form များမှတစ်ဆင့် လုပ်ဆောင်နေသလို နိုင်ငံတကာတွင်ထင်ရှားလှသော network Platform များတွင်ပါ ဈေးကွက်တင်ရောင်းဝယ်ရန်လည်း ပြင်ဆင်ကြိုးပမ်းလျက်လည်းရှိနေပါသည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် Rural E-Commerce ကိုအောင်မြင်စွာ အကောင်အထည်ဖော်လျက်ရှိပါသည်။ ထိုသို့အကောင်အထည်ဖော်ရာတွင် အဆင့်(၇)ဆင့်သတ်မှတ်ထားကာ ပထမအဆင့်(၁) ကာလမှာ (၁၉၉၈) ခုနှစ် မှ (၂၀၀၄) ခုနှစ် အထိဖြစ်ပြီး ဝါနှင့် လယ်ယာထွက်အစေ့အဆန် သီးနှံများကို အင်တာနက်မှရောင်းဝယ်မှု (network Platform)ဖြင့် အဓိကပစ်မှတ်ထားရောင်းချခဲ့ပြီး ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အဆင့်(၂) ကာလအဖြစ် လတ်ဆတ်သော လယ်ယာထွက်သီးနှံများ ရောင်းချမှုကို network Platform ဖြင့်လုပ်ဆောင်ခဲ့ကြသည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်းတွင်မူ လယ်ယာထွက်ကုန်ပစ္စည်းများကို အွန်လိုင်း ကုန်ပစ္စည်းအမှတ်တံဆိပ် (Online Brand) များ တည်ထောင်နိုင်ရန်အတွက် အဆင့်(၃)အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ကာ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင်မူ အဆင့်(၄) အဖြစ် အွန်လိုင်း ကုန်အမှတ်တံဆိပ်ရရှိလာသော လယ်ယာထွက်ကုန်များကို B2B ( Business to Business)၊ B2C (Business to Customer)၊ C2C (Customer to Consumer) နှင့် O2O (Online to Offline) နည်းလမ်းများအသုံးပြုသော အွန်လိုင်းကုန် သွယ်မှုကို လုပ်ဆောင်ခဲ့ကြသည်။ ၂၀၁၄ ခုနှစ်တွင် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများရရှိရေးကို အဆင့် (၅)အဖြစ်ဆောင်ရွက်ခဲ့ကာ ၂၀၁၅ ခုနှစ်တွင် အဆင့်(၆) အဖြစ်လုပ်ငန်းအသေးများကို စုပေါင်းပြီးလုပ်ငန်းကြီးများဖြင့် ပူးပေါင်းဆောင်ရွက်ကာ ကုန်ချောထုတ်လုပ်သည့် စက်ရုံအလုပ်ရုံများဖြင့်ပါ ပူးပေါင်းပါဝင်သည့် လုပ်ငန်းကြီးများပေါ် ပေါက်လာစေရန် ဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၆ ခုနှစ်မှ ယနေ့ကာလ အထိတွင်မူ ကျေးလက်ဒေသတွင် နည်းပညာအသုံးပြုကုန်သွယ်မှုများကို ပိုမိုထွန်းကားလာစေရန်နှင့် ဆက်လက်တိုးတက်လာစေရန် အရှိန်အဟုန်မြှင့်လုပ်ဆောင်ခြင်းကို အဆင့်(၇)အဖြစ် လုပ်ဆောင်လျက်ရှိနေပါသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ Rural E-Commerce အောင် မြင်စေရန်ကြိုးစားမှုကို သုံးသပ်ကြည့်ပါက စနစ်တကျ စီမံကိန်းချမှတ်ခြင်း၊ တိကျသော ထွက်ကုန်ပစ္စည်းများကို ကာလအလိုက်သတ်မှတ်ခြင်း၊ ယုံကြည်စိတ်ချရသော ကုန်ပစ္စည်းအမှတ်တံဆိပ်တစ်ခုဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်ပြီးမှ စံနည်းလမ်းများကို အသုံးပြုကာ အွန်လိုင်းဈေးကွက်ကို ထိုးဖောက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခြင်း၊ လုပ်ငန်းများပူးပေါင်းခြင်းနှင့် အရှိန်အဟုန်မြှင့်တင်ခြင်းများကို စနစ်တကျ ဆောင်ရွက်နေသည်ကို ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ထိုသို့ လုပ်ဆောင်ရာတွင် ကနဦးပိုင်းတွင်အောင်မြင်မှုအခြေအနေမှာ အားယူသည့်အနေဖြင့် အနည်းငယ်နိမ့်ကျသွားခဲ့ပြီး နောက်ပိုင်းကာလများတွင် တစ်ရှိန်ထိုးအောင်မြင်ခဲ့သည်ကိုလည်း အောက်ပါအတိုင်း တွေ့မြင်ရပါသည်။

**စာမျက်နှာ ၂၀ သို့**

## ဒီတစ်ပတ် ခတ်ဆီ၊ ဒီဇယ်တန်ချိန် ၁၂၀၀၀၀ကျော်ဝင်

ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅၁၈၄၇၂၃ တန်ဖိုးရှိ ဒီဇယ် ၆၃၉၈၅ ဒသမ ၆၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၈၂၅၆၉၅၆ တန်ဖိုးရှိခတ်ဆီ ၆၂၀၄၆ ဒသမ ၉၃ တန်၊ စုစုပေါင်း ၁၂၆၀၃၂ဒသမ ၆၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန်မှာ ၂၁၉၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၂၀၅၀ကျော်ပိုမိုတင်သွင်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခတ်ဆီတန်ချိန် ၃၇၆၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၄၃၉၀ ကျော် ပိုမိုတင်သွင်းခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရော ခတ်ဆီပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၆၁၃ တန်ဖိုးရှိအဆင့်မြင့်ဒီဇယ် ၈၆၈ ဒသမ ၃၄၉ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

## မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဒီဇင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၃၅ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၃၀၈၃ တန်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၂၅၈၆ တန်နဲ့ နှိုင်းယှဉ်ပါက ၄၉၇ တန် ပိုမိုခဲ့ပြီး တန်ဖိုးအားဖြင့်လည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၈၃၁ သန်း ပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ကဏန်း၊ ငါးရှဉ့်၊ ငါးမှုန့်၊ ငါးမျိုးစုံ၊ ငါးလေးခြောက်၊ ကင်းမွန်ခြောက်၊ ပုဇွန်ခြောက်နဲ့ပုဇွန်ဖွဲ့တင်ပို့မှု ပိုမိုခဲ့ခြင်းကြောင့် တန်ချိန်ရော တန်ဖိုးပါ ပိုမိုရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံဈေးအနေဖြင့် ကဏန်းတစ်တန်လျှင် ယခင်တစ်ပတ်က ယွမ် ၆၈၇၅၀ ရှိရာမှ ဒီဇင်ဘာ ၈ ရက်မှ ၁၄ ရက်အတွင်း ၆၆၆၆၇ ယွမ်သို့ ဈေးအနည်းငယ်ကျဆင်းခဲ့ပြီး ငါးရှဉ့်တစ်တန်လျှင် ယွမ် ၂၅၀၀၀ မှ ယွမ် ၃၈၀၀၀ သို့ဈေးမြင့်တက်ခဲ့ကြောင်း မူဆယ်ရေထွက်ကုန်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## တရုတ်နိုင်ငံသို့ ပဲရဆေးကုန်ကြမ်း လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဒီဇင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂၅ သန်း တန်ဖိုးရှိပရဆေးကုန်ကြမ်းအမယ် ၁၇ မျိုးကို တန်ချိန်အားဖြင့် ၇၃၈ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန်ချိန် ၈၉၀ ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၅၂ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ ဝဥခြောက်၊ ဆီးသီးခြောက်၊ ဆီးဆန်၊ ဆီးဖတ်၊ မိချောင်းကွမ်းဖတ်စေ့၊ သီဟိုဠ်စေ့၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ ကြောင်ပန်းစေ့၊ ပျားရည်၊ ကြံသကာ ၊ တောချင်း၊ နန္ဒင်းတက်၊ တောင်တန်း၊ ရွှေးရွက်နဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ/မပါ) တို့ဖြစ်ပါသည်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၇၇၅၀ တန်ဖိုးရှိ ဝဥခြောက် ၁၅ တန်ကို အဆိုပါ သီတင်းပတ်အတွင်း တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## Energy NYMEX 21-12-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 46.26 | 0.38 | 0.83 |
| Brent Crude Futr (USD/bbl) | 54.79 | 0.44 | 0.81 |
| Gasoline Rbob Fut (Cent/gal) | 133.42 | 1.18 | 0.89 |
| Natural Gas Futr (USD/MMBtu) | 3.66 | 0.08 | 2.09 |
| Heating Oil Futr (Cent/gal) | 175.60 | 0.63 | 0.36 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 17-December | 14.53 | 2636.43 | 1914.17 | 6150.26 | 782.00 |
| 18-December | 14.64 | 2611.30 | 1929.38 | 6106.40 | 787.00 |
| 19-December | 14.65 | 2571.41 | 1925.19 | 6025.96 | 791.00 |
| 20-December | 14.55 | 2581.55 | 1919.90 | 5963.58 | 784.00 |
| 21-December | 14.72 | 2604.90 | 1930.70 | 6003.04 | 791.00 |

## ပြည်တွင်းရွှေဈေး ဆက်လက်မြင့်တက်ခဲ့တဲ့ ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးနှုန်းသည် ယခုရက်သတ္တပတ်အတွင်း ဈေးဆက်လက်မြင့်တက်ခဲ့ကြောင်း သတင်းရရှိသည်။ ဒီဇင်ဘာဒုတိယပတ်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၃၆၀၀၀ရှိခဲ့ရာမှဒီဇင်ဘာတတိယပတ်တွင် ကျပ်၁၀၃၉၅၀၀ သို့ထပ်မံမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ပြည်တွင်းရွှေဈေးထပ်တက်တယ်။ ဘယ်လောက်တောင်လဲဆိုရင် ကျပ် ၁၀၄၀၀၀၀လောက်အထိကိုတက်သွားတာ။ ပြည်တွင်းဒေါ်လာကလည်းဈေးအနည်းငယ်ကျသွားသလို တစ်ဖက်ကလည်း ကမ္ဘာ့ရွှေဈေးကလည်း တော်တော်ဈေးတက်သွားတယ်။ အမေရိကန် စတော့ဈေးတွေထိုးကျနေလို့ လာမယ့် ရက်သတ္တပတ်တွေမှာလည်း ကမ္ဘာ့ရွှေဈေးက အတက်ပဲပြနေလိမ့်ဦးမယ်။ အမေရိကန်-တရုတ်ကုန်သွယ်ရေး တင်းမာမှုကလည်း အဆင်ပြေမယ့်ပုံမရှိသေးဘူးလေ"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဒီဇင်ဘာ ၁၇ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၃၇၀၀၀ရှိခဲ့ရာမှ ဒီဇင် ဘာ ၁၉ရက်တွင် ကျပ် ၁၀၃၈၅၀၀သို့ မြင့်တက်ခဲ့ပြီး ဒီဇင်ဘာ၁၄ရက်တွင်ကျပ် ၁၀၃၉၅၀၀ သို့ရောက်ရှိခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဒီဇင်ဘာ ၁၇ရက်က ရွှေတစ်အောင်စလျှင် ၁၂၃၈ အမေရိကန်ဒေါ်လာရှိခဲ့ရာမှဒီဇင်ဘာ ၁၉ရက်တွင် တစ်အောင်စလျှင်၁၂၄၉အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး ဒီဇင်ဘာ၂၁ရက်တွင် တစ်အောင်စလျှင် ၁၂၆၂ အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့ရာ ယခုလအတွင်း အမြင့်ဆုံးဈေးအဖြစ် စံချိန်တင်ခဲ့ကြောင်းသိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းငွေလဲနှုန်းလည်း ဈေးအနည်းငယ်ကျလာ

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်းအနည်းငယ်ကျဆင်းလာကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၈၁ကျပ်မှ ၁၅၇၀ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

ယခုရက်သတ္တပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း၊ ယခုလအတွင်း ငွေကြေးဈေးကွက်ရှိ အမေရိကန်ဒေါ်လာအများအပြားကို ဗဟိုဘဏ်မှဝယ်ယူခဲ့ခြင်းနှင့် ကျပ်တစ်သောင်းတန်ငွေစက္ကူအတုများ ဖမ်းဆီးရရှိမှုများအပေါ် ဗဟိုဘဏ်မှဆောင် ရွက်မည့်လုပ်ငန်းကို ဥပဒေပြုလွှတ်တော်မှမေးမြန်းမှုများရှိလာခြင်း၊ တန်ဖိုးအမြင့်ဆုံးမြန်မာငွေစက္ကူအားအတုအပပြုလုပ်မှုများအပေါ် အများပြည်သူမှစိုးရိမ်စိတ် မြင့်မားနေခြင်းတို့ကြောင့် ပြည်တွင်းငွေကြေးဈေးကွက်ကို ရိုက်ခတ်မှုရှိပြီး ငွေလဲနှုန်းအပေါ်သက်ရောက်မှုရှိခဲ့ကြောင်း၊ ထို့ပြင် ငွေစက္ကူအတုများကြောင့် ကျပ်ငွေတန်ဖိုးကျဆင်းခြင်း၊ စီးပွားရေးလုပ်ငန်းများအပေါ် ဆိုးကျိုးသက်ရောက်မှုရှိခြင်းတို့ကြောင့် အစိုးရတာဝန်ရှိသူများအနေဖြင့် ယခုပြဿနာကို လျင်မြန်စွာ ဖြေရှင်းပေးနိုင်ရန်လိုအပ်နေပြီဖြစ်ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဒီဇင်ဘာ ၁၇ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၇၀ကျပ်၊ ဝယ်ဈေး ၁၅၆၃ကျပ်မှ ဒီဇင်ဘာ၁၉ရက်တွင် ရောင်းဈေး ၁၅၆၃ကျပ်၊ဝယ်ဈေး ၁၅၅၇ကျပ်သို့ကျဆင်းခဲ့သလို ဒီဇင်ဘာ ၂၁ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၅၅၈ကျပ်၊ ဝယ်ဈေး ၁၅၅၂ကျပ်သို့ ထပ်မံကျဆင်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Stock Investment for your Future ဟောပြောပွဲပြုလုပ်

Myanmar Securities Exchange Centre Co.,Ltdမှစီစဉ်သော " Stock Investment for your Future" ဟောပြောပွဲကို ဒီဇင်ဘာ ၁၅ ရက်က ရန်ကုန်မြို့၊ Pullman Yangon Centrepoint Hotel ၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ ဟောပြောပွဲတွင် Diawa မှSenior Managing Director ဖြစ်သူ Mr.Tsutomu Kobayashiက Introduction to Diawaခေါင်းစဉ်ဖြင့် လည်းကောင်း၊ MSEC၏Managing Director ဖြစ်သူ Mr.Takashi Ya-maguchiက Introduction to MSEC ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Diawaမှ Manag-ing Director ဖြစ်သူ Mr.Makoto Akasakaက Overview of Stock Market in Myanmarခေါင်းစဉ်ဖြင့်လည်းကောင်း၊ FMI Co.,Ltd မှ Chief Operation Officerဖြစ်သူ ဦးထွန်းထွန်းက FMI`s Businesses ခေါင်းစဉ်ဖြင့်လည်းကောင်း၊ MSEC မှ SeniorExecutive ဒေါ်ရည်မွန်နေဝင်း Mr.Tsutomu Kobayashi က Trading Procedure and Securities Account Opening ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်လိုသူများကို One Stop Serviceဖြင့် ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

December 21, 2018
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.41 |
| BDT | Bangladesh Taka | 83.96 |
| CAD | Canada Dollars | 1.35 |
| CNY | China Yuan Renminbi | 6.89 |
| EUR | Euro | 0.87 |
| H KD | Hong Kong Dollars | 7.83 |
| I NR | India Rupees | 69.95 |
| I DR | Indonesia Rupiahs | 14498.87 |
| JPY | Japan Yen | 111.42 |
| MYR | Malaysia | 4.18 |
| PKR | Pakistan Rupees | 138.99 |
| PHP | Philippines Pesos | 53.01 |
| RUB | Russia Rubles | 68.13 |
| SGD | Singapore Dollars | 1.37 |
| KRW | South Korea Won | 1123.16 |
| LKR | Sri Lanka Rupe | 181.23 |
| THB | Thailand Baht | 32.68 |
| GBP | United Kingdom Pounds | 0.79 |
| VND | VietnamDon | 23282.83 |

*Source:xe.com*

## World Gold Price

December-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 17 | 1309 | 1238 | 1238 |
| 18 | 1249 | 1248 | 1247 |
| 19 | 1253 | 1251 | 1250 |
| 20 | 1249 | 1246 | 1247 |
| 21 | 1263 | 1262 | 1262 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 17-12- 2018 | 1036.00 | 1035.00 |
| 18-12- 2018 | 1039.50 | 1038.50 |
| 19-12- 2018 | 1038.50 | 1037.50 |
| 20-12- 2018 | 1037.00 | 1036.50 |
| 21-12- 2018 | 1040.50 | 1040.70 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 17 | 6.89 | 32.81 | 83.75 | 71.74 |
| 18 | 6.89 | 32.75 | 83.89 | 71.19 |
| 19 | 6.89 | 32.69 | 83.93 | 70.14 |
| 20 | 6.91 | 32.78 | 83.98 | 70.30 |
| 21 | 6.89 | 32.68 | 83.96 | 69.95 |

## ဘိုလပ်မြေ

# ဒီတစ်ပတ် ဘိလပ်မြေ ၂၅ တန်သာဝင်

ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၇၅၀တန်ဖိုးရှိ ဘိလပ်မြေ ၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှသာတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၆၆၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၃၀ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဒီဇင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၆၇၆၀ တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာတန်ချိန် ၆၃၅၀တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်မြန်မာက ကျပ် ၁၅၀ ဈေးမြင့်ကာကြံ့(မြန်မာ-လက်သစ်)က ကျပ်၅၀ ဈေးကျကာ ကျန်ဘိလပ်မြေများက ယခင်တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၀၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်)ကျပ် ၄၇၅၀၊ ကြံ့နှစ်ကောင်(အနီ) ကျပ်၄၇၀၀၊ ကြံ့နှစ်ကောင်(အစိမ်း) ကျပ် ၄၄၀၀၊ စိန်(ထိုင်း) ကျပ်၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကြံ့နှစ်ကောင်ဘိလပ်မြေက ကျပ် ၂၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၄၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၇၀၀၊ အယ်လ်ဖာ ကျပ် ၄၄၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ ဒီတစ်ပတ်အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဈေးအနည်းငယ်ကျခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ်၄၉၀၀၊ ကြံ့ကျပ် ၄၈၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ် ၄၇၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၄၃၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်အပါချီနဲ့ ကမ္ဘောဇဘိလပ်မြေ ကျပ် ၁၀၀ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ နဂါးဘိလပ်မြေက ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၃၉၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# နိုင်ငံစုံမှ မြေသြဇာတန်ချိန် ၂၀၀၀၀ နီးပါးဝင်

ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၅၅၇၁၆၀ တန်ဖိုးရှိ မြေသြဇာ ၁၉၆၀၆ ဒသမ ၂၂၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၃၉၆ ဒသမ ၈၂၆ တန်၊ ဂျာမနီနိုင်ငံမှ ၅၁၃ တန်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၅၀၊ အီရန်နိုင်ငံမှတန်ချိန်၅၀၀၊ အီတလီနိုင်ငံမှ ၃၁၄ ဒသမ ၈၀ တန်၊ ကိုရီးယားနိုင်ငံမှ ၄၈၇၂ ဒသမ ၃၀ တန်၊ မလေးရှားနိုင်ငံမှ ၉၉၆၀ ဒသမ ၃၉ တန်၊ နယ်သာလန်နိုင်ငံမှ ၉၂ ဒသမ ၉၂ တန်၊ နော်ဝေနိုင်ငံမှ ၂၀၃ဒသမ ၅၃၅ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၁၀၀၈ ဒသမ ၀၈တန်၊ ထိုင်းနိုင်ငံမှ ၄၈၄ ဒသမ ၃၇ တန်နဲ့ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၁၄၆၁၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၄၉၉၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း(၂၀း၁၀း၁၀)၊ ယူရီးယား၄၆%၊ အမိုင်နိုအက်ဆစ်(အရည်)၊ အော်ဂဲနစ်၊ အာမိုနဲ့ဖလော်ရာတို့ဖြစ်ပါတယ်။

# မော်လမြိုင်မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဒီဇင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၈၁၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၁၂၂၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၅၈၆၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။

ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မကွေးနဲ့တောင်ကြီးမှာ အရောင်းပုံမှန်ရှိပြီး မန္တလေးမှာ အရောင်းပါးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုလဲအသေး(ရွှေတောင်)က ကျပ် ၁၀၀၀၊ ကွန်ပေါင်း(ရွှေကောမတ်) (ထိုင်း) ကျပ် ၁၅၀၀နဲ့ ကွန်ပေါင်း (၁၆း၁၆း၈)က ကျပ်၅၀၀ ဈေးကျခဲ့ပြီး ပုလဲ-မြန်မာ(အမ်ပီအီး)က ကျပ် ၅၀၀ ဈေးမြင့်ကာ ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၃၃၀၀၀၊ ပုလဲ-အကြီး(ထိုင်း) (မြင်းပျံ)ကျပ် ၃၂၀၀၀၊ ပုလဲ-အကြီး(မြန်မာ-အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ကွန်ပေါင်း (ရွှေကောမတ်) (ထိုင်း)ကျပ် ၄၁၅၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ်၅၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၂၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၆၀၀၀၊တီစူပါ ၁၆% (မြွားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ**အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ဒီတစ်ပတ် တီစူပါ ၂၀%ကကျပ် ၃၀၀၊ ပိုတက်နဲ့တီစူပါ(၁၅း၁၅း၁၅)က ကျပ် ၁၀၀၀၊ရွက်ဖြန်းက ကျပ် ၅၀၀ ဈေးမြင့်ခဲ့ပြီး တီစူပါ (၁၀း၁၀း၅)က ကျပ် ၇၀၀ ဈေးကျကာ ကျန်မြေသြဇာများက ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ(ကမ္ဘာလုံး-တရုတ်) ကျပ် ၃၂၀၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၃၁၅၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ်၃၁၅၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၃၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၁၀၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်)ကျပ်၁၈၈၀၀၊ဓာတ်ဆား(တရုတ်)ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ်၃၂၀၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၉၅၀၀၊ မြွားကမ္ဘာကျပ် ၁၉၀၀၀၊ရွက်ဖျန်း ကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၅၅၀၀ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ယခင်တစ်ပတ်က အရောင်းသွက်တဲ့မြေသြဇာက ဒီတစ်ပတ်မှာ ပုံမှန်အရောင်းအဝယ်သာရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မြေသြဇာဈေးနှုန်းက အတက်အကျမရှိငြိမ်နေတယ်လို့သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၉၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၉၀၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၃၀၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၃၀၀၀၀၊ ဇာမနီကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ မြွားကမ္ဘာ (၁၅း၇း၈)ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၄၂၀၀၊ တောင်သူမ ကျပ် ၁၈၆၀၀ ၊ တက်တိုး ကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၂၄၀၂၅ တန်ဖိုးရှိ နို့ဆီ ၅၆၆ ဒသမ ၁၃၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ၃၄၇ဒသမ ၂၅၆တန်နဲ့ စင်ကာပူနိုင်ငံမှ ၂၁၈ ဒသမ ၈၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၇၀၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန်၁၃၀ကျော်တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် အမေရိကန်ဒေါ်လာ ၁၁၃၈၉၄၂ တန်ဖိုးရှိ နို့မှုန့် ၄၀၀ ဒသမ ၁၃၃ တန်ကိုလည်း တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့နိုင်ငံမှာ နယူးဇီလန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က နို့မှုန့်တန်ချိန် ၄၀ ကျော်သာ တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၅၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၁၂ မှ ၁၄/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၁၂ မှ ၇/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၇·၀၀ | ၂·၉၆ | (+) | ၃၄·၀၄ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၅၅၀၀·၀၀ | ၃၀၅၀·၀၀ | (+) | ၂၄၅၀·၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၀·၀၀ | - | (+) | ၅၀·၀၀ |
| ၈။ | မြိတ် | ၁၁၇၅·၀၀ | ၃၃၀၀·၀၀ | (-) | ၂၁၂၅·၀၀ |
| | စုစုပေါင်း | ၆၇၆၂·၀၀ | ၆၃၅၂·၉၆ | (+) | ၄၀၉·၀၄ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၁၂ မှ ၁၄/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၁၂ မှ ၇/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၂၁၃·၇၇ | ၃၈၄၈·၇၅ | (+) | ၁၃၆၅·၀၂ |
| ၂။ | လွယ်ဂျယ် | ၇၂·၀၀ | ၁၆၆·၅၀ | (-) | ၉၄·၅၀ |
| ၃။ | ချင်းရွှေဟော် | ၅၈၆၈·၅၀ | ၅၃၁၆·၈၅ | (+) | ၄၃၄·၁၅ |
| ၄။ | ကန်ပိုက်တီ | ၂၀၉·၀၀ | ၆၅၆·၀၀ | (-) | ၃၆၇·၀၀ |
| ၅။ | မြဝတီ | ၁၉၂၈·၇၂ | ၂၂၂၂·၉၅ | (-) | ၂၉၄·၂၃ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | ၃၂၃·၀၀ | - | (+) | ၃၂၃·၀၀ |
| ၈။ | ရိုဒ် | ၄၃၈၀·၀၀ | - | (+) | ၄၃၈၀·၀၀ |
| ၉။ | တမူး | ၃၀·၀၀ | ၃၀·၀၀ | | - |
| | စုစုပေါင်း | ၁၈၁၀၄·၉၉ | ၁၂၂၄၁·၀၅ | (+) | ၅၈၆၃·၉၄ |

ခင်မိုးသူ




# မြန်မာနိုင်ငံနေ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး Trade Volume တိုးတက်မြင့်မားလာစေရေးအတွက် Rural E-Commerce Development Workshopကျင်းပ

မြန်မာနိုင်ငံနေ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး Trade Volume တိုးတက် မြင့်မားလာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ကျေးလက်ဒေသအီလက်ထရွန်းနစ် ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ (Rural E- Commerce Development Workshop)ကို ၂၀၁၈ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်မှ ၁၉ ရက်အထိ နှစ်ရက်တိုင် ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်)၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဦးတင်လတ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ E- Commerce နှင့် ပတ်သက်သော သိမှတ်ဖွယ်ရာများ၊ E- Commerce နှင့် Rural E-Commerce အကြောင်း သိကောင်းစရာများ၊ မူဝါဒဆိုင်ရာချမှတ်ဆောင်ရွက်မှုများ၊ ဆက်စပ်ဆောင်ရွက်ရန် လိုအပ်သော ကဏ္ဍအသီးသီးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်အချက်များနှင့် နယ်စပ်ကုန်သွယ်ရာတွင် E-Commerceနှင့်ဆောင်ရွက်မှုဆိုင်ရာ သိမှတ်ဖွယ်ရာများကို တာဝန်ရှိသူများမှ အသီးသီး ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက် E-Commerce စတင်ဆောင်ရွက်ရာတွင် သိရှိရမည့်အချက်များကို ဆွေးနွေးပြောကြားပြီး ဆွေးနွေးပွဲတက်ရောက်လာသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သည့် ပရောဂျက်များလုပ်ဆောင်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို E- Commerce လုပ်ငန်း၏ အရေးပါပုံ၊ တာဝန်ခံဆောင်ရွက်လျက်ရှိသော ဌာနဆိုင်ရာများ၏ လုပ်ဆောင်မှုအခြေအနေများ၊ လုပ်ငန်းရှင်များအား မိမိတို့၏ထွက်ကုန်များကို အပြည်ပြည်ဆိုင်ရာ ဈေးကွက်သို့ အွန်လိုင်းမှတစ်ဆင့် ရောက်ရှိပြသရောင်းချနိုင်ရေးတို့ကို သက်ဆိုင်ရာပညာရှင်များမှ အသီးသီးဆွေးနွေးခဲ့မှုများအရ ကျယ်ပြန့်စွာသိရှိစေရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပြီး အစည်း အဝေးသို့ အစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အသေး စားနှင့်အလတ်စားလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ နည်းပညာဆိုင်ရာပညာရှင်များ၊ NGO များနှင့် Logistics လုပ်ငန်းရှင်များလည်း ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကြည်သာသစ်နိုင်

# ကယားပြည်နယ်၊ လွိုင်ကော်မြို့ စားသုံးသူရေးရာဦးစီးဌာန ကန္တရဝတီခန်းမ၌ ဇဟိုသောက်ရေသန့်လုပ်ငန်းရှင်များအသင်းနှင့် ကယားပြည်နယ် သောက်ရေသန့်အစုအဖွဲ့ တွေ့ဆုံခြင်းအခမ်းအနားကျင်းပ

လွိုင်ကော်မြို့ စားသုံးသူရေးရာဦးစီးဌာန ကန္တရဝတီခန်းမတွင် ဇဟိုသောက်ရေသန့်လုပ်ငန်းရှင်များအသင်းနှင့် ကယားပြည်နယ် သောက်ရေသန့်လုပ်ငန်းရှင်များ အစုအဖွဲ့တို့ တွေ့ဆုံခြင်းအခမ်းအနားကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ရာ ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ဇဟို သောက်ရေသန့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကယားပြည်နယ် သောက်ရေသန့်လုပ်ငန်းရှင်များ အစုအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ စုစုပေါင်း ၂၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးက စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် ကွင်းဆင်းစစ်ဆေးမှုများတွင် ကယားပြည်နယ်အတွင်း သောက်ရေသန့်ထုတ်လုပ်မှုလုပ်ငန်းများတွင် လိုအပ်ချက်များရှိနေသေးပါကြောင်း၊ ကယားပြည်နယ် သောက်ရေသန့်လုပ်ငန်းရှင်များ အစုအဖွဲ့အနေဖြင့် သောက်ရေသန့် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်နှင့်စပ်လျဉ်းပြီး ဇဟိုသောက်ရေသန့်လုပ်ငန်းရှင်များအသင်းနှင့် ချိတ်ဆက်ဆောင်ရွက်သင့်ပါကြောင်း၊ စားသုံးသူရေးရာလုပ်ငန်းများကို စေတနာထားဆောင်ရွက်ပါက ကုသိုလ်များစွာရပြီး စားသုံးသူပြည်သူများအတွက်လည်း ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းအောင် ကာကွယ်ပေးခြင်းကြောင်း၊ မိမိတို့ဌာနအနေဖြင့်လည်း စားသုံးသူပြည်သူများသို့ သတင်းအချက်အလက်များပံ့ပိုးပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲများဆောင်ရွက်ပေးနေသကဲ့သို့လုပ်ငန်းရှင်များကိုလည်း အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးနေပါကြောင်း၊ ထို့အပြင် အစုအဖွဲ့များစုဖွဲ့ခြင်း၏ အကျိုးကျေးဇူးများ၊ အားသာချက်များကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဇဟိုသောက်ရေသန့်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက လက်ရှိအနေအထားများအရ သောက်ရေသန့်ထုတ်လုပ်မှုများမှာ GMP စနစ်နှင့်အညီ ထုတ်လုပ်နိုင်အောင်ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ထုတ်လုပ်ရေးတာဝန်ရှိသူများအနေဖြင့်လည်း ဝန်ထမ်းများအား လိုအပ်သော အကာအကွယ်ပစ္စည်းအစုံအလင်ဝတ်ဆင်လုပ်ကိုင်စေရန် စည်းကမ်းချက်များသတ်မှတ်ပေးရန် လိုအပ်ကြောင်း၊ လိုအပ်ပါက ဇဟိုအနေဖြင့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးစေလိုကြောင်း၊ FDA မှ ပြဋ္ဌာန်းထားသော လုပ်ငန်းအဆင့်ဆင့်သတ်မှတ်ချက်များကို လိုက်နာသွားရန် လိုအပ်ကြောင်း၊ အနာဂတ်ကာလတွင် ဇဟိုသောက်ရေသန့်လုပ်ငန်းရှင်များအနေဖြင့် FDA ၊ သက်ဆိုင်ရာဌာနတို့ဖြင့်ပူးပေါင်းပြီး တရားမဝင် သောက်ရေသန့်ထုတ်လုပ်နေမှုများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများမှ တွေ့ကြုံရသော အခက်အခဲများကို အပြန်အလှန် ဝိုင်းဝန်းဖြေရှင်းသွားကြရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

ဖြိုးဝေအောင်(လွိုင်ကော်)

## ပြည်တွင်းဆီဈေးနှုန်းများ (၂၁-၁၂-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၀၀၀ | ၇၅၀၀ | △ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၃၀၀ | ၆၀၀၀ | ▽ | ၇၅၀၀ | ၇၃၀၀ | ▽ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၅၂၀၀ | ၅၂၀၀ | □ | ၅၃၀၀ | ၅၃၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၁-၁၂-၂၀၁၈ US$/Ton

| အမျိုးအစား | ဒီဇင်ဘာဒုတိယပတ် | ဒီဇင်ဘာတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၆၅.၀၀ | ၄၇၆.၀၀ | △ |
| RBD P.Olein | ၄၇၂.၅၀ | ၄၇၈.၀၀ | ▽ |
| RBD P.Stearin | ၄၃၄.၅၀ | ၄၄၆.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၁-၁၂-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၁၀.၉၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၅၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၀၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၇၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၀.၈၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၁.၄၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၇၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၅၄.၉၈၆ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၁-၁၂-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 520 ဒေါ်လာနှင့် USD ဈေး ၁၅၇၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၁-၁၂-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၇၀ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# အစေ့ထုတ်ပြောင်းများတင်ပို့မှု တိုးတက်လျက်ရှိသည့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း

**မောင်မောင် (ချင်းရွှေဟော်)**

ပို့ကုန်အသာစီးရသော ကုန်သွယ်ရေးစခန်းများတွင် တစ်ခုအပါအဝင်ဖြစ်တဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းအနေနဲ့ တရုတ်နိုင်ငံသို့အဓိကတင်ပို့နေတဲ့ ပစ္စည်းတွေကတော့ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်ပါတယ်။ ပို့ကုန်တန်ဖိုးရဲ့ ၈၅ ရာခိုင်နှုန်းခန့်သည် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ဆန်၊ နှမ်းမျိုးစုံ၊ ပဲမျိုးစုံ၊ ပြောင်း၊ ရော်ဘာတို့တင်ပို့မှုကနေ ရရှိတာဖြစ်ပါတယ်။ အဓိကတင်ပို့လျက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများထဲတွင် အစေ့ထုတ်ပြောင်း (ပြောင်းဖူးစေ့)အပါအဝင်ဖြစ်ပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အစေ့ထုတ်ပြောင်း တင်ပို့မှုအနေနဲ့ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှာ အမေရိကန် ဒေါ်လာ ၁၄ ဒသမ ၄၃၀ သန်း တန်ဖိုးရှိ တန်ချိန် ၇၆၀၀၀ ခန့်၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၈၈ သန်း တန်ဖိုးရှိ တန်ချိန် ၁၇၅၀၀ ခန့်၊ ၂၀၁၈ Mini Budgetဖြစ်တဲ့( ဧပြီလမှ စက်တင်ဘာလအထိ)မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၁ သန်း တန်ဖိုးရှိတန်ချိန် ၁၆၇၇ ခန့်တင်ပို့နိုင်ခဲ့ပါတယ်။ ယခု ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်အစ အောက်တိုဘာလ ၁ ရက်မှ ဒီဇင်ဘာလ ၁၁ ရက်အထိ နှစ်လကျော်ကာလအတွင်းမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃၇၅ သန်း တန်ဖိုးရှိတန်ချိန် ၅၄၅၀၀ကျော်ကို တင်ပို့နိုင် ခဲ့ပြီးဖြစ်လို့ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် တစ်နှစ်လုံး တင်ပို့မှုထက် သုံးဆကျော်ပိုမိုတင်ပို့နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဆက်လက် တင်ပို့နေဆဲဖြစ်တဲ့အတွက် ယခုဘဏ္ဍာနှစ်မှာ ပြောင်းတင်ပို့နိုင်မှုပမာဏ ယခုထက်ပိုမိုတိုးတက်နေဦးမှာဖြစ်ပါတယ်။

ပြောင်းကို မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများဖြစ်တဲ့ မြင်းခြံ၊ ကျောက်ဆည်၊ မုံရွာဒေသများတွင် အဓိကစိုက်ပျိုးပြီး မြင်းမူ၊ တောင်သာ၊ မကွေးဒေသတစ်ဝိုက်များမှာလည်း စိုက်ပျိုးကြပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများဖြစ်တဲ့ လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ မိုးမိတ်၊ လောက်ကိုင်၊ ဟိုပန်နှင့် မတ်မန်းမြို့များတွင် ဘိန်း အစားထိုးသီးနှံအဖြစ် အများအပြားစိုက်ပျိုးကြပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၃၃၉၅၅၉ ဧက စိုက်ပျိုးခဲ့ပြီး တစ်ဧက ၇၃ တင်းနှုန်းဖြင့် စုစုပေါင်း ၆၁၈၆၁၃ တန် ထွက်ရှိခဲ့တယ်လို့သိရှိရပါတယ်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း အရောင်းအဝယ်ပြုလုပ်ကြရာမှာ ကုမ္ပဏီများမှ တိုက်ရိုက်ဝယ်ယူခြင်း၊ ဒေသခံပွဲရုံများမှ ဝယ်ယူခြင်း၊ တောင်သူကြီးများမှ မန္တလေးပွဲရုံများသို့တင်ပို့ရောင်းချခြင်း၊ လားရှိုးလက်ကားဒိုင်များတွင် လာရောက် ရောင်းချခြင်း၊ မူဆယ်ဒိုင်များတွင်လည်း ရောင်းချကြပါတယ်။ ကျောက်မဲ၊ သီပေါ၊ နောင်ချိုဒေသများမှ စိုက်ပျိုးထွက်ရှိသည့် အစေ့ထုတ်ပြောင်းများကို မန္တလေး၊ လားရှိုးနှင့် အခြားမြို့များသို့လည်း တင်ပို့ရောင်းချကြတယ်လို့ သိရပါတယ်။

ပြောင်းရဲ့မူရင်းဒေသနှင့် သမိုင်းကြောင်းများအရ ပြောင်းဖူးကို အင်္ဂလိပ်ဘာသာဖြင့် Maize (or) Corn ခေါ်ဝေါ်ကြပြီး မိဆို အမေရိကားတွင် နေထိုင်သူများမှ သမိုင်းမစတင်မီခေတ်ကပင် စိုက်ပျိုးရသည့်သီးနှံဖြစ်အောင် ဆောင်ရွက်ခဲ့ကြပါတယ်။ အက်ဇ်တက်နှင့် မာယာလူမျိုးများက မက္ကဆီကိုတောင်ပိုင်းနှင့် အလယ်ပိုင်းတစ်လျှောက် ပြောင်းဖူးအမျိုးမျိုးကို ချက်ပြုတ်ရန်နှင့် နစ်ဇ်တမယ်လိုင်ဇေးရှင်း



ခေါ်သည့် ထုံးရည်တွင်စိမ်၍ အခွံချွတ်သည့်နည်းဖြင့် ပြင်ဆင်စားသုံးရန် စိုက်ပျိုးခဲ့ကြပါတယ်။

နောက်ပိုင်းတွင်ပြောင်းဖူးသည် အမေရိကားတစ်ခွင် ပျံ့နှံ့သွားခဲ့ပြီး ၁၂၅၀ ခုနှစ်မှ ၁၇၀၀ ခုနှစ်ကြားတွင် အမေရိကားတိုက်တစ်ခုလုံးတွင် ပြောင်းဖူးကို ရရှိလာနိုင်ခဲ့ပါတယ်။ ဒေသတွင်းရှိလူဦးရေထူထပ်သောနေရာနှင့် ထင်ရှားသောနေရာများတွင် ပိုလျှံသော ပြောင်းဖူးနှင့် ပြောင်းဖူးအမျိုးမျိုးအပေါ်တွင်အခြေခံပြီး ကျယ်ပြန့်သော ကုန်သွယ်မှုကွန်ရက်ကို တည်ဆောက်ခဲ့ကြပါတယ်။ ၁၅ ရာစုနောက်ပိုင်းနှင့် ၁၆ ရာစုအစောပိုင်းတွင် ဥရောပသားတို့အမေရိကန်နှင့်ဆက်သွယ်လာကြသည့်အခါမှာ စွန့်စားရှာဖွေသူများနှင့် ကုန်သည်များသည် ပြောင်းဖူးကို ဥရောပသို့ပြန်လည်သယ်ယူသွားခဲ့ကြပြီး အခြားနိုင်ငံများနှင့် မိတ်ဆက်ပေးခဲ့ကြပါတယ်။ ပြောင်းဖူးသည် ရာသီဥတုအမျိုးမျိုးမှာ စိုက်ပျိုးနိုင်မှုနှင့် လူကြိုက်များမှုတို့ ကြောင့် တစ်ကမ္ဘာလုံးကို ပျံ့နှံ့သွားခဲ့တယ်လို့သိရပါတယ်။

ပြောင်းဖူးတွင်ပါဝင်သည့် အာဟာရဓာတ်များအနေဖြင့် ဆန်၊ ဂျုံစသည့် ကောက်နှံ၊ အာလူး၊ ကန်စွန်းဥ၊ ပိန်းဥစသည့် သစ်ဥ သစ်ဖုကဲ့သို့ကာဗိုဟိုက်ဒရိတ်ကြွယ်ဝသည့် အစားအစာတစ်မျိုးဖြစ်ပါတယ်။ ပြောင်းဖူးထဲရှိ ကာဗိုဟိုက်ဒရိတ်တွင် ကစီသကြားနှင့် အစာမျှင်စသည်တို့ပါဝင်ပါတယ်။ ပြောင်းဖူးစေ့(အစို) ၁၀၀ ဂရမ်မှာ ကာဗိုဟိုက်ဒရိတ် ၁၉ ဂရမ်အနက် သကြား (၆)ဂရမ်၊ ကစီ (၆)ဂရမ်နှင့် အစာမျှင် နှစ်ဂရမ် ပါဝင်ပြီး ပရိုတင်းအနည်းငယ်လည်းပါဝင်ပါတယ်။ ပြောင်းဖူးစေ့ အခြောက်သည် ဆန်နှင့်တန်းတူ ကယ်လိုရီကြွယ်ဝပြီး ဆန်ထက်ပရိုတင်းအနည်းငယ်ပိုပါဝင်ပြီး ပြောင်းဖူးစေ့ပြုတ်သည်လည်း ထမင်းနှင့်တန်းတူ အာဟာရကြွယ်ဝတယ်လို့သိရှိရပါတယ်။

ပြောင်းသီးနှံ၏ အသုံးဝင်ပုံ၊ အသုံးပြုပုံနှင့် စားသုံးပုံတွေကတော့ ပြောင်းမှထုတ်ယူနိုင်သည့် ပြောင်းဆီ (Corn Oil) သည် လူသုံးများသော ဟင်းချက်ဆီတစ်မျိုးဖြစ်ပြီး နေကြာစေ့ဆီ၊ ပဲပုပ်ဆီ၊ ဝါစေ့ဆီကဲ့သို့ပေါ်လီမပြည့်ဝ ဖက်တီးအက်ဆစ်များကြွယ်ဝသည့် ဟင်းချက်ဆီအမျိုးအစားဖြစ်ပါတယ်။ အမဲဆီ၊ ဝက်ဆီ၊ ထောပတ်ဆီတို့လို ပြည့်ဝသည့် ဖက်တီးအက်ဆစ်နေရာများတွင် အစားထိုးပြီး အသုံးပြုရာတွင် သင့်တော်သည့်အမျိုးအစားဖြစ်ပါတယ်။တိရစ္ဆာန်အစာ၊ ဆီထုတ်လုပ်ခြင်း၊ အရက်ချက်ခြင်းနှင့် အစားအစာပြုလုပ်ခြင်းစသည်ဖြင့် အသုံးပြုနိုင်သည့် ပြောင်းမျိုးများလည်းရှိတယ်လို့ သိရပါတယ်။ သကြားပါဝင်မှုများသည့် ပြောင်းဖူး(အချို) အမျိုးအစား ကို ပြောင်းဖူးပြုတ်၊ ပြောင်းဖူးမီးဖုတ်၊ ပြောင်းဖူးကြော်၊ ပြောင်းဆီ၊ ပြောင်းဟင်းချို ပြောင်းမှုန့်စသည်တို့ဖြင့် အမျိုးမျိုး စားသုံးကြပါတယ်။

ပြောင်းဖူးကို သကာရည်ထုတ်လုပ်ရာ၌လည်း အသုံးပြုကြပါတယ်။ ဂျုံစားသည့်နိုင်ငံများတွင် ပေါင်မုန့်သည် ပင်တိုင်အစားအစာဖြစ်သကဲ့သို့အချို့နိုင်ငံများတွင် ပြောင်းဖူးသည်လည်း ပင်တိုင်အစားအစာဖြစ်ပါတယ်။ ပြောင်းဖူးကို ပေါက်ပေါက်ဖောက်ပြီးစားသုံးခြင်းကိုနိုင်ငံအများအပြားတွင်ကျယ်ပြန့်လျက်ရှိပါတယ်။မြန်မာနိုင်ငံမှာလည်း ထန်းလျက်ရည်နှင့် ချိုအောင်ပြုလုပ်ထားသည့် ပြောင်းဖူးပေါက်ပေါက်ဆုပ်သည် ကျေးလက်ဒေသများတွင် မြန်မာ့ရိုးရာသရေစာတစ်မျိုးဖြစ်ပြီး မြို့ပြများတွင်လည်း သကြားနှင့်ချိုအောင်ပြုလုပ်ထားသည့် ပြောင်းဖူးပေါက်ပေါက်များကို သရေစာအဖြစ် စားသုံးလျက်ရှိကြပါတယ်။ ဥရောပ၊ အမေရိက၊ အာရှနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာ နံနက်စာကောက်နှံ (Cereal) အဖြစ် တွင်တွင်ကျယ်ကျယ် စားသုံးကြကြောင်း လေ့လာသိရှိရပါတယ်။

ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီပြီး ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်ပြီး ပိုးသတ်ဆေးအသုံးပြုမှု အတတ်နိုင်ဆုံးလျှော့ချ၍ နည်းစနစ်မှန်မှန်ဖြင့် စိုက်ပျိုးသင့်ပါတယ်။ ပြောင်းပင်မှာအလင်းရောင်တုံ့ပြန်မှုမရှိသည့်အတွက် အစိုဓာတ်ရရှိပါက မည်သည့်လတွင်မဆို စိုက်ပျိုးနိုင်ကြောင်းလည်း သိရှိရပါတယ်။

ပြည်တွင်းအသုံးပြုခြင်းအပြင် ပြည်ပနိုင်ငံများသို့ တိုးချဲ့တင်ပို့နိုင်ပြီး ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသများအတွင်း မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍ ဘိန်းအစားထိုးကာလတို ရာသီပေါ်သီးနှံဖြစ်သည့် အစေ့ထုတ်ပြောင်းကို တိုးချဲ့စိုက်ပျိုးလျက်ရှိပါတယ်။ ယခင်ဖော်ထုတ်ပြီး ဧကများတွင်လည်း အဆင့်မြင့်နည်းပညာများ အသုံးပြု၍ အထွက်နှုန်းကောင်းမည့် မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးကြခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လျက်ရှိကြောင်း သိရှိရပါတယ်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းအနေဖြင့်လည်း ကုန်သွယ်မှုလျင်မြန်ချောမွေ့ပြီး ကုန်သွယ်မှုပမာဏတိုးတက်ရေးအတွက် ကုမ္ပဏီလုပ်ငန်းရှင်များ၏ ကုန်သွယ်မှုဆိုင်ရာအခက်အခဲများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ လစဉ်ကျင်းပသည့် ချင်းရွှေဟော်နယ်စပ်၊ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများတွင်လည်း အစေ့ထုတ်ပြောင်းများ ပိုမိုတင်ပို့နိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခြင်းများကို အလေးထား ဆောင်ရွက်လျက်ရှိသည့်အတွက် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ပြောင်းတင်ပို့မှုပမာဏသည်လည်း နှစ်စဉ် တိုးတက်နေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါတယ်။

**ကိုးကား - အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုအခြေအနေတင်ပြချက်**
**(DOCA - LSO)**

# ကုန်သွယ်မှုလျာထားချက် ပြည့်မီကျော်လွန်လျက်ရှိသော စစ်တွေကုန်သွယ်ရေးစခန်း

စစ်တွေ ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်စ နှစ်လတွင် ကုန်သွယ်မှုပမာဏ လျာထားချက်အပေါ် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အောက်တိုဘာလတွင် ပို့ကုန် သုည ဒသမ ၈၄၅ ဒေါ်လာသန်း၊ သွင်းကုန် ၆ ဒသမ ၃၄၉ ဒေါ်လာသန်း၊ စုစုပေါင်း ကုန်သွယ်ပမာဏ ၇ ဒသမ ၁၉၄ ဒေါ်လာသန်း အမှန်ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလျာထားချက်အပေါ် ၈၄၆ ဒသမ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုဝင်ဘာလတွင် ပို့ကုန် ၁ ဒသမ ၂၁၈ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၀၃ ဒေါ်လာသန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ၁ ဒသမ ၂၂၁ ဒေါ်လာသန်း အမှန်ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလျာထားချက်အပေါ် ၁၃၅ ဒသမ ၆၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒီဇင်ဘာလတွင်လည်း ဒီဇင်ဘာ ၁၇ ရက်ထိ ပို့ကုန် သုည ဒသမ ၄၅၁ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၀၁ ဒေါ်လာသန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ သုည ဒသမ ၄၅၂ ဒေါ်လာသန်း အမှန်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍ လျာထားချက် ပြည့်မီကျော်လွန်မည်ဟု ခန့်မှန်းရကြောင်း သိရှိရပါသည်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပစ္စည်းများအဖြစ် ကုလားပဲ၊ ချင်းအစို၊ ဆီးဖတ်၊ ဆီးသီးခြောက်၊ မန်ကျည်းစေ့၊ ငါးမြစ်ချင်း၊ ငါးနီတူခြောက်၊ ဆီးယိုထုပ်၊ နွားအရှင်တို့ တင်ပို့ လျက်ရှိပြီး၊ သွင်းကုန်ပစ္စည်းအနေဖြင့် တီရှပ်၊ ပိတ်ဖြတ်စတို့ တင်သွင်းလျက်ရှိကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နွားအရှင် အကောင် ၂၀၀ တန်ဖိုး သုည ဒသမ ၂၄၀ ဒေါ်လာသန်းဖိုး တင်ပို့နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ဆန်တင်ပို့နိုင်မှုမရှိသေး၍ ဆန်တင်ပို့နိုင်ရေး ကုန်သည်လုပ်ငန်းရှင်များမှ ကြိုးပမ်းလျက်ရှိကြောင်း၊ ဆန်တင်ပို့လာနိုင်မည်ဆိုပါက ကုန်သွယ်မှုပမာဏ ယခုထက်တိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။ **ညီညီအောင် (စစ်တွေ)**

# ဗီယက်နမ်နိုင်ငံတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့မှုတိုးတက်နှုန်း လျော့ကျနေ

ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ တင်ပို့မှုမှာ ထူးခြားစွာ တိုးတက်မှုလျော့ကျနေသော်လည်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ဝင်ငွေတွင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရရှိနိုင်မည့် ရည်မှန်းချက်ကို ရောက်ရှိနိုင်ဖို့ ပို၍နီးကပ်နေပြီ ဖြစ်ပါကြောင်း သိရှိရပါတယ်။

၂၀၁၇ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားသည့် ၄၀ ရာခိုင်နှုန်းထက် ပိုမိုသောတိုးတက်မှုနှုန်းထက် များစွာပို ၍လျော့နည်းသောနှုန်းထားဖြစ်သည့် ၂၀၁၈ ခုနှစ် တစ်နှစ်လုံးအနေဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့မှုမှာ တိုးတက်မှုနှုန်း ၁၀ ရာခိုင်နှုန်း ရှိလိမ့်မည်ဟု ဝန်ကြီးဌာန၏ Agro Processing and Market Development Authority က ကြိုတင်မျှော်မှန်းထားပါကြောင်း သိရှိရပါတယ်။

ပြီးခဲ့သောနှစ် အလားတူကာလထက် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံမှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ တင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံရှိခဲ့ပါကြောင်း သိရှိရပါတယ်။

ဗီယက်နမ်နိုင်ငံမှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့သည့် ဝင်ငွေ ၇၃ ဒသမ ၈ ရာခိုင်နှုန်းဖြင့် တရုတ်နိုင်ငံသည် အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်ပါကြောင်းနှင့် ၂၀၁၇ ခုနှစ် အလားတူကာလထက် ၁၁ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်မှုဖြင့် တရုတ်နိုင်ငံသို့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၁ ဘီလီယံရှိခဲ့ကြောင်း သိရှိရပါတယ်။

လယ်ယာထွက်ကုန်အသီးသီး၏ ထွက်ရှိမှုကို လျော့ကျစေသည့် ရာသီဥတုဖောက်ပြန်မှု အကျိုးဆက်ကြောင့် ယခုနှစ်ကျန်ရှိနေသောလတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့မှုအား ခက်ခဲစွာ ကြိုးစားရန်းကန်ရဖွယ် ရှိနိုင်ပါကြောင်းနှင့် ပြီးခဲ့သောနှစ် အစီရင်ခံစာတွင် ဖော်ပြထားသည့် ၄၂ ဒသမ ၄ ရာခိုင်နှုန်းရှိသော ကြီးမားသည့် တိုးတက်မှုနှုန်းဖြင့် နှိုင်းယှဉ်ချက်အရ တစ်နှစ်ပတ်လုံး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့မှုမှာ ၁၀ ရာခိုင်နှုန်းခန့်သာ တိုးတက်နိုင်မည်ဟု ဌာနခွဲမှ ကြိုတင်ကြေညာထားပါကြောင်း သိရှိရပါတယ်။

လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်များစွာတွင် ဗီယက်နမ် နိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းက တစ်ခုတည်းသောဈေးကွက်အပေါ် စိတ်ချယုံကြည်မှုကိုလျှော့ချပြီး ဈေးကွက်အသစ်များသို့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ တိုးချဲ့တင်ပို့ခြင်းဖြင့် အခွင့်အလမ်းများကို ဖန်တီးနိုင်လိမ့်မည်ဖြစ်ပါကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့ပါတယ်။

အကယ်၍ နိုင်ငံ၏ ထုတ်ကုန်တန်ဖိုးတိုးမြှင့်ရန်အတွက် ကုန်ထုတ်လုပ်သည့် လုပ်ငန်းစဉ်တွင် အဓိကတိုးတက်မှုတစ်ခုကို ပြုလုပ်နိုင်မည်ဆိုပါက ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ရရှိမည့် နိုင်ငံတော်ဝင်ငွေရည်မှန်းချက်ကို ရောက်ရှိရန် နီးကပ်လာနိုင်မည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့မှုတွင် ထူးခြားသော အောင်မြင်နိုင်သည့်စွမ်းရည်ရှိပါကြောင်းနှင့် စီးပွားရေးလုပ်ငန်းတွင် ကုန်ထုတ်လုပ်သည့် လုပ်ငန်းစဉ်နှင့် တာရှည်ခံအောင် ထိန်းသိမ်းသည့်လုပ်ငန်းစဉ်များတွင် အားနည်းချက်ရှိနေသေးကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့ပါတယ်။

စာရင်းအင်းအချက်အလက် ဖော်ပြချက်များအရ ဗီယက်နမ် သစ်သီးဝလံထွက်ရှိမှု၏ ၈၀ ရာခိုင်နှုန်းဝန်းကျင်ကို ပြည်တွင်းဈေးကွက်တွင်ရောင်းချကြောင်းနှင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ တင်ပို့မှုမှာ နည်းစနစ်ပိုင်းဆိုင်ရာ အတားအဆီးများဖြစ်သည့် အစားအစာ လုံခြုံစိတ်ချရမှုနှင့် အပင် ပိုးမွှားရောဂါကာကွယ်ရေး လိုအပ်ချက်များနှင့် ရင်ဆိုင်နေရပါကြောင်း Agro Processing and Market Development Authority မှ former director က ပြောကြားခဲ့ပါတယ်။

ယခုအခါ တင်သွင်းသည့်ကုန် ပစ္စည်းဈေးကွက်များတွင် ပို၍ဝယ်လိုအားများလာသကဲ့သို့ တင်ပို့မှုကိုတိုးမြှင့်ရန် အစားအစာ လုံခြုံစိတ်ချရမှုနှင့် အပင်ပိုးမွှားရောဂါ ကာကွယ်ရေး လိုအပ်ချက်များမှာ အရေးကြီးပါကြောင်း former director က ပြောကြားခဲ့ပါကြောင်း၊ ထွက်ကုန်များ ပေါများကြွယ်ဝသည့်အချိန်တွင် ကုန်ဈေးနှုန်းများ ရုတ်တရက်ထိုးဆင်းသွားခြင်းကို ကာကွယ်ခြင်းမှာ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့သည့်ဈေးနှုန်းကို တည်ငြိမ်စေဖို့ အကျိုးရှိသောလုပ်ငန်းစဉ်များက ကူညီပေးနိုင်လိမ့်မည်ဟု သိရှိရပါတယ်။

တင်ပို့မှုများကို အရည်အသွေး ထိန်းချုပ်ရန်နှင့် ထုတ်လုပ်မှုတွင် VietGAP နှင့် Global GAP အစရှိသည့် နည်းစနစ်များကို အသုံးပြုသော တောင်သူများနှင့် ကုမ္ပဏီများအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ခြင်းက အဖြေတစ်ခုဖြစ်လိမ့်မည်ကို စီစဉ်လုပ်ကိုင်နေသောထုတ်လုပ်မှုတွင် အရေးကြီးသော ဖွံ့ဖြိုးမှုအဆင့်တစ်ခုအဖြစ် ထည့်သွင်း၍ former director က ပြောကြားခဲ့ပါတယ်။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံထုတ်လုပ်မှု လုပ်ငန်းစဉ်တွင် ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများအတွက် ထောက်ခံအားပေးသည့် အခြေအနေများကို ဖန်တီးပေးမည့် အကောက်ခွန်သက်သာခွင့်ဆိုင်ရာမူဝါဒများကို အစိုးရက ဖန်တီးပေးဖို့ former director က အကြံပြုခဲ့ပါတယ်။

ယှဉ်ပြိုင်မှုနှင့်တန်ဖိုးမြင့်ထုတ်ကုန်၊ အရည်အသွေး၊ ထုတ်ကုန်ထွက်ရှိမှု တိုးတက်လာစေရန် ကုန်ကျစရိတ် လျှော့ချပေးနိုင်မည့် နည်းပညာများကို အသုံးပြုပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအပါအဝင် ပို၍အကျိုးရှိမည့် သီးနှံများအတွက် အဆင့်နိမ့်သီးနှံ စိုက်ခင်းများမှ စိုက်ပျိုးဧရိယာများအတွင်းသို့ ပြောင်းလဲမှုကို ဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်သွားလိမ့်မည်ဟု အဆိုပါဝန်ကြီးဌာန၏ စီမံကိန်းဌာန ခွဲမှူးကြားရေးမှူးက ပြောကြားခဲ့ပါတယ်။

**ချိုချိုမာ(ပို့ကုန်)**

**Source; vietnam news**

# တင်ပို့မှု ခိုင်မာလာသော မြန်မာ့ငါးပိ

**မင်းလွင် (မြဝတီ)**

မြန်မာ့စားစရာများစွာ ရှိသည့်အနက်မှ မြန်မာတို့၏ ထမင်းဝိုင်းတွင် ဆင်းရဲချမ်းသာ မရွေး မပါမဖြစ်သောအရာမှာ ငါးပိပင်ဖြစ်ပေရာ ငါးပိသည် မြန်မာတို့အတွက် မရှိမဖြစ်သော အရံဟင်းလျာတစ်မျိုးပင်ဖြစ်ပေသည်။ ငါးပိတွင် ငါးဖြင့်ပြုလုပ်ထားသော ရေကြိုငါးပိနှင့် ပုစွန်(မျှင်) ဖြင့် ပြုလုပ်ထားသော စိမ်းစားငါးပိဟူ၍ နှစ်မျိုးရှိပါသည်။ မြန်မာပြည်တွင် ငါးပိနှစ်မျိုးလုံးအား အရံဟင်းအဖြစ်လည်းကောင်း၊ ဟင်းချက်ရာတွင် ရော၍လည်းကောင်း စားသုံးကြပါသည်။ ငါးပိနှစ်မျိုးအနက် စိမ်းစားငါးပိ (မျှင်ငါးပိ) အား နိုင်ငံအတွင်း စားသုံးမှုသာမက နယ်နိမိတ်ချင်းထိစပ်နေသော တစ်ဘက်ထိုင်းနိုင်ငံသို့လည်း တင်ပို့ရောင်းချလျက်ရှိပါသည်။

ထိုင်းနိုင်ငံသို့ တင်ပို့နေသော မျှင်ငါးပိများအား မြန်မာနိုင်ငံတွင်း အဓိကထုတ်လုပ်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီးမှတစ်ဆင့် ရန်ကုန်သို့ကားဖြင့်တစ်မျိုး၊ သင်္ဘောဖြင့်တစ်သွယ် သယ်ဆောင်ရပြီး ရန်ကုန်မှမြဝတီသို့ ကားဖြင့် ဆက်လက်သယ်ဆောင်ရပါသည်။ ငါးပိတင်ပို့မှုတွင် ထွက်ရှိရာဒေသ၌ ငါးပိတစ်ပိဿာလျှင် ကျပ် ၁၂၅၀ မှ ကျပ် ၁၅၀၀ ထိ ဝယ်ယူစုဆောင်းရပြီး ရန်ကုန်မှ မြဝတီကုန်သွယ်ရေးဇုန်ထိ ၁၂ ဘီးကားများဖြင့် တင်ပို့လျက်ရှိပါသည်။

မြဝတီကုန်သွယ်ရေးဇုန်တွင် ငါးပိ(SHRIMP PASTE) ကို လိုင်စင်လျှောက်ထားရန် မလိုဘဲ ငါးလုပ်ငန်းဦးစီးဌာန၏ ရေထွက်ပစ္စည်းသယ်ယူသည့် အထောက်အထားဖြင့် ပြည်တွင်းအခွန် ၂ ရာခိုင်နှုန်း ပေးဆောင်ပြီး Export Declaration (ED) ဖွင့်လှစ်ကာ တစ်ဖက်နိုင်ငံ အကောက်ခွန် သက်သာခွင့် Form-D ထုတ်ယူပြီး အစစ်ဆေးခံ၍ တစ်ဖက်ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးတံတားကို ဖြတ်ကျော်ပြီး တရားဝင်တင်ပို့လျက်ရှိပါသည်။ ငါးပိထွက်သည့်ရာသီဖြစ်သော နှစ်စဉ် အောက်တိုဘာလမှ ဖေဖော်ဝါရီလများတွင် အများဆုံးတင်ပို့လျက်ရှိပြီး ယခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာ နှစ်လအတွင်း မြဝတီကုန်သွယ်ရေးဇုန်မှ ငါးပိ ၆၆၇ တန် တင်ပို့ပြီးဖြစ်ပါသည်။



ငါးပိအား တစ်ဖက်နိုင်ငံသို့ တင်ပို့ရာတွင် အာဆီယံ ကုန်သွယ်ရေးသဘောတူစာချုပ် (ASEAN Trade in Goods Agreement) အရ အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား အပြန်အလှန် အကောက်ခွန် အခွင့်အရေးပေးသည့် အစီအစဉ်အတွက် ထုတ်ပေးသော ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (AITGA- FORM D) အား မြဝတီကုန်သွယ်ရေးဇုန်၊ ကုန်သွယ်ရေးဦးစီးဌာနမှ နေ့ချင်းပြီးထုတ်ပေးလျက်ရှိရာ ဝယ်ယူသူရော၊ တင်ပို့သူပါ အဆင်ပြေလျက်ရှိပါသည်။

မြန်မာနိုင်ငံမှ တင်ပို့နေသော ငါးပိများအား ထိုင်းနိုင်ငံတွင် ပြန်လည်ထုပ်ပိုးပြင်ဆင်၍ ထိုင်းနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာဘက်မှ တင်ပို့လာသော ငါးပိများအား ဝယ်ယူသူထိုင်းဘက်မှ အရေအတွက် ကန့်သတ်ချက်မရှိဘဲ တင်ပို့သလောက် လက်ခံဝယ်ယူနေကြောင်း သိရပြီး တင်ပို့ရာတွင် ဓာတုဆေးဝါးကင်းစင်မှုအား အဓိကထားရကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအတွင်း ငါးပိသုံးစွဲမှု များပြားခြင်းမှာလည်း ထိုင်းနိုင်ငံ အစားအစာများတွင် ငါးပိအား အနည်းနှင့် အများသုံးစွဲလျက်ရှိပြီး မြန်မာနိုင်ငံသားများနှင့် ရင်းနှီးနေသော ယိုးဒယားသင်္ဘောသီးထောင်းတွင်လည်း ငါးပိအား ပါဝင်ပစ္စည်းအဖြစ် ရောနှောစားသုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ ထိုင်းနိုင်ငံတွင် လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့်အတွက် အဆိုပါ မြန်မာနိုင်ငံသားများအတွက် ထမင်းဝိုင်းတွင် ငါးပိသည် မပါမဖြစ်ဟင်းလျာတစ်ခုဖြစ်သည့်အားလျော်စွာ ငါးပိတင်ပို့ရောင်းချသူများအတွက် တစ်ဖက်နိုင်ငံ၏ ဝယ်လိုအားကို စောင့်မျှော်ကြည့်စရာမလိုဘဲ ဈေးကွက်ရရှိနေသည့် ပစ္စည်းအမယ်လည်း ဖြစ်ပါသည်။

သို့ဖြစ်၍ ဓာတုဆေးဝါးကင်းစင်သော မြန်မာ့ငါးပိများအား တင်ပို့သလောက် ထိုင်းဘက်မှ လက်ခံဝယ်ယူလျက်ရှိရာ ဓာတုအရောအနှော ကင်းစင်ပြီး အရည်အသွေးပြည့်ဝသည့် ငါးပိများ ဝယ်လိုအား ရှိသလောက် ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အရည်အသွေးပိုင်းအားလည်း ကျဆင်းသွားမှုမရှိစေရန် အစဉ်သတိပြုရမည်ဖြစ်ပါသည်။

ထို့ကြောင့် တင်ပို့မှု ခိုင်မာလာလျက်ရှိသော ပို့ကုန်ဖြစ်သည့် မြန်မာ့ငါးပိသည် ရောင်းပန်းလည်းလှ ဈေးကွက်ဝင်ကာ စီးပွားတက်မည့် အလားအလာကောင်းသော ပို့ကုန်ပစ္စည်းဖြစ်သည့်အတွက် ငါးပိထုတ်လုပ်သူများအနေဖြင့် အရည်အသွေးပိုင်း အထူးဂရုစိုက်ထိန်းသိမ်းကာ ပိုမိုတင်ပို့နိုင်ရေး ဆက်လက်ကြိုးစားကြပါလို့ တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့်နိုင်ငံပေါင်း ၁၂ နိုင်ငံရှိပြီး Lithuania၊ Argentina၊ ဒိန်းမတ်၊ ဖိလစ်ပိုင်၊ Belarus၊ Jamaic၊ Czech Republic၊ Estonia၊ ပြင်သစ်၊ အိန္ဒိယ၊ ရုရှားနှင့် တူရကီနိုင်ငံတို့ဖြစ်ပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Lithuania နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၄ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ နီပေါ၊ နော်ဝေ၊ ကူဝိတ်၊ ဟန်ဂေရီနှင့် တောင်အာဖရိက စသည့်နိုင်ငံများ အပါအဝင် ၅၃ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်းကျဆင်းသွားသည့်နိုင်ငံအနေဖြင့် ကမ္ဘောဒီးယား၊ ဆွီဒင်၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ ဆွစ်ဇာလန်၊ နယ်သာလန်၊ နယူးဇီလန်၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ ဂျာမနီ၊ ဘရာဇီးနှင့် ကင်ညာစသည့်နိုင်ငံတို့ အပါအဝင်နိုင်ငံပေါင်း ၄၆ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ရာခိုင်နှုန်းမှ ၇ ဒသမ ၁၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၉၀ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ဒသမ ၈၀ရာခိုင်နှုန်း ဖြင့် ယခုတစ်ပတ်၏ဈေးနှုန်းကျဆင်းမှု နှုန်း အမြင့်မားဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း လေ့လာသိရှိရပြီး ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅ နိုင်ငံရှိခဲ့၍ Lithuania နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၄ ရာခိုင်နှုန်းအထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ တူရကီ၊ တောင်အာဖရိက၊ ရုရှား၊ ပါကစ္စတန်၊ နီပေါ၊ Malawi၊ ကူဝိတ်၊ အီဂျစ်၊ ကိုလံဘီယာနှင့် Belgium စသည့်နိုင်ငံများ အပါအဝင် ၅၃ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ဖိလစ်ပိုင်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ ဟောင်ကောင်၊ နော်ဝေ၊ ဟန်ဂေရီ၊ နယူးဇီလန်၊ ဂျပန်၊ ယူကရိန်း၊ ဒိန်းမတ်၊ ဆွီဒင်၊ အမေရိကန်၊ ကနေဒါ၊ တရုတ်၊ တောင်ကိုရီးယား၊ အီတလီ၊ နယ်သာလန်၊ ဂျာမနီ၊ ဘရာဇီး၊ ဆွစ်ဇာလန်နှင့် Mexico စသည့်နိုင်ငံတို့ အပါအဝင် ၅၃နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ရာခိုင်နှုန်းမှ ၇ ဒသမ ၈၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်းနှင့် Panamaနိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၇ ဒသမ ၈၀ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ပြီး ယခုတစ်ပတ်တွင်ဈေးနှုန်းကျဆင်းမှုနှုန်း အမြင့်ဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ မလေးရှားနှင့် လာအိုနိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်နေခဲ့ပါသည်။ ကျန်အာဆီယံ နိုင်ငံများတွင် ဈေးနှုန်းကျဆင်းနေ ကြောင်း လေ့လာတွေ့ရှိရပြီး၊ ကမ္ဘာဒီးယားနိုင်ငံသည် ၄ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ယခုအပတ်၏ ဈေးနှုန်းကျဆင်းမှုနှုန်း အမြင့်မားဆုံး နိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံ များ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှို့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ဖြင့် လည်းကောင်း၊ ညှို့မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၄ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၈ ဖြင့် လည်းကောင်း၊ ညှို့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့် လည်းကောင်း၊ ညှို့မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း ပေါင်းဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၀၇ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှို့မထ ၅မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၀ ဖြင့်လည်းကောင်း၊ ညှို့မထ ၂၅မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ညှို့မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၅၅ ဖြင့်လည်းကောင်း၊ ပေါင်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း အသီးသီး ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ညှို့မထ ၅ မှတ်ဆန်နှင့် ပေါင်းဆန်တို့မှာ ဈေးအနည်းငယ် မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ ပါကစ္စတန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ညှို့မထ ၂၅မှတ် နှင့် ညှို့မထ ၅ မှတ်ဆန်ဈေးနှုန်းများ ဈေးအနည်းငယ်ကျဆင်းခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်းများ ဆက်လက်တည်ငြိမ်နေလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဆန်ဈေးကွက်နှင့်စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ထိုင်းနိုင်ငံမှ ဆန်တန်ချိန်သုံးသိန်းကျော် မှာယူခဲ့ရာ ယခုနှစ်အတွင်း ထိုင်းနိုင်ငံသည် ကောက်သစ်ငါးမှတ်ဆန်ဖြူတန်ချိန် တစ်သိန်းကို တရုတ်နိုင်ငံ COFCO အဖွဲ့ထံသို့ပေးပို့ရမည်ဖြစ်ပြီး ၂၅ မှတ် ဆန်ဖြူတန်ချိန် ၈၀၀၀၀ ကို ဖိလစ်ပိုင်အစိုးရထံသို့ ဒီဇင်ဘာလအတွင်း ပေးပို့ရမည်ဖြစ်ကြောင်း ထိုင်း၊ နိုင်ငံခြားကုန်သွယ်ရေး ဦးစီးဌာန၏ အထွေထွေညွှန်ကြားရေးမှူး Adul Chotinisakorn ကပြောကြားခဲ့သည်ကို သိရှိရပါသည်။ ထို့ပြင် ထိုင်းပို့ကုန်လုပ်ငန်းနှစ်ခုသည် ဖိလစ်ပိုင်အစိုးရမှ ဖိတ်ခေါ် ကျင်းပခဲ့သော ဆန်တင်ဒါတွင်လည်း အခြားဆန်တန်ချိန် ၁၄၄၀၀၀ ခန့်ရောင်းချခွင့် ကိုလည်း ရရှိခဲ့ပါသည်။ ၎င်းဆန်များကို ယခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတို့တွင် ပေးပို့ရမည်ဖြစ်ပြီး ထိုင်းနိုင်ငံအနေဖြင့် နှစ်အကုန်တွင် စုစုပေါင်း ဆန်တန်ချိန် ၃၂၄၀၀၀ တင်ပို့ခွင့်ရခဲ့ရာ နိုင်ငံဆန်လက်ကျန်လျော့ကျလာပြီး ရာသီသစ်တွင် ရိတ်သိမ်းမည့် ကောက်သစ်များအတွက် ဈေးကွက်နေရာရရှိစေမည်ဖြစ်သည်။

The Phnom Penh Post ၏ အစီရင်ခံစာအရ ပြည်ပဈေးကွက်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ဆန်တင်ပို့မှုမှာ ယခုနှစ်အတွင်း ၁၃ ရာခိုင်နှုန်းနှင့်အထက် ကျဆင်းသွားပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပမာဏကျဆင်းသွားကြောင်း ဆန်ကုန်သည်ကြီးများအသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌကပြောကြားခဲ့သည်ကို သိရှိရပါသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်ဈေးနှုန်းမှာ အိမ်နီးချင်းနိုင်ငံများ၏ ဆန်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀ မှ ၄၀ အထိပိုများခဲ့ပြီး ဈေးနှုန်းမှာ သိသိသာသာမြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ထိုကဲ့သို့ ဈေးနှုန်းမြင့်တက်လာခြင်းသည် ပို့ကုန်တင်ပို့မှုပမာဏကျဆင်းမှု၏ အဓိကအကြောင်းရင်းပင်ဖြစ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ယခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၁ မီလီယံ တင်ပို့နိုင်ရန် မျှော်မှန်းထားခဲ့သော်လည်း ယခုလက်ရှိအခြေအနေတွင် ရည်မှန်းထားသည့် ဆန်တန်ချိန် ၁ မီလီယံတင်ပို့နိုင်ရေးနှင့်ပတ်သက်၍ အခက်အခဲနှင့် စိန်ခေါ်မှုများစွာ ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပါသည်။ ဆန်တင်ပို့မှုကျဆင်းရခြင်းမှာ ဆန်ကို အရည်အသွေးမြင့် ထုတ်လုပ်ခဲ့သည့်အတွက် အခြားအိမ်နီးချင်းနိုင်ငံများ၏ ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းပိုများနေခြင်းကြောင့်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ယခင်က ကမ္ဘောဒီးယားနိုင်ငံသည် ဆန်ဖြူကိုအများဆုံး တင်ပို့နိုင်ခဲ့ပြီး ယခုအခါ ပြည်ပသို့ ဆန်မွှေးတင်ပို့မှုပမာဏကို တိုးမြှင့်လိုက်သည့်အတွက် ဆန်ဖြူတင်ပို့မှုအရေအတွက်မှာ သိသိသာသာ ကျဆင်းလာခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကဆန်ဝယ်လက်နိုင်ငံဖြစ်ပြီး ယခုနှစ်၏ ပထမ ၁၁ လအတွင်း တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၁၄၀၀၀၀ နီးပါး တင်ပို့နိုင်ခဲ့ပြီး ပြင်သစ်နိုင်ငံသို့ဆန်တန်ချိန် ၇၀၀၀၀၊ မလေးရှားနိုင်ငံသို့ဆန်တန်ချိန် ၄၀၀၀၀ နှင့် ဂါဘွန်နိုင်ငံသို့တန်ချိန် ၂၅၀၀ စသည်ဖြင့် အသီးသီးတင်ပို့နိုင်ခဲ့ပါသည်။

ပြည်တွင်းဈေးကွက်အခြေအနေဖြင့် တရုတ်နိုင်ငံအနေနှင့် မြန်မာ့ဆန်ဝယ်ယူရန် နှစ်လခန့်ရပ်ဆိုင်းထားကြောင်း၊ တရုတ်နိုင်ငံသို့စပါးအတိုင်း တရားမဝင်တင်ပို့ခြင်းနှင့် ပြည်ပနိုင်ငံများမှ ဝယ်ယူမှုလျော့နည်းသွားသည့် အခြေအနေများကြောင့် ယခင်ဘဏ္ဍာနှစ်ကတင်ပို့ခဲ့သည့် ဆန်နှင့် ဆန်ကွဲတန်ချိန် ၃ ဒသမ ၆ သန်းခန့်ကို ပြည့်မီအောင်တင်ပို့နိုင်ရန် ခက်ခဲကြောင်း ဆန်ကုန်သည်များကပြောကြားခဲ့သည်ကို သိရှိရပါသည်။ ဆန်တင်ပို့မှု ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် တရုတ်နိုင်ငံသို့တင်ပို့မှုမှာလည်း ယခင်နှစ်ကထက် ၇၅ ရာခိုင်နှုန်းခန့် လျော့နည်းသွားသည့်အတွက် ဆန်တင်ပို့မှု လျော့ကျသွားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၈ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၄ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၇ သန်း နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၃ ဒသမ ၆ သန်းခန့်အထိ စံချိန်တင်တင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရပြီး ၂၀၁၈ ခုနှစ်၊ ဧပြီလမှ နိုဝင်ဘာလကုန်အထိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၄ သန်းကျော် တင်ပို့နိုင်ခဲ့ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၈ ကျပ်နှုန်းရှိပြီး၊ ညှို့မထဆန်တစ်အိတ်လျှင် ကျပ် ၂၅၂၀၀ ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဒီဇင်ဘာ ၂၀ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ယွမ်လျှင် ၂၂၆ ကျပ်နှုန်းရှိပြီး၊ ညှို့မထဆန် ၂၅ မှတ် တစ်အိတ်လျှင် ၂၃၀၅၂ ကျပ်မှ ၂၃၂၇၈ ကျပ် ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်း ဆက်လက်တည်ငြိမ်နေကြောင်းလေ့လာသိရှိ ရပါသည်။

USDA စာရင်းများအရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လေ့လာတွေ့ရှိချက် အရကမ္ဘာ့ဆန်အဓိကတင်သွင်းသောနိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀) သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

၁လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၄ | ၀.၅၉ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၄ | ၀.၈၄ |
| ၃ | ထိုင်း | လီတာ | ၁.၀၆ | ၀.၈၁ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၀ | ၀.၇၀ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၃ | ၁.၂၁ |
| ၆ | မလေးရှား | လီတာ | ၀.၅၂ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၅ | ၀.၇၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၁ | ၀.၈၂ |
| ၉ | လာအို | လီတာ | ၁.၂၇ | ၁.၀၃ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြ ထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ နှင့် ဒီဇယ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ရှိပြီး စက်သုံးဆီ ဈေးနှုန်း နိုင်ငံအလိုက် နည်း/များ တွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၄ ဒေါ်လာနှုန်းဖြင့် ၁၇ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၉ ဒေါ်လာနှုန်းဖြင့် ၂၁ နိုင်ငံမြောက်တွင်ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်းသက်သာသောနိုင်ငံများတွင် ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၀၄ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | Wallis and Futuna | လီတာ | ၁.၈၇ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Barbados | လီတာ | ၁.၈၅ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Monaco | လီတာ | ၁.၈၅ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၄ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | နော်ဝေ | လီတာ | ၁.၈၁ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | အိုက်စလန် | လီတာ | ၁.၇၈ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | Monaco | လီတာ | ၁.၇၄ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Wallis and Futuna | လီတာ | ၁.၇၄ |
| ၅ | Ecuador | လီတာ | ၀.၂၇ | ဆွစ်ဇာလန် | လီတာ | ၁.၇၂ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၃ | ၀.၉၂ |
| ၂ | ဂျပန် | လီတာ | ၁.၂၆ | ၁.၀၉ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၃ | ၀.၉၄ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း Crude Oil နေ့စဉ်ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


## ကြယ်စင်(တန့်ဆည်မြေ)

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၄.၁၂.၂၀၁၈ | စည် | ၅၂.၅၈ |
| ၂ | ၁၇.၁၂.၂၀၁၈ | စည် | ၄၉.၈၈ |
| ၃ | ၁၈.၁၂.၂၀၁၈ | စည် | ၄၆.၂၄ |
| ၄ | ၁၉.၁၂.၂၀၁၈ | စည် | ၄၇.၂၀ |
| ၅ | ၂၀.၁၂.၂၀၁၈ | စည် | ၄၅.၈၈ |

source : http://www.oil-price.net/

၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုသည် ကမ္ဘာ့ပျမ်းမျှဈေးနှုန်းများတွင် ဓာတ်ဆီနှင့် ဒီဇယ်ဈေးတို့ကျဆင်းလျက်ရှိသော်လည်း ရေနံစိမ်းဈေးနှုန်းမှာ အတက်ဘက်သို့ပြန်လည်ဦးတည်လျက်ရှိကြောင်း အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ဗဟိုဘဏ်ရည်ညွှန်း ငွေလဲနှုန်းသည် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ၁၅၈၁ ကျပ်နှုန်းဖြင့် အမြင့်ဆုံးရှိခဲ့ရာမှ ဒီဇင်ဘာ ၂၀ ရက်တွင် ကျပ် ၁၅၇၀သို့ ကျဆင်းလာကြောင်း တွေ့ရှိရသကဲ့သို့ ပြည်တွင်းရွှေဈေးကွက်အတွင်းတွင် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၀၃၈၅၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ပြီးခဲ့သည့်လေးလအတွင်း မြန်မာ့ရွှေဈေးကို ပြန်ကြည့်ပါက ဩဂုတ်လအတွင်း ဩဂုတ် ၆ ရက် ပြည်တွင်းရွှေ ဈေးနှုန်း အနိမ့်ဆုံးနှုန်း ကျပ် ၉၄၇၃၀၀ နှင့် ဩဂုတ်လ ၂၈ ရက်နေ့တွင် အမြင့်ဆုံးနှုန်း ကျပ် ၉၈၅၀၀၀ ၊စက်တင်ဘာလအတွင်း ပြည်တွင်း ရွှေဈေး အနိမ့်ဆုံးဈေးနှုန်းမှာ စက်တင်ဘာ ၂၈ ရက်တွင် ကျပ် ၉၆၅၀၀၀ နှင့် စက်တင်ဘာ ၂၀ ရက်တွင် အမြင့်ဆုံး ဈေးနှုန်း ကျပ် ၁၀၄၇၇၀၀ ၊ အောက်တိုဘာလအတွင်း ပြည်တွင်း ရွှေဈေး အနိမ့်ဆုံးနှုန်း အောက်တိုဘာ ၁ ရက်တွင် ကျပ် ၉၆၉၀၀၀၊ အောက်တိုဘာ ၃၁ ရက် အမြင့်ဆုံးနှုန်း ကျပ် ၁၀၄၀၀၀၀၊ နိုဝင်ဘာလအတွင်း အမြင့်ဆုံးဈေးနှုန်းမှာ နိုဝင်ဘာ ၂ ရက်တွင် ကျပ် ၁၀၄၂၅၀၀ ဖြစ်ပြီး အနိမ့်ဆုံးဈေးနှုန်းမှာ နိုဝင်ဘာ ၁၂ ရက်တွင် ကျပ် ၁၀၂၆၀၀၀ တို့ဖြစ်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ ယခု ဒီဇင်ဘာလတွင် အနိမ့်ဆုံးဈေးနှုန်းမှာ ဒီဇင်ဘာ ၃ ရက်တွင် ကျပ် ၁၀၁၀၀၀၀ ဖြစ်ပြီး အမြင့်ဆုံးဈေးနှုန်းမှာ ဒီဇင်ဘာ ၁၁ ရက်တွင် ကျပ် ၁၀၃၉၀၀၀ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဒီဇင်ဘာလအတွင်း ရွှေဈေးနှုန်းပြောင်းလဲမှု ကျပ် ၂၉၀၀၀ ခန့်အထိရှိကြောင်း တွေ့ရှိရပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့ရွှေဈေးမြင့်တက်ခဲ့မှုနှင့်အတူ ပြည်တွင်းအခေါက်ရွှေဈေးသည် ယခုအပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။


စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization ISO ၏ website ဖြစ်သော www.isosugar.org တွင်ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြား ဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ White Sugarတစ်တန်လျှင် ၃-၁၂-၂၀၁၈ နေ့တွင် အမေရိကန်ဒေါ်လာ ၃၅၂ ဒသမ ၂၅ ပေါက်ဈေး ရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက် ဖြစ်ပေါ်လျက်ရှိရာ ဒီဇင်ဘာလ ၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၄၃ သို့ ဈေးနှုန်းအနည်းငယ် ပြန်လည်ကျဆင်းခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 19-Dec-18 | 12.56 cts/lb | 12.80 cts/lb | 343.00 $/T | 15.56 cts/lb |
| 18-Dec-18 | 12.40 cts/lb | 12.83 cts/lb | 338.15 $/T | 15.34 cts/lb |
| 17-Dec-18 | 12.40 cts/lb | 12.83 cts/lb | 338.15 $/T | 15.34 cts/lb |
| 14-Dec-18 | 12.75 cts/lb | 12.83 cts/lb | 345.40 $/T | 15.67 cts/lb |
| 13-Dec-18 | 12.82 cts/lb | 12.82 cts/lb | 347.50 $/T | 15.76 cts/lb |
| 12-Dec-18 | 12.83 cts/lb | 12.81 cts/lb | 345.65 $/T | 15.68 cts/lb |
| 11-Dec-18 | 12.92 cts/lb | 12.81 cts/lb | 347.15 $/T | 15.75 cts/lb |
| 10-Dec-18 | 12.82 cts/lb | 12.78 cts/lb | 345.60 $/T | 15.68 cts/lb |
| 7-Dec-18 | 12.97 cts/lb | 12.79 cts/lb | 348.90 $/T | 15.83 cts/lb |
| 6-Dec-18 | 12.74 cts/lb | 12.78 cts/lb | 344.55 $/T | 15.63 cts/lb |
| 5-Dec-18 | 12.82 cts/lb | 12.78 cts/lb | 346.00 $/T | 15.69 cts/lb |
| 4-Dec-18 | 12.85 cts/lb | 12.78 cts/lb | 346.25 $/T | 15.71 cts/lb |
| 3-Dec-18 | 13.01 cts/lb | 12.78 cts/lb | 352.25 $/T | 15.98 cts/lb |

Source: www.isosugar.org




Source: www.isosugar.org

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ တတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၇၇ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ဒေါ်လာ ၂၄၉၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅-၃၈၀၊ အိန္ဒိယနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၂၈-၅၇၁ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့၏သကြားဈေးမှာ အနည်းငယ်ကျဆင်းခဲ့ပြီး အိန္ဒိယနိုင်ငံတွင် အနည်းငယ် ဈေးနှုန်းအနည်းငယ် မြင့်တက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိတစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၃၀ ဖြစ်ကြောင်း သိရှိရပါ သည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ တတိယပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန် ဒေါ်လာ ၆၂၅ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၇၇ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၅၂ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ်မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၄ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၇ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကိုလေ့လာရာတွင် ဟားခါးမြို့တွင် သကြား တစ်ပိဿာလျှင်ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြား တစ်ပိဿာလျှင်ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ ဘားအံမြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | ဒီဇင်ဘာ ၁၄ | ဒီဇင်ဘာ ၁၇ | ဒီဇင်ဘာ ၁၈ | ဒီဇင်ဘာ ၁၉ | ဒီဇင်ဘာ ၂၀ | ဒီဇင်ဘာ ၁၄ | ဒီဇင်ဘာ ၁၇ | ဒီဇင်ဘာ ၁၈ | ဒီဇင်ဘာ ၁၉ | ဒီဇင်ဘာ ၂၀ |
| ၁ | မြစ်ကြီးနား | ၄၄၇၇ | ၄၄၇၇ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၆၂၆ | ၄၆၂၆ | ၄၅၈၅ | ၄၅၈၅ | ၄၅၈၅ |
| ၂ | လားရှိုး | ၃၉၀၀ | ၃၉၀၀ | ၃၉၀၀ | ၃၉၀၀ | ၃၇၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၅၀၀ |
| ၃ | ကျိုင်းတုံ | ၅၂၆၅ | ၅၂၆၅ | ၅၂၆၅ | ၅၂၆၅ | ၅၂၆၅ | ၅၇၁၅ | ၅၇၁၅ | ၅၇၁၅ | ၅၇၁၅ | ၅၇၁၅ |
| ၄ | တောင်ကြီး | ၃၈၅၀ | ၃၈၀၀ | ၃၈၀၀ | ၃၇၅၀ | ၃၇၅၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၄၅၀ | ၄၄၅၀ |
| ၅ | လွိုင်ကော် | ၄၆၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၇၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၆ | ဘားအံ | ၃၆၄၅ | ၃၆၂၂ | ၃၆၂၂ | ၃၆၂၂ | ၃၅၅၅ | ၄၅၀၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၃၂၀ |
| ၇ | မော်လမြိုင် | ၄၀၉၅ | ၄၀၉၅ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၅၆၇ | ၄၅၆၇ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၈ | ထားဝယ် | ၃၉၅၁ | ၃၉၅၁ | ၃၉၅၁ | ၃၉၅၁ | ၃၉၅၁ | ၄၇၀၂ | ၄၇၀၂ | ၄၇၀၂ | ၄၇၀၂ | ၄၇၀၂ |
| ၉ | မြိတ် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၃၈၇ | ၄၃၈၇ | ၄၂၉၆ | ၄၂၉၆ | ၄၂၉၆ |
| ၁၁ | ပုသိမ် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၃၉၅၀ | ၃၉၅၀ | ၄၆၀၀ | ၄၆၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၂ | စစ်တွေ | ၄၂၈၀ | ၄၂၈၀ | ၄၂၈၀ | ၄၂၈၀ | ၄၂၄၀ | ၄၃၂၅ | ၄၃၂၀ | ၄၂၈၀ | ၄၂၈၀ | ၄၂၄၀ |
| ၁၃ | ဟားခါး | ၄၈၄၀ | ၄၈၄၀ | ၄၅၄၀ | ၄၅၄၀ | ၄၅၄၀ | ၄၈၅၀ | ၄၈၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ |
| ၁၄ | မုံရွာ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၂၀၀ | ၄၂၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၅ | မန္တလေး | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ |
| ၁၆ | ပခုက္ကူ | ၄၅၅၀ | ၄၅၀၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၀၀ | ၄၆၀၀ | ၄၅၅၀ | ၄၅၀၀ | ၄၅၀၀ | ၄၄၅၀ |
| ၁၇ | မကွေး | ၃၇၅၀ | ၄၇၀၀ | ၄၇၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၅၉၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၄၁၀ |
| ၁၈ | ပြည် | ၃၇၈၀ | ၃၇၈၀ | ၃၇၈၀ | ၃၇၈၀ | ၃၇၈၀ | ၄၆၅၀ | ၄၅၅၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၉ | ပဲခူး | ၃၇၅၀ | ၃၇၀၀ | ၃၆၃၀ | ၃၆၃၀ | ၃၆၃၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ |
| ၂၀ | ပျဉ်းမနား | ၄၀၉၅ | ၄၀၀၅ | ၄၀၀၅ | ၄၀၀၅ | ၄၀၀၅ | ၄၆၈၀ | ၄၅၄၅ | ၄၅၄၅ | ၄၅၄၅ | ၄၅၄၅ |
| ၂၁ | နေပြည်တော် | ၄၀၉၅ | ၄၀၀၅ | ၄၀၀၅ | ၄၀၀၅ | ၄၀၀၅ | ၄၆၈၀ | ၄၅၄၅ | ၄၅၄၅ | ၄၅၄၅ | ၄၅၄၅ |
| ၂၂ | ကလေး | ၄၈၀၀ | ၄၈၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၅၂၀၀ | ၅၂၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |

Source : DOCA-Domestic

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်းများမှာ ဥရောပနိုင်ငံများတွင် ၁ ဒသမ ၄၂ရာခိုင်နှုန်း၊ ဩစတြေးလျ နိုင်ငံများတွင် သုည ဒသမ ၉၀ရာခိုင်နှုန်း ၊ အာရှနိုင်ငံများတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်း ၊ တောင်အမေရိကန်နိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းနှင့် တောင်အာဖရိကနိုင်ငံများတွင် သုည ဒသမ ၂၀ရာခိုင်နှုန်း အသီးသီး ဈေးနှုန်းကျဆင်းခဲ့ပါသည်။

အမေရိကန်နှင့် နယူးဇီလန်နိုင်ငံတို့တွင် သုည ဒသမ ၀၁ရာခိုင်နှုန်း ထက်ပိုမိုကျဆင်းနေကြောင်း လေ့လာသိရှိ ရပါသည်။ www . globalpetrolprices . comမှ စစ်တမ်းရယူခဲ့သည့် နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် နိုင်ငံပေါင်း ၄၆ နိုင်ငံတို့တွင် ဈေးနှုန်းကျဆင်းခဲ့ပြီး နိုင်ငံပေါင်း ၅၃ နိုင်ငံတွင် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ၁၂ နိုင်ငံတွင်သာ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ့ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်းများမှာ ဆက်လက်ကျဆင်းလျက်ရှိကြောင်းတွေ့ရှိရပြီး ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများ ဆက်လက်ကျဆင်းလာနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး. . . မှအဆက်

မကွေးတိုင်းဒေသကြီးသည် အဓိကကျသည့်ဒေသဖြစ်ကြောင်း၊ ပဲ၊ ပြောင်း၊ နှမ်းစသောသီးနှံများအား အဓိကထား စိုက်ပျိုးထုတ်လုပ်တင်ပို့နေသော ဒေသဖြစ်သဖြင့် ကုန်စည်ဒိုင်သည် ရောင်းသူနှင့်ဝယ်သူတို့အား အကျိုးဖြစ်ထွန်းရန် ချိတ်ဆက်ပေးနေသည့်နေရာဖြစ်ကြောင်း၊ ကုန်သည်များအနေဖြင့် စားသုံးသူသက်သာချောင်ချိရေး၊ ထုတ်လုပ်သူမနစ်နာစေရေးအတွက် ကုန်စည်ဈေးနှုန်းမကစားရန် လိုအပ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ပဲပိစပ်အားစမ်းသပ်စိုက်ပျိုး ရန် ဆောင်ရွက်လျက်ရှိပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ကုန်သည်လုပ်ငန်းရှင်များက မိမိတို့လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တွေ့ကြုံနေရသည့် အခက်အခဲများအား တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၄ နာရီတွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ရှိ ကုန်သည်ပွဲစားများအသင်းရုံးခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားရာ၌ ကုန်သည်များ အရောင်းအဝယ်ပြုလုပ်ရာတွင် ဝယ်ယူသူနှင့် ကုန်ပစ္စည်းထုတ်လုပ်သူအကြား ဆက်စပ်မှုရှိရန်နှင့် အာမခံချက်များရှိရန် လိုအပ်ကြောင်း၊ သီးနှံများ ရောင်းချရာတွင် ထွက်ရှိသည့်အတိုင်းရောင်းချမည့်အစား တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချရန် လိုအပ်ပါကြောင်း၊ သီးနှံများအား ဝယ်ယူရောင်းချရာတွင် ဝယ်ယူသူနှင့် ရောင်းချသူတို့ အကျိုးအမြတ်မျှတစွာ ခံစားရရှိစေရန် ဝယ်ယူသည့်စနစ်ကို ကျင့်သုံးရန် လိုအပ်ကြောင်းနှင့် တက်ရောက်လာကြသူများက ပွင့်ပွင့်လင်းလင်းတင်ပြရန်နှင့် တင်ပြချက်များကို ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအား ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက မိမိတို့ကဏ္ဍအလိုက် အခက်အခဲများအား တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာ စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀ သန်း ၊ EU ၂ ဒသမ ၀၅၀ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၈၀၀ သန်း ၊ ဆော်ဒီ အာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၇၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်းအတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ ရှိရပါသည်။ ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ဒီဇင်ဘာ ၁၄ ရက်မှ ၂၀ ရက် အတွင်းဖြစ်ပေါ်နေသောဈေးနှုန်း စာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၁၄.၁၂.၂၀၁၈ | ၁၇.၁၂.၂၀၁၈ | ၁၈.၁၂.၂၀၁၈ | ၁၉.၁၂.၂၀၁၈ | ၂၀.၁၂.၂၀၁၈ |
| ၁ | ဧည့်မထ | ၅ | ၂၁၀၀၀ | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၅၀၀ |
| ၂ | ဧည့်မထ | ၁၀ | ၂၀၇၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၂၀၀ |
| ၃ | ဧည့်မထ | ၂၅ | ၁၉၄၀၀ | ၁၈၉၀၀ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၈၉၀၀ |
| ၄ | ဧည့်မထ | ၃၅ | ၁၉၁၀၀ | ၁၈၆၀၀ | ၁၈၆၀၀ | ၁၈၆၀၀ | ၁၈၇၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၁၀၀၀ | ၂၀၇၀၀ | ၂၀၇၀၀ | ၂၀၇၀၀ | ၂၀၈၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၀၇၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၁၀၀ | ၂၀၈၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၉၄၀၀ | ၁၈၉၀၀ | ၁၈၈၀၀ | ၂၈၈၀၀ | ၁၈၉၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၉၁၀၀ | ၁၈၆၀၀ | ၁၈၆၀၀ | ၁၈၆၀၀ | ၁၈၇၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၂၄၂၅ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ပုသိမ်မြို့၊ ဘားအံမြို့နှင့် ပြည်မြို့တို့တွင် ဧည့်မထဆန် (သစ်) တစ်ပြည်လျှင် ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ မြို့ ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိက အားထားသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပါ သည်။ နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အထွက်နှုန်း၊ နည်းပညာ၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြင့်တင် ကြိုးပမ်းဆောင်ရွက်ရန် ပိုမိုတွန်းအားပေး လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၆၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို သိရှိရပါသည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများရှိသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၁၄.၁၂.၂၀၁၈ | ၁၇.၁၂.၂၀၁၈ | ၁၈.၁၂.၂၀၁၈ | ၁၉.၁၂.၂၀၁၈ | ၂၀.၁၂.၂၀၁၈ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၄၀၀(သစ်) | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) |
| ၂ | လားရှိုး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) |
| ၄ | တောင်ကြီး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၅ | လွိုင်ကော် | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) |
| ၆ | ဘားအံ | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၇ | မော်လမြိုင် | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) |
| ၈ | ထားဝယ် | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ |
| ၉ | မြိတ် | ၁၁၀၀(သစ်) | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) |
| ၁၀ | ရန်ကုန် | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၁၁ | ပုသိမ် | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၁၂ | စစ်တွေ | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၁၃ | ဟားခါး | ၂၄၀၀ | ၂၄၀၀ | ၂၄၂၅ | ၂၄၂၅ | ၂၄၂၅ |
| ၁၄ | မုံရွာ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ |
| ၁၅ | မန္တလေး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၁၀၀(သစ်) |
| ၁၆ | ပခုက္ကူ | ၁၇၀၀ | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) |
| ၁၇ | မကွေး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၅၀(သစ်) |
| ၁၈ | ပြည် | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၁၉ | ပဲခူး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၂၀ | ပျဉ်းမနား | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၂၁ | နေပြည်တော် | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |

Source-DOCA-Domestic

# (Expression of Interest-EOI)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် အမျိုးသားပို့ကုန်မဟာဗျူဟာကို အကောင်အထည်ဖော်လျက်ရှိရာတွင် ပြည်ပပို့ကုန် မြှင့်တင်နိုင်ရေးကို အဓိကလုပ်ဆောင်မည့် ဗဟိုဌာနကြီးအဖြစ် လုပ်ငန်းရှင်များအား ဝန်ဆောင်မှုပေးနိုင်ရန် မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (Myanmar International Trade Center-MITC) ကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ် (၆၂၂/၆၂၆)တွင် တည်ရှိသည့် မိမိဌာနပိုင် သုံးထပ်အဆောက်အအုံတွင် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။




အဆိုပါ သုံးထပ်အဆောက်အအုံ၌ မြေညီထပ်တွင် မြန်မာ့ပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ပို့ကုန်ပြခန်းနှင့် အရောင်းခန်းမကိုလည်းကောင်း၊ ပထမထပ်တွင် လုပ်ငန်းရှင်များ၏ မေးမြန်းစုံစမ်းမှုများ၊ လိုအပ်ချက်များကို ဖြေကြားအကူအညီပေးသည့်လုပ်ငန်းကိုလည်းကောင်း၊ ဒုတိယထပ်တွင် ပို့ကုန်ဈေးကွက် မြှင့်တင်ရေးအတွက် အရောင်းမြှင့်တင်ပွဲများ၊ ကုန်စည်ပြပွဲငယ်များ၊ စီးပွားရေးတွေ့ဆုံညှိနှိုင်းပွဲများ၊ ဆွေးနွေးပွဲနှင့် သင်တန်းများကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

ယခုအခါ မြေညီထပ်ကို စတင်အကောင်အထည်ဖော်နိုင်ရန်အတွက် မြေညီထပ်၏အရှေ့ဘက်ခြမ်းကို အမြဲတမ်းပို့ကုန်ပြခန်းအဖြစ်လည်းကောင်း၊ အနောက်ဘက်ခြမ်းတွင် မြန်မာ့ထုတ်ကုန် အရောင်းခန်းမအဖြစ်လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ရာ အမြဲတမ်းပို့ကုန်ပြခန်းနှင့် မြန်မာ့ထုတ်ကုန်အရောင်းပြခန်း လုပ်ငန်းစီမံခန့်ခွဲမှုများကို သင့်တော်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လိုပါ၍ ပြည်တွင်းမှ လက်လီအရောင်းနှင့် ပြခန်းလုပ်ငန်း အတွေ့အကြုံရှိသည့် နိုင်ငံသားပိုင်ကုမ္ပဏီများသည် မိမိတို့ဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားပါက စိတ်ဝင်စားမှုမှတ်တမ်း (Expression of interest-EOI) ကို ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဖုန်းနံပါတ် - ၀၆၇-၄၀၈၄၂၇၊ ၀၆၇-၄၀၈၄၂၈၊ Email: dgoffice. myantrade@gmail.com သို့ ဆက်သွယ်၍ EOI ပုံစံရယူပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်ထက် နောက်မကျစေဘဲ ပေးပို့နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**Myantrade**


## KGS Myanmar Co., Ltd.

**Piston Air Compressor, Screw Air Compressor, Oil Free Air Compressor, Air Treatment Equipments, Fire Fighting System Accessories & Equipments**

DENAIR Air Compressor

AIRHORSE AIR COMPRESSOR

AF COMPRESSORS

HD FIRE PROTECT


MAPLE Fire Security



No.(35), Sabei Street, Thirimoon Plaza, Bayintnaung, Mayangone Township, Yangon, Myanmar.
Tel: 09977100218, 09977100256, 09977100225
www.kgsmyanmar.com, www.facebook.com/kgsmyanmar
e.mail: salesfire@kgsmyanmar.com, salescompressor@kgsmyanmar.com


Myawaddy Travels & Tours.
Package Tours (Inbound / Outbound)
Tailor Made Tours
Hotel Reservation
Car Rental
Air Ticketing (International / Domestic)
Bus Tickets
Boat Services
Hot Air Balloon Service (Bagan / Inle)
BANGKOK TRIP
Singapore Trip
Seoul Korea Trip


Central Hotel
YANGON
Address : No(353-357), Bogyoke Aung San Road, Pabedan Township, Yangon, Myanmar.
Tel : 95 1 241001- 241020 (20lines)
Fax : 95 1 248003
Email : rsv@centralhotelyangon.com, sales@centralhotelyangon.com
Website : www.centralhotelyangon.com / www.centralhotelmyanmar.com


MYAWADDY
TRADING LIMITED
Vision
To be the leading organization in trading sector
Mission
To deliver best supports to achieve business goals by implementing the trading business in most efficient and effective way
MYAWADDY TRADING LIMITED
YANGON, MYANMAR
E-mail:
Website:


MOE NANTAW
TRANSPORTATION CO.,LTD
CONTAINER & GENERAL CARGO TRANSPORT SERVICES
▲ CONTAINER & GENERAL CARGOES ▲ MACHINERIES & EQUIPMENT
▲ PROJECT CARGOES
No. 78/82, Room No. 101, Botahtaung Zay Street, (3)Qtr, Botahtaung Tsp, Yangon.
Ph : 01-201814, 201815, 203401, 203098, 09 5162622, 09 8633771, (Res) 01-376694
aungmoe2772@gmail.com


The Leader in American Standard Cabling
LINK
American Standard
ယိုးဒယား နိုင်ငံမှ တင်သွင်းသော LINK တံဆိပ် Coaxial, UTP, Fiber, Multipair, Fire alarm cable, Speaker cable များ Networking accessories နှင့် Rack များ လက်လီ၊ လက်ကား ဝယ်ယူနိုင်ပါသည်။
• The Controller Solution
• Enterprise Class Wi-Fi
• Networking Switches
• Antenna & Network Camera
EnGenius
Singapore နိုင်ငံမှ တင်သွင်းသော EnGenius Wireless Devices များအား တစ်ဦးတည်း ကိုယ်စားလှယ် ဖြန့်ချိပေးနေပါသည်။
Private Training, Structure Cabling & Data Center Solution Services
PRO System & Networking
Authorised Distributor
EnGenius
No.159/B, Ground Floor, 47th Street, Upper Block, Botahtaung Township, Yangon, Myanmar 11161
sales@proitmyanmar.com, www.proitmyanmar.com
Mobile : 09964688886 / 09440688886
Office : 09954556550 / 01 295442

# ကုန်ပစ္စည်းများတင်ပို့ခြင်း၊ တင်သွင်းခြင်းနှင့် Inspection , Quarantine System အကြောင်း

*၂၀ရာစုနှောင်းပိုင်းမှစ၍ကမ္ဘာပေါ်ရှိနိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်သွယ်မှုပြုရာတွင် မိမိပြည်တွင်းစားသုံးသူ ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ ကုန်သွယ်မှုပြုလာကြသည်။ ကုန်သွယ်မှုဆိုရာ၌ နိုင်ငံတစ်နိုင်ငံ၏ ထွက်ကုန်ပစ္စည်းများ၊ ကမ္ဘာ့ဈေးကွက်အတွင်းနေရာရခြင်းသည် အဆိုပါနိုင်ငံ၏ ပုံရိပ်၊ ဂုဏ်သိက္ခာနှင့် နိုင်ငံတွင်းရှိပြည်သူလူထုများ၏ လူနေမှုအဆင့်အတန်းကိုပါ သက်ရောက်မှု များ ရှိလာပါသည်။ နိုင်ငံအသီးသီးတွင် အုပ်ချုပ်မှုပုံစံစနစ်အမျိုးမျိုးရှိ၍ စီးပွားရေးအတွက်လည်း စနစ်အမျိုးမျိုး အသုံးပြုကြသည်။*

**မောင်မောင် (CTQM)**

နိုင်ငံများသည်များသောအားဖြင့် ဈေးကွက်စီးပွားရေးစနစ် (Market Economic System)၊ ဗဟိုချုပ်ကိုင်စီးပွားရေးစနစ် (Command Economy System) နှင့် ရောပြွမ်းစီးပွားရေးစနစ် (Mix Economic System) စသည်တို့ကို အသုံးပြုလေ့ရှိပါသည်။ စီးပွားရေးနစ်တိုင်းသည် ကောင်းမွန်သော ဦးတည်ချက်မျိုးရှိပြီး၊ အဆိုပါ စီးပွားရေးစနစ်တိုင်း၏အောင်မြင်မှုဆိုသည်မှာ သက်ဆိုင်ရာနိုင်ငံအတွင်းရှိထုတ်လုပ်ရေး၊ တင်ပို့ရောင်းချရေး၊ အုပ်ချုပ်စီမံခန့်ခွဲရေး စသည့်ကဏ္ဍများ၌ ဆောင်ရွက်လုပ်ကိုင်နေကြသူများ၏ လိုက်ပါဆောင်ရွက်နိုင်မှုများနှင့် တိုက်ရိုက်ဆက်စပ်နေပေသည်။ ဈေးကွက်စီးပွားရေးစနစ်သည် ပုဂ္ဂလိကကဏ္ဍကို ဦးစားပေးမြှင့်တင်သည့်စနစ်ဖြစ်ပြီး၊ အစိုးရပိုင်းမှ ထိန်းကျောင်းပေးရန်သာ လိုအပ်သည်။ ကမ္ဘာပေါ်တွင် ဈေးကွက် စီးပွားရေးနစ်ကို တွင်ကျယ်စွာ အသုံးပြုသော နိုင်ငံတိုင်းတွင် အစိုးရအပိုင်းမှ တိုက်ရိုက်ပါဝင်ပတ်သက်ခြင်း မျိုးမရှိသော်လည်း စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် အခြေခံအဆောက်အအုံများ (Infrastructure) (ဥပမာလမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး)၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး (Trade Facilitation Procedure)၊ ဈေးကွက်သုတေသနနှင့် စစ်တမ်းများ (Market Research and Survey) စသည်ဖြင့် ဆောင်ရွက်လေ့ရှိပါသည်။ သို့သော် အဆိုပါအခန်းကဏ္ဍများအတွက် ကုန်ကျစရိတ်မှာ များပြားလွန်းလှပါသည်။


ခေတ်သစ်ကုန်သွယ်မှုတွင် ကုန်ပစ္စည်းတင်သွင်းသောနိုင်ငံများသည် ကုန်ပစ္စည်းများအတွက် သက်ဆိုင်ရာသတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်း၊ အဆင့်အတန်းစသည်ဖြင့် များစွာသော လိုအပ်ချက်များကို တောင်းခံ၍ ဝယ်ယူလေ့ရှိကြပါသည်။ လယ်ယာထွက်ကုန်များ အထူးသဖြင့် စားသောက်ကုန်များအတွက် အစားအစာ ဘေးကင်းလုံခြုံစိတ်ချရမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများဖြင့် ရှုပ်ထွေးလှစွာ စိစစ်ဝယ်ယူလေ့ရှိကြသည်။ ဤ အချက်သည် စိုက်ပျိုးရေးအခြေခံစားသောက်ကုန်များ တင်ပို့လျက်ရှိသည့် မြန်မာနိုင်ငံအနေနှင့် အထူးဂရုပြုရမည့်အချက် ဖြစ်ပေသည်။ အထူးသဖြင့် ကြွယ်ဝချမ်းသာသော နိုင်ငံများသည် ၎င်းတို့နိုင်ငံအတွင်း နေထိုင်သည့် ပြည်သူများ၏ ကျန်းမာရေးအတွက် စားသောက်ကုန်ပစ္စည်းများ တင်သွင်းမှုကို ပိုမိုဂရုစိုက် ကြပ်မတ်လေ့ရှိကြပါသည်။ ၁၉၉၅ ဝန်းကျင်ခန့်က တရုတ်နိုင်ငံ သည် ဂျပန်နိုင်ငံသို့ ဆန်တင်ပို့ရန် စီစဉ်ခဲ့ဖူးသည်။ ထိုစဉ်က တရုတ်နိုင်ငံတွင် အစားအစာကျန်းမာ သန့်ရှင်းစင်ကြယ်မှုဥပဒေ (Food hygienic law) ကို ပြဋ္ဌာန်းပြီး အဆိုပါဥပဒေသည်လည်း အသက်ဝင်နေပြီဖြစ်သည်။ နိုင်ငံအတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် စားသောက်ကုန်လုပ်ငန်းများအပေါ် တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းများချမှတ်ထားပြီး၊ စားသောက်ကုန်များနှင့်ပတ်သက်၍ အလေးထားမှု ပြုနေပြီလည်းဖြစ်သည်။ ဂျပန်နိုင်ငံ၏ ဆန်တင်သွင်းမှုဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များအရ တရုတ်ဆန်များကို စစ်ဆေးကြည့်ရာတွင် ပိုးသတ်ဆေးကြွင်းအပါအဝင် ခွင့်မပြုဓာတုဗေဒပစ္စည်းများ အမျိုးပေါင်း (၄၀) ကျော် သတ်မှတ်ပမာဏထက် ကျော်လွန်နေသည်ကို တွေ့ရှိခဲ့ရသည်။ ထို့နောက်တွင် တရုတ်နိုင်ငံသည် အစားအစာ ဘေးကင်းလုံခြုံစိတ်ချရမှု (Food Safety Law) ကို ၂၀၀၉ ခုနှစ်တွင် ထပ်မံပြဋ္ဌာန်းခဲ့ပြီး၊ နိုင်ငံအတွင်းရှိ စိုက်ပျိုးရေးထုတ်ကုန်များနှင့် စားသောက်ကုန်များ၏ အရည်အသွေးနှင့် ကျန်းမာသန့်ရှင်းမှုများကို အတိုင်းအတာတစ်ခုထိ တိုးမြှင့် ဆောင်ရွက်ထားနိုင်ခဲ့ပါသည်။ အဆိုပါနှစ်မှာပင် ဂျပန် နိုင်ငံသို့ ဆန်တင်ပို့ရန် ထပ်မံကြိုးစည်ခဲ့ပြီး၊ ဂျပန်နိုင်ငံရဲ့ စစ်ဆေးမှုကို ထပ်မံခံယူခဲ့ပြန်ပါသည်။ တရုတ် စီးပွားရေးအသိုင်းအဝိုင်းဘက်မှ ၎င်းတို့ရဲ့ကုန်ပစ္စည်းအပေါ် တိုးတက်ကောင်းမွန်သောရလဒ် ထွက်ပေါ်ရန် မျှော်မှန်းခဲ့ကြသော်လည်း စစ်ဆေးချက်ရလဒ်အရ ပိုးသတ်ဆေးကြွင်း၊ သတ္တုဆိပ်၊ မှိုဆိပ်နှင့်အခြား ခွင့်မပြုဓာတုဗေဒပစ္စည်းပါဝင်မှုအမျိုးပေါင်း ၄၀၀ ကျော် တွေ့ရှိပြီးအောင် ဖျာလိပ်ခဲ့ရပြန်ပါသည်။

နိုင်ငံတိုင်းတွင် ပို့ကုန်သွင်းကုန်များနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းနှင့် တားမြစ်ခြင်းဆိုင်ရာစနစ် များ (Inspection and Quarantine System) ထားရှိပါသည်။ အထူးသဖြင့် Quarantine System များသည် လွတ်လပ်သောကုန်သွယ်မှုဇုန် (Free Trade Area) များတွင် ပိုမိုအသုံးတည့်ပါသည်။ ကုန်သွယ်မှုတိုးတက်ဖွံ့ဖြိုးရန်နှင့် ဒေသတွင်း ချစ်ကြည်ရင်းနှီးမှုတိုးတက်စေရန်အတွက် အချို့သော နိုင်ငံများသည် လွတ်လပ်သော ကုန်သွယ်မှုဇုန်များ တည်ထောင်လေ့ရှိကြပါသည်။ လွတ်လပ်သော ကုန်သွယ်မှုဇုန်များသည် များသောအားဖြင့် တစ်နိုင်ငံမှ ကုန်ပစ္စည်းများကို အခြားတစ်နိုင်ငံမှ တင်သွင်းရာတွင် အကောက်ခွန်မဲ့ ခွင့်ပြုပေးခြင်းမျိုး ဖြစ်ပါသည်။ သို့သော် ပင်ရင်းနိုင်ငံမှန်ကန်ကြောင်း ထောက်ခံချက် စသည့်အချက်များနှင့် အခြားသော သတ်မှတ်ချက်များ လိုအပ်ပါသည်။ သို့မှသာ Free Trade Area ပြင်ပနိုင်ငံမှ ကုန်ပစ္စည်းများ တစ်ဖက်လှည့်အနေထားဖြင့် လှည့်မဝင်လာနိုင်မှာ ဖြစ်ပါသည်။ သို့သော်လည်း Free Trade တိုင်းသည် Fair Trade မဟုတ်သည့်အတွက်ကြောင့် ကောင်းကျိုးနဲ့ အတူဆိုးကျိုးကိုလည်း ခံစားရစမြဲဖြစ်ပါသည်။ အရည်အသွေးညံ့ဖျင်းသော ပစ္စည်းများ၊ တစ်ဖက်နိုင်ငံအတွင်း ပိတ်ပင်လိုက်သော ကုန်ပစ္စည်းများ၊ ကုန်ပစ္စည်းများနှင့် အတူပါလာသည့် ဘေးထွက်ဆိုးကျိုးများ (ဥပမာ စိုက်ပျိုးရေးထွက်ကုန်များနှင့် ပါလာနိုင်သည့် ပိုးမွှား၊ ဓာတုပစ္စည်းများ) စသည်တို့ ပါဝင်သော ကုန်ပစ္စည်းများကို တင်သွင်းမိပါက မိမိနိုင်ငံရှိ စားသုံးသူပြည်သူများ၏ ကျန်းမာရေး၊ အခွင့်အရေး စသည်တို့အပြင် သဘာဝပတ်ဝန်းကျင်ကိုပါ ထိခိုက်စေမည်ဖြစ်ပါသည်။ ထို့အတွက် စစ်ဆေးခြင်းနှင့် တားမြစ်ခြင်း (Inspection and Quarantine System) သည် ထားရှိဖို့လိုအပ်မည်ဖြစ်ပါသည်။ **ဆက်လက်ဖော်ပြပါမည်။**

---

**စာမျက်နှာ (၈) ကျေးလက်ဒေသ ထွက်ကုန်၊ ထုတ်ကုန်များအား . . . မှအဆက်**

၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်း အထိတရုတ်နိုင်ငံ၏ ကျေးလက်ဒေသခံများသည် အွန်လိုင်းမှ ကုန်စည်နှင့် ဝန်ဆောင်မှု အတွက် လက်လီရောင်းချမှုမှ ယွမ်ဘီလီယံ ၆၀၀ ကျော်ရရှိခဲ့ကြောင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများရောင်းချမှုမှ ယွမ်ဘီလီယံ ၉၀ ကျော် ရရှိခဲ့ကြောင်းကိုလည်း ထုတ်ပြန်ချက်အရ သိရသည်။




Rural E-Commerce ကို အောင်မြင်စေရန်အတွက်မှာ စိုက်ပျိုးထုတ်လုပ်သူများနှင့် လုပ်ငန်းစဉ်တစ်လျှောက်တွင် ပါဝင်ဆောင်ရွက်မည့်လူများအား အရည်အသွေးမြှင့်တင်ပေးခြင်းသည် အထူးလိုအပ်ပါသည်။ သို့ဖြစ်ရာ နည်းပညာများကို အသုံးပြုရောင်းဝယ်တတ်ရန် ပညာပေးခြင်း၊ ကုန်ပစ္စည်းများ၏ စံအရည်အသွေး ခိုင်မာအောင်ဆောင်ရွက်စေခြင်း၊ ခိုင်မာလျင်မြန်လွယ်ကူသော E-Banking စနစ်ကို ပံ့ပိုးပေးခြင်း၊ ICT ကဏ္ဍတိုးတက်ကောင်းမွန်စေခြင်း၊ အခြေခံအဆောက်အဦများ ဖြည့်တင်းပေးခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် လွယ်ကူချောမွေ့စေရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စီမံကိန်းများ ချမှတ်ကာ အရောင်းမြှင့်တင်ခြင်းနှင့် ကုန်ပစ္စည်းကိုဈေးကွက်တင် ရောင်းချမည့် (Online Channels) များအား ထိရောက်စွာ ရွေးချယ်တတ်ခြင်း၊ မိမိတို့၏ ဒေသထွက်ကုန်များကို ဦးစားပေးရွေးချယ်ခြင်းနှင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုကဲ့သို့သော နည်းလမ်းများကို အသုံးချထိုးဖောက်နိုင်ရန်တို့သည် မပါမဖြစ်သော အစိတ်အပိုင်းများ ဖြစ်ပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် E-Commerce ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ရေးကြိုးပမ်းနေသလို Rural E-Commerce ဖြစ်ပေါ်လာစေရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးထုတ်လုပ်ရောင်းချမှုကွင်းဆက်တစ်လျှောက်ရှိ လုပ်ငန်းများတစ်ပြိုင်တည်း တိုးတက်ပါဝင်လာနိုင်ရေးကိုလည်း အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် Electronic Transaction Law (2014) ဥပဒေ၊ နိုင်ငံသားများ၏ လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လူပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှု ကာကွယ်ပေးမှု ဥပဒေ(၂၀၁၇)၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၊ ဆက်သွယ် ရေးဥပဒေများကို ပြဋ္ဌာန်းထားပြီးဖြစ်သလို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း UNCTAD ၏ အကူအညီဖြင့် E- Trade Readiness Assessment ကို ရေးဆွဲ ကာ Action Matrix (၄၈)ခုဖြင့်လည်း လုပ်ဆောင်လျက်ရှိသည်ကို သိရှိရပါသည်။

သို့ဖြစ်ရာ လယ်ယာစိုက်ပျိုးရေးကိုအခြေခံပြီး လယ်ယာထွက်ကုန်များကိုအဓိကတင်ပို့ရောင်းချသော မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ နည်းပညာအသုံးပြု တင်ပို့ရောင်းချနိုင်ရေးကို အထူးအလေးထား လုပ်ဆောင်ရမည်ဖြစ်ပါသည်။ အခြားနိုင်ငံများ၏ လုပ်ဆောင်မှုများကို နမူနာယူကာ အခက်အခဲများကို ကြိုတင်ပြင်ဆင်ဖြည့်တင်းနိုင်မည်ဖြစ်ပြီး ပိုမိုလျင်မြန်သော နည်းလမ်းများကိုလည်း ရွေးချယ်နိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံသားများ၏ အွန်လိုင်းအသုံးပြုနိုင်မှုကို လေ့လာကြည့်ပါက ဖုန်းသုံးစွဲမှုအပိုင်းတွင်ပင် အခြားနိုင်ငံများ၏ အဆင့်ဆင့်ပြောင်းလဲလာသော ဖုန်းသုံးစွဲမှုအဆင့်များကို ခုန်ကျော်ကာ အမြင့်ဆုံးအဆင့်ဖြစ်သည့် စမတ်ဖုန်းကို ကျေးလက်ဒေသပါမကျန် အများအပြားအသုံးပြုနိုင်မှုကို နိုင်ငံအများမှ အံ့သြခဲ့ရသည်။ ထိုနည်းတူပင် အဆိုပါနည်းလမ်းအတိုင်း အခြားနိုင်ငံများ၏ Rural E-Commerce အဆင့်များကို နမူနာယူကာ ခုန်ကျော်ပြီး အမြင့်ဆုံးအဆင့်သို့ အမြန်ဆုံးဆောင်ရွက်နိုင်ပါက ရည်မှန်းချက်ကို လျင်မြန်စွာ ရောက်ရှိမည်ပင်ဖြစ်ပါ သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ဘဝကို တိုးတက်မြှင့်တင်နိုင်ရေးကိုလည်း လျှင်မြန်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သလို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါသည်။ ထို့ကြောင့် Rural E-Commerce အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ဖြည့်တင်းဆောင်ရွက်ကာ ကျေးလက်ဒေသထွက်ကုန်၊ ထုတ်ကုန်များအား အီလက်ထရွန်းနစ်သုံး ရောင်းဝယ်ဖောက်ကားမှု (E-Commerce) နည်းလမ်းအသုံးပြုဆောင်ရွက်နိုင်ရန် ကူညီခြင်းဖြင့် ကုန်သွယ်မှုကဏ္ဍကို တစ်ခတ်ဆန်းကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

**Source: Mekong Institute**

# အိမ်နီးချင်းကောင်း စိတ်ဓာတ်အခြေခံကာ အိန္ဒိယနှင့် မြန်မာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြမည်

**မောင်လွင်ပြင်**

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ သမ္မတရှရီရမ်နက်သ် ကိုမင့်ဒ်နှင့်ဇနီးတို့ မြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၁၀ ရက်တွင် ရောက်ရှိပြီး ဒီဇင်ဘာ ၁၄ ရက်အထိ နေထိုင်သွားခဲ့သည်။ ဒီဇင်ဘာ ၁၁ ရက်တွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့် နေပြည်တော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ သီးခြားစီတွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများ အပြန်အလှန်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြ၏။

နိုင်ငံတော်သမ္မတနှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတတို့နှစ်ဦး တွေ့ဆုံရာတွင် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံမှ ပဲမျိုးစုံ တင်ပို့နိုင်ရေးအတွက် သီးသန့်ကိုတာ (Quota) ကို အိန္ဒိယနိုင်ငံက ခွင့်ပြုပေးရေး၊ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ အကူအညီပေးရေး၊ မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေး၊ မြန်မာနိုင်ငံတွင် နေရောင်ခြည်စွမ်းအင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိပြည်သူများ၏ ဘဝလုံခြုံအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာတွင် အိမ်နီးချင်း ကောင်း စိတ်ဓါတ်ဖြင့် အပြန်အလှန် ရိုင်းပင်းကူညီရေးတို့အတွက် အိန္ဒိယနိုင်ငံဘက်က အကူအညီပေးရေး၊ ချင်းပြည်နယ်တွင် စတင် ဆောင်ရွက်ရန် အကောင်အထည်ဖော်တော့မည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးအတွက် အိန္ဒိယနိုင်ငံက ကူညီထောက်ပံ့ပေးနေသည့်အရေး၊ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ပုဂံဘုရားပုထိုးများ ပြုပြင်မွမ်းမံရေးတွင် အကူအညီပေးနေသည့်အရေးနှင့် နှစ်နိုင်ငံပြည်သူများ ပိုမိုရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုခိုင်မြဲရေး၊ အိန္ဒိယနိုင်ငံသား ခရီးသွားများအား မြန်မာနိုင်ငံက ဆိုက်ရောက်ဗီဇာ ထုတ်ပေးခဲ့သည့်အရေး စသည့် အရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အပြန်အလှန် ဆွေးနွေးပြီးကြသောအခါ နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပခဲ့သည်။ နှစ်နိုင်ငံသမ္မတများ ရှေ့မှောက်၌ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြရာ ၂၀၁၈-၂၀၂၂ ခုနှစ် ကာလအတွက် နှစ်နိုင်ငံအစိုးရများအကြား သိပ္ပံနှင့် နည်းပညာ ပူးပေါင်း ဆောင်ရွက်မှုအစီအစဉ် နားလည်မှု စာချွန်လွှာ၊ မြန်မာတရားသူကြီးများနှင့် တရားစီရင်ရေးအရာရှိများအတွက် သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာတို့ကို လက်မှတ်ရေးထိုးခဲ့ကြ၏။ ထို့နောက် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်နေရာချထားရေး၊ အိန္ဒိယအစိုးရက ထောက်ပံ့ပေးထားသည့် Prefabricate Houses အလုံး ၂၅၀ အနက် တည်ဆောက်ပြီး အိမ်အလုံး ၅၀ ကို အိန္ဒိယနိုင်ငံက လွှဲပြောင်း ပေးအပ်ခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာများ ဖော်ပြချက်အရ သိရသည်။

အိန္ဒိယနိုင်ငံသမ္မတနှင့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြရာတွင်လည်း နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံဆွေးနွေးခဲ့သကဲ့သို့ပင် နဂိုကတည်းက ရှိနှင့်ထားခဲ့ပြီးသော ချစ်ကြည်ရင်းနှီးမှုသမိုင်းကြောင်း ရှည်လျားသည့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား အိန္ဒိယကထောက်ခံပြီး ဆက်လက်ကူညီပေးသွားရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသနေပြည်သူများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှု အပြန်အလှန်မြှင့်တင်ရေးနှင့် အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်ရေးတို့အတွက် ဆက်လက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အိန္ဒိယနိုင်ငံ သံရုံးနေပြည်တော်သို့ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် နေပြည်တော်၌ ယာယီဆက်ဆံရေးရုံးဖွင့်လှစ်နိုင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များအတွက် မြန်မာနိုင်ငံက ကြိုးပမ်းဆောင်ရွက်ချက်များကို အိန္ဒိယ နိုင်ငံက ဆက်လက် ပူးပေါင်းဆောင်ရွက်ရေး စသည့်အရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်ဟု သိရ၏။

မြန်မာနိုင်ငံသို့လာရောက်မည့် အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့် ခရီးသွားများအား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်ကစပြီး ဆိုက်ရောက် ဗီဇာ ခွင့်ပြုထားပြီးဖြစ်သည်။ ယင်းကိစ္စအတွက် အိန္ဒိယအစိုးရက မြန်မာအစိုးရအား ကျေးဇူးတင်ကြောင်း ပြောကြားသည်။ နှစ်နိုင်ငံ အစိုးရများသည် အင်ဒို-ပစိဖိတ်ဒေသတွင် နယ်ပယ်ကဏ္ဍစုံ၊ အထူးသဖြင့် ပင်လယ်ရေကြောင်းလုံခြုံရေး၊ လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ၊ သဘာဝဘေးအန္တရာယ်လျော့ပါးစေရေး၊ နိုင်ငံဖြတ်ကျော် မှုခင်းများနှင့် နှစ်ဖက်အပြန်အလှန် အကျိုးရှိသော ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတို့တွင် အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး သယ်ယူပို့ဆောင်ရေး စီမံကိန်းနှင့်ပတ်သက်ပြီး အနီးဝန်းကျင် ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်စီးပွားရေးတွင် အသုံးပြုနိုင်မည့် အခြေခံ အဆောက်အဦများရှိပြီးဖြစ်သော စစ်တွေဆိပ်ကမ်းနှင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ပလက်ဝဆိပ်ကမ်းတို့၌ ဆိပ်ကမ်းလုပ်ငန်း စီမံခန့်ခွဲသူခန့်ထားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် နှစ်ဖက်အစိုးရများက ကြိုဆိုခဲ့သည်။ ပလက်ဝမှ အိန္ဒိယနယ်စပ် ဇိုရမ်ပူသို့ လမ်းဖောက်လုပ်ရေး စီမံကိန်း၏ နောက်ဆုံးအဆင့်လုပ်ငန်း ဆောင်ရွက်မှုအပေါ်လည်း နှစ်ဖက်အားရကျေနပ်ကြသည်။ ဇိုရမ်ပူ နှင့် ပလက်ဝမှတစ်ဆင့် နယ်စပ်ဖြတ်ကျော်ပြီး စီမံကိန်းဆိုင်ရာ ဝန်ထမ်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းပစ္စည်းများနှင့် ကိရိယာများ ရွှေ့ပြောင်းသယ်ဆောင်မှုအတွက် ပံ့ပိုးဆောင်ရွက်ရန်လည်း နှစ်ဖက်စလုံး သဘောတူပြီးဖြစ်သည်။ အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ ဖြတ်မည့် အမြန်လမ်းမကြီး၏ မြန်မာနိုင်ငံဘက်ခြမ်းရှိ လမ်းပိုင်းများအား အိန္ဒိယအဖွဲ့အစည်းများက ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတိုးတက်မှု အခြေအနေကိုလည်း နှစ်ဖက်အစိုးရတို့က ကြိုဆိုခဲ့ကြသည်။ ရိဒ်-တီးတိန်လမ်းပိုင်း လုပ်ငန်းစတင်ရန်အတွက် လိုအပ်သည့် အချက်အလက်များ ဆောလျှင်စွာ ထောက်ပံ့ပေးသွားရန်ကိုလည်း မြန်မာနိုင်ငံဘက်က သဘောတူခဲ့ပြီး ဖြစ်သည်။

ချင်းပြည်နယ်ရှိ ရိဒ်ခေါဒါ-ဇိုခေါဒါ တံတားနှင့် ဘွေနု တံတားများအတွက် အသေးစိတ်စီမံကိန်း အစီရင်ခံစာ ပြုစုရန် ကွင်းဆင်းဆောင်ရွက်နေမှုများ ပြုလုပ်ပြီးဖြစ်ကြောင်းကိုလည်း နှစ်နိုင်ငံ အသိအမှတ်ပြုခဲ့ကြသည်။ ထို့ပြင် ကလေးမြို့လေဆိပ်အား အဆင့်မြှင့်တင်ရန် အိန္ဒိယလေဆိပ်အာဏာပိုင်အဖွဲ့မှ စီမံကိန်း အသေးစိတ်အစီရင်ခံစာ ပြုစုထားပြီးဖြစ်ကြောင်း အိန္ဒိယအစိုးရက အသိပေးပြောကြားခဲ့သည်။ ယင်းအစီရင်ခံစာအား မြန်မာအစိုးရထံ မကြာမီပေးပို့ပြီး ငွေကြေးကျခံသုံးစွဲမည့် အစီအစဉ်ကို နှစ်ဖက်ဆက် လက်ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်သည်။ ရခိုင်ပြည်နယ်အရေးကိစ္စ တွင်လည်း လူသားချင်းစာနာမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လုံခြုံရေးဆိုင်ရာ ကဏ္ဍများ အဓိကပါဝင်ပတ်သက်နေကြောင်း၊ နှစ်ဖက်ခေါင်းဆောင် များ သဘောတူညီခဲ့ပြီးဖြစ်သည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရရှိထားသည့် သဘောတူချက်နှင့်အညီ စိစစ်အတည်ပြုပြီးသည့် နေရပ်စွန့်ခွာသွားသူများ နေရပ်သို့ ပြန်လည်ဝင်ရောက်ရေးကို အိန္ဒိယနိုင်ငံက ထောက်ခံပြီးလည်းဖြစ်သည်။ အိန္ဒိယနိုင်ငံက လက်ရှိခွဲဝေပေးအပ်ထားသည့် နှစ်နိုင်ငံနယ်စပ်ဒေသ၊ အထူးသဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ဖွံ့ဖြိုးတိုးတက်ရေး ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂၅ သန်း အကူအညီဖြင့် လုပ်ငန်းအကောင်အထည်ဖော်မှုများ ပြီးဆုံးပါက ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆက်လက်တိုးချဲ့ပေးအပ်သွားရန် ဆန္ဒရှိကြောင်း အိန္ဒိယအစိုးရက ပြောကြားခဲ့သည်။

မြန်မာ- အိန္ဒိယနှစ်နိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ထောက်ပံ့မှုကွန်ရက်များ ပေါင်းစည်းမှု ပိုမိုမြှင့်တင်ရေးကိုလည်း လုပ်ဆောင်ရန် နှစ်ဖက်စလုံး သဘောတူပြီးဖြစ်သည်။ မကြာမီကာလအတွင်း အိန္ဒိယရှေးဟောင်းသုတေသနဌာနက စတင်အကောင်အထည်ဖော်မည့် ပုဂံဒေသရှိစေတီ ၉၂ ဆူအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကိုလည်း နှစ်ဖက်ခေါင်းဆောင်များက ကြိုဆိုကြသည်။ ပြုပြင်ပြောင်းလဲဖွဲ့စည်းတော့မည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ရန် အိန္ဒိယနိုင်ငံ ကြိုးပမ်းနေမှုကိုလည်း မြန်မာနိုင်ငံက ထောက်ခံထားသည်။ အထက်ဖော်ပြပါတို့သည် အိန္ဒိယနှင့် မြန်မာနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုများ၊ အပြန်အလှန်ဆက်ဆံရေးများ၊ သံခင်းတမန်ခင်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ဖြစ်ပါကြောင်း လေ့လာကောက်နုတ်တင်ပြလိုက်ရပါသည်။

**(စာရေးသူ၏ အာဘော်သာဖြစ်သည်)**



# မြဝတီဘဏ်လီမိတက်မှ Golden Europe Award for Quality ဆုလက်ခံရရှိ

ကမ္ဘာအနှံ့အပြားမှ စီးပွားရေးလုပ်ငန်းများအား ၎င်းတို့၏ လုပ်ငန်းလုပ်ကိုင်မှု၊ ဝါယမစိုက်ထုတ်မှု၊ တီထွင်ကြံဆမှုနှင့် အရည်အသွေးရှိမှုတို့ကို အားပေးခြင်း၊ အသိအမှတ်ပြုခြင်းတို့ဖြင့် မိမိတို့၏ နိုင်ငံများရှိ စက်မှုနှင့် ကုန်သွယ်ရေးတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပြင်သစ်နိုင်ငံ အခြေစိုက် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ခေါင်းဆောင်များအသင်း (Global Trade Leader's Club) က Golden Europe Award For Quality 2018 ချီးမြှင့်ပေးအပ်ပွဲကို ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့ရှိ Meridien Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ ဆုပေးရန်ရွေးချယ်ထားတဲ့ နိုင်ငံများမှ company (၃၀) တက်ရောက်ခဲ့ပြီး ဆုရရှိသည့် အဖွဲ့အစည်းများအနက် Financial Sector အနေဖြင့် International Bank များဖြစ်သည့် CAC International Bank (DJIBOUTI)၊ NEPAL KHADHYA Bank .,Ltd (Nepal)နှင့် မြဝတီဘဏ်လီမိတက်တို့ ပါဝင်ပါသည်။

အဆိုပါဆုမှာ ဖွံ့ဖြိုးစ နိုင်ငံများကို ဦးစားပေး ရွေးချယ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ မြဝတီဘဏ်လီမိတက်နှင့်



Mayyu Land International Services Co.,Ltd တို့မှ တက်ရောက်ခဲ့ပါသည်။ ပြင်သစ်သံမှူးကြီး ဦးသိန်းမင်းထွန်း၊ မြဝတီဘဏ်လီမိတက်မှ အမှုဆောင်အရာရှိချုပ် ဦးယုလွင်နှင့် Independent Director ဦးကျော်မြင့်တို့က ဆုလက်ခံရယူခဲ့ပါသည်။

ဆုရွေးချယ်မှုအနေဖြင့် အဆိုပါအသင်း၏ အဖွဲ့ဝင်စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများဆိုင်ရာ ကုမ္ပဏီများ၏ ထောက်ခံချက်များအပေါ် အခြေခံပြီး အသင်းဝင်များအကြား နှစ်စဉ်ပြုလုပ်သည့် အချက်အလက်လေ့လာရှာဖွေမှု (Survey) များမှတစ်ဆင့် ပထဝီနယ်မြေတစ်ခုချင်းအလိုက် ကဏ္ဍတစ်ခုချင်းစီ၏ အကြံပြုချက်များအပေါ် အခြေခံထားပါကြောင်း၊ အစိုးရနဲ့ပုဂ္ဂလိကပိုင်းဆိုင်ရာ သတင်းအချက်အလက်များကို ကိုင်တွယ်ရတဲ့ အပြည်ပြည်ဆိုင်ရာ ဈေးကွက်နှင့် စီးပွားရေးဆက်သွယ်ရေး အထူးကျွမ်းကျင်တဲ့ အဖွဲ့အစည်းများဖြစ်သော ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းများ၊ သံရုံးများရှိ ကူးသန်းရောင်းဝယ်ရေးရုံးများ၊ ကုန်သွယ်ရေးပြပွဲများ၊ အတိုင်ပင်ခံအကြံပေးကုမ္ပဏီများ၊ မီဒီယာများမှ တစ်ဆင့်ရရှိတဲ့ အချက်အလက်များကို ထည့်သွင်းစဉ်းစားပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာအသင်းတွင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍအမျိုးမျိုးတွင် လုပ်ကိုင်နေကြသော ခေါင်းဆောင်များ ပါဝင်ပြီး အသင်းဝင်နိုင်ငံပေါင်း ၉၅ နိုင်ငံမှ အဖွဲ့ဝင် ၇၅၀၀ ရှိကြောင်း၊ ယခု ဆုတံဆိပ်ရရှိခြင်းဖြင့် အလိုအလျောက် အသင်းဝင်ဖြစ်သွားပြီး အသင်းကြီး၏ တင်းပြည့်အဖွဲ့ဝင်ဖြစ်လာသည့်အတွက် အခြားနိုင်ငံပေါင်း ၉၀ ကျော်မှ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဆက်သွယ် ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း၊ အဆိုပါ ဆုတံဆိပ်အပ်နှင်းခြင်းခံရခြင်းသည် အရည်အသွေးရှိခြင်းနှင့် ထင်ပေါ်ကောင်းမွန်ခြင်းတို့၏ ကမ္ဘည်းပြယုဂ်ဖြစ်သည်။ ဆုတံဆိပ်အပ်နှင်းခံ ကုမ္ပဏီများအတွက် အခွင့်ကောင်း အခွင့်ထူးကြီးဖြစ်ရာ ၎င်းတို့အတွက် အလွန်ထိရောက်သော ကိရိယာအနေဖြင့် အများသိကျော်ကြားခြင်း၊ ဈေးကွက်ဖန်တီးခြင်းတို့ကို ဖြစ်ပေါ်စေကြောင်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းကြီး၏ အစိတ်အပိုင်းဖြစ်လာပြီး ကြီးမားသော ဆက်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် နာမည် တံဆိပ်ကို မြင့်တက်လာနိုင်မည်ဖြစ်ကြောင်း၊ ၎င်းအပြင် အသင်းမှထုတ်ဝေသော မဂ္ဂဇင်းကို အင်တာနက်ပေါ်တွင် တင်ထားသောကြောင့် ဆုလက်ခံရရှိသည့် ကုမ္ပဏီလိပ်စာ၊ ဆုလက်ခံရယူသည့် ဓာတ်ပုံများ၊ ကုမ္ပဏီသမိုင်းကြောင်း၊ လုပ်ငန်းအခြေအနေများကို ထပ်ဆင့်ဖောက်သည်များ၊ စီးပွားဖက်များနှင့် အခြားဆက်သွယ်မှုပြုလိုသည့် ကုမ္ပဏီများသို့ ပေးပို့ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **TW**

## မိုဒယ်လ်မြင့် ဂျပန်ညာမောင်းကားလေးများနှင့် ခရီးသွားကားများ အဝယ်ရှိလာ

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း အရောင်းအဝယ်တစ်ပြေးညီကောင်းလာခြင်း မဟုတ်သော်လည်း ဂျပန်ညာမောင်း အကွာရာနိမ့်ကားလေးများနှင့် အင်ဂျင်ပါဝါ အလယ်အလတ်ရှိ ဝက်ဂွန်ကားများ အရောင်းအဝယ်အနည်းငယ် လိုက်လာကြောင်း သိရသည်။

ကားဈေးကွက်များထဲတွင် ရန်ကုန်လိုင်စင်ကားများသာ အရောင်းအဝယ်တွင် ထိပ်ပိုင်းမှာရှိနေသဖြင့် ရန်ကုန်လိုင်စင်ချထားပေးနိုင်ချေ သတင်းဆက်အားလည်း ကားလောကသားများ အမြဲစုံစမ်းလေ့လာနေသလို ယခုကာလသည်လည်း ရန်ကုန် ကိုတာခွဲတမ်းအဖြစ် ဖော်ဆောင်မည့် ရန်ကုန်လိုင်စင်မှာအင်ဂျင်ပါဝါ၊ အမျိုးအမည်မခွဲခြားဘဲ တစ်ပြေးညီအဖြစ် သိန်း ၉၀ ဝန်းကျင်ကောက်ခံမည့် သတင်းပိုမိုကျယ်ပြန့်လာသည့်အတွက် ခိုင်လုံသည့်အချိန်အထိ စောင့်ဆိုင်းမနေတော့ဘဲ အကွာရာတန်းနိမ့် ဂျပန်ညာမောင်းကားလေးများသော်လည်းကောင်း၊ အင်ဂျင်ပါဝါ ၁. ၈ မှ ၂. ၄/၃. ၀ အလယ်အလတ်ရှိ ဝက်ဂွန်ကားများအားလည်းကောင်း သုံးစွဲစီးနင်းလိုသူများမှ ပြန်လည်အဝယ်လိုက်လာကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းအကျိုးဆောင် ကိုမြင့်ကျော်မှ ပြောသည်။

လတ်တလောစီးနင်းလိုသူဖြစ်စေ၊ ရန်ကုန်ကိုတာခွဲတမ်းသတ်မှတ်ချိန်တွင် ဈေးပိုမြင့်သွားမည်အား စိုးရိမ်သဖြင့် ကောက်ထားလို၍ဖြစ်စေ၊ ဂျပန်ညာမောင်းကားလေးများနှင့် တကွ ၂. ၄ ပါဝါရှိ ကလူဂျာ၊ ၁. ၈ အင်ဂျင်ပါဝါရှိ ဝှရှ်၊ ၂. ၇ ပါဝါရှိ ပရာဒိုစသည့် ဝက်ဂွန်ကားလတ်များပါ ဈေးကွက်ထဲတွင် အနည်းငယ်အဝယ်လိုက်လာကြောင်း ၎င်းကပြောသည်။

ယခုအခါ စက်သုံးဆီဈေးနှုန်းများ ပြန်လည်ကျဆင်းလာသဖြင့် ယခင်လများက ဈေးမာခဲ့သော စီအန်ဂျီဓာတ်ငွေ့သုံး တက္ကဆီအငှားယာဉ်များ ပြန်လည်ဈေးမှန်လာပြီး ပုံမှန်အဝယ်သာရှိလာကြောင်း၊ ကားလေးများ ဈေးကွက်တွင် ၂၀၁၈ ခုနှစ်ထုတ် အထက်ပိုင်း ၁၁/၁၂/၁၃/၁၄ ခုနှစ်ထုတ် ယာဉ်များ အထူးသဖြင့် အင်ဂျင်ပါဝါ ၁. ၃ သုံးကား ဂျပန်ညာ မောင်းကားလေးများ ရက်ပိုင်းအတွင်း သိန်း ၂၀၀ ဝန်းကျင် နယ်လိုင်စင်ကားများပါ အဝယ်ပြန်ရှိလာကြောင်း ယင်းတို့မှ ပြောသည်။ **SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ/ဗစ်(၂၀၁၀) | G | ၁၄၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဖိလ်ဒါ (၂၀၀၄) | L | ၂၀၀ သိန်း | ၁.၈ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | ကလူဂျာ (၂၀၀၃) | I | ၃၉၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန်ခုံ (၂) တန်း |
| ၄။ | ဟွန်ဒါဖစ် (၂၀၁၂)ရှုပ် | Q | ၃၂၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ရက်တစ် (၂၀၁၁) | P | ၂၂၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဘယ်(လ်)တာ (၂၀၀၇) | G | ၁၆၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | မတ်(စ်)တူး (၂၀၀၂) | C | ၁၇၀ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဒီမီယို (၂၀၀၈) | E | ၁၂၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အင်ဆိုဒ် (၂၀၀၉) | I | ၁၉၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |



## တစ်ပတ်အတွင်း ရော်ဘာအဆင့်စုံ တန်ချိန် ခုနစ်ထောင်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၀၂ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၄၈၇၄ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်မှ တင်ပို့မှုများမှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS-1 အမျိုးအစား ၆၇ တန်ကျော်၊ RSS-3 အမျိုးအစား ၃၅၁၄ တန်၊ MSR-20 အမျိုးအစားတန်ချိန် ၇၅၀ ခန့်တင်ပို့ခဲ့ပြီး ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ MSR - 10 အမျိုးအစား ၂၀၅ တန်ကျော်၊ MSR - 20 အမျိုးအစားတန်ချိန် ၁၀၀ နဲ့ RSS-5 အမျိုးအစား ၃၈ တန်ခန့် တင်ပို့ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ MSR-10 အမျိုးအစား တန်ချိန် ၂၀၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ကုန်သွယ်ရေးစခန်းများရဲ့ ယခင်တစ်ပတ်ရော်ဘာတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၉၄၆ တန်လျော့နည်းခဲ့တာတွေ့ရပါတယ်။ တစ်ပတ်အတွင်း မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS-3 အမျိုးအစားတစ်တန်လျှင် ကျပ် ၁၇ ဒသမ ၃၂၈ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း သိရပါတယ်။

ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၂၈၇ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၂၆၉၂ တန်ခန့်ကို မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံနဲ့အိန္ဒိယနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၅၉၅ တန်နဲ့ MSR - 20 အမျိုးအစား တန်ချိန် ၂၀၀၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား ၁၄၈၉ တန်နဲ့ MSR 3L အမျိုးအစား ၁၀၅ တန်၊ MSR - 10 အမျိုးအစား ၂၀၂ တန်နဲ့ အိန္ဒိယနိုင်ငံသို့ MSR - 10 အမျိုး အစား ၁၀၁ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၈၅၆ တန်ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာဈေးအတက် အကျသိပ်မရှိကြောင်းနဲ့ မြန်မာနိုင်ငံမှ ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

တစ်ပတ်အတွင်း ရော်ဘာတင်ပို့မှု စုစုပေါင်းမှာ ရော်ဘာအဆင့်စုံ ၇၅၆၆ တန်ဖြစ်ပါတယ်။ ကုန်သွယ်ရေးစခန်း များမှ တင်ပို့မှုလျော့ကျခဲ့သော်လည်း ရေကြောင်းကုန်သွယ်မှု မှ ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။ **ယဉ်ယဉ်အေး**

# အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ မြို့နယ် (၃) မြို့နယ်ရှိ စည်ပင်သာယာဈေးများတွင် ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ဒေါပုံမြို့နယ်၊ သယ်န်းကျွန်းမြို့နယ်နှင့် တောင်ဒဂုံမြို့နယ်ရှိ စည်ပင် သာယာဈေးများဖြစ်သည့် ရတနာဈေး၊ ၁၆-ရတနာဈေးနှင့် ဗဟိုစည်ဈေးတို့တွင် ဈေးကွက်အတွင်း ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် စားသုံးသူရေးရာဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးဦးဆောင်သော ဝန်ထမ်းအဖွဲ့နှင့် ရတနာဈေး၊ ဈေးတာဝန်ခံအဖွဲ့တို့ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခြင်းနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။



ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄)တွင် ဖော်ပြထားသည့်အတိုင်း ကုန်စည်များပေါ်တွင်ဖော်ပြရမည့် ကုန်အမှတ်တံဆိပ်များ ပြည့်စုံစွာ ထည့်သွင်းဖော်ပြခြင်းရှိ/မရှိကို စစ်ဆေးခဲ့သည့်အပြင် ကုန်အမှတ်တံဆိပ်ပြည့်စုံစွာ ဖော်ပြခြင်းမရှိသော ကုန်စည်များအား မှတ်တမ်းတင်ပြီး ၂၆-၁၀-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ဖြင့် စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီက ထုတ်ပြန်သည့် စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဦးစားပေးကုန်စည်များပေါ်တွင် မဖြစ်မနေ ထည့်သွင်းဖော်ပြရမည့် အချက်များကိုလည်း ရောင်းချသူများအား ဆင့်ပွားအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**နွယ်ဇင်(ရန်ကုန်)**

## မြန်မာ-အိန္ဒိယစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲနှင့် မဏ္ဍိပူပြည်နယ် ထုတ်ကုန်ပစ္စည်းပြပွဲကျင်းပမည်

မန္တလေးမြို့ရုံးစိုက် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မဏိပူပြည်နယ်ကုန်သည်ကြီးများ အသင်းတို့ပူးပေါင်း၍ မြန်မာ-အိန္ဒိယ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ၊ မဏိပူပြည်နယ်ထုတ်ကုန် ပစ္စည်းပြပွဲကို ဒီဇင်ဘာ ၁၉ ရက်တွင် ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံ စူပါစင်တာစတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းခန်းမတွင်ကျင်းပခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံထုတ်ကုန် ပစ္စည်းပြပွဲတွင် စီးပွားရေးကုမ္ပဏီများပြခန်း(၈) ခန်းဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေး နည်းပညာလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ အထည်အလိပ်နှင့် ရက်ကန်းလုပ်ငန်းများ၊ လက်မှုပညာလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများ၊ ဗိသုကာလုပ်ငန်းများ ပြသသွားမည်ဖြစ်ပြီး မန္တလေးမြို့ရှိ လုပ်ငန်းရှင်များနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အော်ဂဲနစ်အခြေခံနည်းပညာပေးသင်တန်းဖွင့်လှစ်

စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အော်ဂဲနစ် အခြေခံနည်းပညာပေးသင်တန်းကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၄ ရက်ထိ(၂)ရက်ကြာ ဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းတွင် မြန်မာ့ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းသန်းစိန်မှ နည်းပညာပေး ဆွေးနွေးပို့ချပေးခဲ့ကြောင်း၊ အော်ဂဲနစ်နှင့် ပတ်သက်သည့် နည်းပညာများ၊ ၎င်းအပြင် ရာသီဥတုပြောင်းလဲနေသည့်အတွက် ပြောင်းလဲသည့်အပေါ်မှာ စိုက်ပျိုးတောင်သူများအနေဖြင့် ထုတ်လုပ်မှုအထွက်လျော့နည်းနေသည့်အတွက် အရှုံးနှင့် ရင်ဆိုင်နေရသည်ကို ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ လိုက်လျောညီထွေဖြစ်မည့် စိုက်ပျိုးနည်းနှင့် သီးနှံအမျိုးအစားများ ပြောင်းလဲ စိုက်ပျိုးကြစေရန်ကိုလည်း သင်ကြားပို့ချပေးခဲ့ကြောင်း၊ ဓာတ်ကြွင်း အာနိသင်မပါရှိသော သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးသုံးစွဲမှု လျှော့ချနိုင်ရေး၊ ရေရှည် တည်တံ့သော စိုက်ပျိုးနည်းစနစ်နှင့် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင် ဖြစ်ထွန်းစေရေး၊ ပြောင်းလဲလာသည့် ရာသီဥတုနှင့် ကိုက်ညီသော လိုက်လျော ညီထွေဖြစ်စေမည့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရပါသည်။

အဆိုပါသင်တန်းကို စစ်ကိုင်းခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှစိုက်ပျိုးရေးဝန်ထမ်းများ၊ စစ်ကိုင်းခရိုင်အတွင်းမှ သီးနှံစိုက်ပျိုးတောင်သူများ စုစုပေါင်း ၉၅ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်စောဝင်း (စစ်ကိုင်း)**

## ပုသိမ်မြို့ အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတွင် တန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာပေး သင်တန်း ဖွင့်လှစ်

ပုသိမ်မြို့အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဘေးအန္တရာယ်ကင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော စား သောက်ကုန်များ ထုတ်လုပ်နိုင်စေရန် တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာပေး သင်တန်းကို အဆိုပါ သင်တန်းခန်းမတွင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်မှ ဒီဇင်ဘာလ ၂၈ ရက်အထိ အခမဲ့ဖွင့်လှစ် သင်ကြားပေးသွားမှာဖြစ်ကြောင်း သိရသည်။

ပြည်ပမှတင်သွင်းသော စားသောက်ကုန်နေရာများတွင် အစားထိုး ဖြည့်ဆည်းနိုင်ရေး မိမိနိုင်ငံအတွင်း ရာသီအလိုက်ထွက်ရှိသည့် သီးနှံများဖြစ်သော ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံ၊ ကုန်ကြမ်းများမှ အရည်အသွေးကောင်းမွန်၍ အာဟာရဓာတ်ပြည့်ဝသော စားသောက်ကုန်များကို One Village One Product အဖြစ် ထုတ်ကုန်အသစ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ကာ ဆန်မှုန့်အခြေခံကိတ်မုန့်အမျိုးမျိုး ပြုလုပ်နည်း၊ သစ်သီးယိုအမျိုးမျိုးပြုလုပ်ခြင်း၊ သစ်သီးအနှစ်ရည်အမျိုးမျိုးပြုလုပ်ခြင်း၊ ပဲအခြေခံမုန့်အမျိုးမျိုးပြုလုပ်ခြင်းတို့အပြင် အစားအစာများအား ဘေးအန္တရာယ်ကင်းရှင်းရန်လိုအပ်ချက်များ၊ သီးနှံပျက်စီးရသောအကြောင်းရင်းများ၊ တာရှည်ခံဓာတုဆေးဝါးများအကြောင်းကို သင်တန်းသူ/သင်တန်းသား(၅၀)ဦးအား စာတွေ့၊ လက်တွေ့သင်ကြားပေးမှာဖြစ်ကြောင်း တိုင်းဦးစီးမှူး ဦးစိုးနိုင်ထူး၏ ပြောကြားချက်အရ သိရပါသည်။

**ရောမြေ (ပုသိမ်)**


**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

### ၂၄-၁၂-၂၀၁၈ မှ ၃၀-၁၂-၂၀၁၈ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ဘဝတွင် ဦးဆောင်ဦးရွက်ဖြစ်မည့်သူဖြစ်သည်။ ဆီထွက်သီးနှံများနှင့် အလှကုန်ပစ္စည်းများ အဖျော်ယမကာ လုပ်ငန်းများ အကျိုးပေးမှု ရှိလိမ့်မည်။ ပညာရေးတွင် ကြိုးစားမှုပြုလာရတတ်သည်။ စိတ်မြန်ကိုယ်မြန် ဒေါသအဖြစ်မြန်နေတတ်သည်။ အချစ်ရေးတွင် အေးချမ်းတည်ငြိမ်၍ ရိုးသားမှုရှိသော လက္ခဏာပိုင်ရှင်ကို နှစ်သက်သဘောကျနေမည်။ ကျန်းမာရေး အအေးမိခြင်း၊ အရိုးအဆစ်နာကျင်ခြင်း ဝေဒနာခံစားရတတ်သည်။
**ယတြာ။ ။ကလေးများအား အာဟာရကျွေး၍လက်ဆောင်ပစ္စည်းပေးပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေး အောင်မြင်ဖြစ်ထွန်းမှုရှိရန် အပင်ပန်းခံ၍ ကြိုးစားရလိမ့်မည်။ သတ္တုတူးဖော်ရှာဖွေရေးလုပ်ငန်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးတွင် ကြိုးစားအားထုတ်မှုရှိနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းနေသည်။ ကျန်းမာရေးအနေဖြင့် ဆီးချို၊ သွေးတိုးနှင့် ပတ်သက်သော ဝေဒနာခံစားရတတ်ပါသည်။ **ယတြာ။ ။ ရေကြည်ရေချမ်း လှူ၍ လိုရာ ဆုတောင်းပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းများအပေါ် အကြံဉာဏ်များပေးမည့် သူ၊ ကူညီမည့် သူများရှိလာတတ်ပါသည်။ လယ်ယာထွက်ပစ္စည်းများ အကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် နာမည်ကောင်းရခြင်း၊ ရာထူးတိုးခြင်း၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းများ ဖြစ်တတ်ပါသည်။ ပညာရေးတွင် စီမံခန့်ခွဲမှု ပညာရပ်များ ကောင်းပါသည်။ အချစ်ရေး၊အိမ်ထောင်ရေး ကံကောင်းသည်။ ကျန်းမာရေးတွင် အစာမကြေ၊ လေနာ ရောဂါဖြစ်တတ်ပါသည်။ **ယတြာ။ ။ဘာသာရေးစာအုပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် တိုးတက်မှုများရှိ၍ လာဘ်လာဘ တိုးတက်အောင်မြင်မည်။ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ၊ အလှဆင်လုပ်ငန်းများ၊ ပန်းချီပန်းပု အနုပညာရှေးဟောင်းပစ္စည်းများနှင့်ပတ်သက်သော လုပ်ငန်း စီးပွားရေး လုပ်ငန်းများ ကံကောင်းနေတတ်ပါသည်။ အချစ်ရေးတွင် မထင်မှတ်သော ချစ်သူတွေ့ရတတ်သည်။ ကျန်းမာရေးတွင် ခန္ဓာကိုယ်အင်္ဂါစပ်တွင် ဖြစ်သော ဝေဒနာခံစားရတတ်ပါသည်။
**ယတြာ။ ။တောင်ဘက်အရပ်တွင် ရွှက်လှပင်စိုက်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးပတ်ဝန်းကျင်တို့တွင် အကူအညီပေးလိုသူများ ပေါ်များလာနေတတ်သည်။ ဘဏ်လုပ်ငန်း၊ ကျောက်မျက်ရတနာ လုပ်ငန်းများ အကျိုးဖြစ်ထွန်းနေတတ်သည်။ ပညာရေးတွင် ဘာသာရေးပညာထူးချွန်လိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေမည်။ ကျန်းမာရေးတွင် အစားသောက်ဆင်ခြင်မှုအားနည်းသောကြောင့် ဝမ်းဗိုက်ဥပဒ်ပေးတတ်ပါသည်။
**ယတြာ။ ။သံဃာ့ဒါနဆေးရုံတွင် ငွေကြေးနိုင်သလောက်လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် အပင်ပန်းခံကြိုးစားလိမ့်မည်။ ပိုးထည်၊ ချည်ထည်လုပ်ငန်း၊ ကျောက်မျက်ရတနာပစ္စည်းများ အကျိုးပေးပါသည်။ ပညာရေးအောင်မြင်နေမည်။ ချစ်သူကြင်ဘက်တွေ့ရတတ်သည်။ တိတ်တခိုးချစ်နေသူရှိတတ်သည်။ အိမ်ထောင်ရေးကံကောင်းနေတတ်ပါသည်။ ကျန်းမာရေး ဆီးအိမ်တွင် ကျောက်တည်သော ဝေဒနာခံစားရတတ်ပါသည်။
**ယတြာ။ ။ ဘုရားတွင် ရောင်တော်ဖွင့်၍ လိုရာ ဆုတောင်းပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းမှရရှိသော ဝင်ငွေနှင့်အမြတ်အစွန်းသည် ထင်သလောက်မရရှိသော်လည်း သင့်တင့်လျောက်ပတ်သော မြတ်စွန်းမှုကို ရရှိတတ်ပါသည်။ လယ်ယာထွက်ပစ္စည်းများ အကျိုးပေးပါသည်။ ပညာရေးကြိုးစားရဦးမည်။ အချစ်ရေးတွင် စိတ်ဝင်စားသူကို မပြောရဲ မဆိုရဲ ရှိနေတတ်သည်။ ဘာသာခြားလူမျိုးမတူသူဖြစ်မည်။ အိမ်ထောင်ရေးကံကောင်းနေသည်။ ကျန်းမာရေးတွင် အကြိတ်အဖု ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။
**ယတြာ။ ။မုန့်လုံးရေပေါ် သက်စေ့ဘုရားလှူပါ။**

## ဖျာပုံခရိုင် စားသုံးသူအခြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၅)ကြိမ်မြောက် အစည်းအဝေး ကျင်းပပြီး သိမ်းဆည်းပစ္စည်းများ မီးရှို့ဖျက်ဆီး

ဖျာပုံခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် နှင့်စားသုံးသူအငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များ ပိုမိုထိရောက်စွာ ဖြေရှင်းနိုင်ရန်အတွက် ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာလ ၇ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနများ၊ ဖိတ်ကြားထားသူများနှင့် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးလွင်က အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဦးမြင့်အောင်က (၂၄)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ မြို့နယ်အလိုက် နိုဝင်ဘာလအတွင်း ဆောင်ရွက် ပြီးစီးမှုနှင့် ဒီဇင်ဘာလအတွင်း ဆောင်ရွက်မည့် လျာထားချက်များ၊ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ ညွှန်ကြားချက် အရ စားဆီ အမှတ်တံဆိပ် (၁၀) မျိုးအား ဈေးကွက်နမူနာ ကောက်ယူခြင်း၊ သုံးစွဲရန် မသင့်သော အစားအသောက်(၇)မျိုး၊ ခွင့်မပြုဆိုးဆေးပါဝင်သည့် Miki Ko အမှတ်တံဆိပ်ပါ တရုတ်ဆီးသီးနှင့် ချယ်ရီသီးများ၊ FDA မှ ကြေညာထားသည့် သုံးစွဲရန် မသင့်သော အလှကုန်ပစ္စည်း(၆) မျိုးတို့အား ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် မြို့နယ်အလိုက် ယခုလအတွင်း အလှည့်ကျ ကွင်းဆင်းစစ်ဆေးသွားမည် ဖြစ်ပါကြောင်း၊ ထို့အပြင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်ဝသော ကုန်စည်များကို အသုံးပြုနိုင်ရန်အတွက် ဈေးကွက်များတွင်ရောင်းချလျက်ရှိသော ပြည်တွင်းဖြစ်အရက်များကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ (FDA) မှ စစ်ဆေးနိုင်ရန် ပြည်တွင်းဖြစ် အရက်နမူနာတစ်မျိုးလျှင်(၁ ဒသမ ၅) လီတာအားကောက်ယူ၍ တိုင်းဦးစီးမှူးရုံးသို့ ပေးပို့ရမည်ဖြစ်သဖြင့် မြို့နယ်အလိုက် နမူနာများ ကောက်ယူပေးပို့ရမည်ဖြစ်ပါကြောင်းဆွေးနွေးပြောကြားပါသည်။

ထို့နောက် ခရိုင်အတွင်း ဈေးကွက် စောင့်ကြည့်လေ့လာ စစ်ဆေးချက်အရ သိမ်းဆည်းရရှိသော ကုန်ပစ္စည်းနှင့်အစားအသောက်များ၊ ဆေးဝါးများအား အစည်းအဝေးအပြီးတွင် မီးရှို့ဖျက်ဆီး မြေမြှုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန် (ဖျာပုံ)**

## စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ လုံခြုံစိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်စေရေးအတွက် သုံးခွမြို့၌ မုန့်အရောင်းဆိုင်များ စစ်ဆေး



စားသုံးသူပြည်သူများ ဘေး အန္တရာယ်ကင်းရှင်းစေရေး၊ လုံခြုံစိတ်ချ စွာဝယ်ယူသုံးစွဲနိုင်စေရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ရှိ မုန့်အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၈ ရက်က သုံးခွမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန တာဝန်ခံ ဦးကျော်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးသက်ဦးမောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး ဈေးတာဝန်ခံ ဦးတင်ယုနှင့် အဖွဲ့တို့ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

“မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များနှင့် မုန့်အရောင်းဆိုင်များကို အခါအားလျော်စွာ ပူးပေါင်းအဖွဲ့တွေနဲ့ စစ်ဆေးကြပါတယ်။ စစ်ဆေးတဲ့အခါမှာ ရက်လွန်အစားအစာများ၊ ရက်စွဲမပါသော အစားအစာများ မရောင်းချရေးတို့ကို မှာကြားခဲ့ကြပါတယ်။ ဒါက ဘာလို့လဲဆိုရင် စားသုံးသူပြည်သူတွေက အမှတ်တမဲ့ဝယ်ယူ သုံးဆောင်ကြလို့ အန္တရာယ်မဖြစ်ရအောင် လိုက်လံ စစ်ဆေးပေးရတာဖြစ်ပါတယ်” ဟု မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံက ပြောကြားခဲ့သည်။

**ကြည်စိုးလွင်(သုံးခွ)**

## ရေနံချောင်းမြို့နယ်နှင့် ချောက်မြို့နယ်ထွက် ဆီးသီးပေါ် ဦးပေါ်ဖျား ဈေးကောင်းရ

ရေနံချောင်းမြို့နယ်နှင့် ချောက်မြို့နယ်မှ ဆီးချဉ်သီးများ ပေါ်ဦးပေါ် ဖျားတွင် ဆီးပွဲရုံပွဲစားများက ကျေးရွာအရောက် ဝယ်ယူသဖြင့် ယခင်နှစ်ကာလတူထက် ဈေးမြင့်တက်နေကြောင်း သိရသည်။

“ဆီးသီးချဉ်များ စတင်ပေါ်နေပါပြီ။ တစ်နေ့ကို တင်း ၃၀၀ နီးပါး ဝင်ပါတယ်။ ဆီးသီးချဉ်တစ်တင်းကျပ် ၃၀၀၀ ပေးဝယ်နေပြီး၊ ယခင်နှစ် ကာလတူကတော့ ဆီးသီးချဉ်တစ်တင်း ကျပ် ၁၈၀၀ ရောင်းခဲ့ရတဲ့အတွက် ဆီးခြံတွေ ဈေးပိုရနေတယ်။ ဒီဘက်ကထွက်တဲ့ ဆီးသီးကတော့ ဆီးယိုလုပ်ငန်းနှင့် ဆီးဖျော်ရည်စက်တွေက ဝယ်တာပါ။ ဆီးသီးကိုအခွံချွတ်ပြီး ဆီးအတွင်းက ဝတ်ဆံကို တရုတ်ပို့တာကြောင့် ဈေးကွက်မှာ နှစ်စဉ်တောင်သူတွေ ဝင်ငွေရနေတယ်” ဟု ချောက်မြို့နယ် ပွဲစား ကိုတင်မြင့်က ပြောပါသည်။

အဆိုပါဒေသတွင် ဆီးသီးချဉ်ကို ဒီဇင်ဘာလမှ တပို့တွဲလအတွင်း လှိုင်လှိုင်ဆွတ်ခူးနိုင်ပြီး တပေါင်းတစ်လလုံးမှာ ဆီး သီးခြောက်ဝယ်ယူကြကြောင်း သိရသည်။

“ဒီနှစ်ကတော့ ဆီးသီးချဉ်ကို ပွဲစားတွေ ခြံအထိ လိုက်ဝယ်နေတဲ့အတွက် သယ်ပို့စရိတ်မကုန်ဘူး။ အသားတင် အမြတ်ရတယ်။ ကျွန်မမှာ ဆီးပင် အပင် ၄၀ ရှိတယ်။ တစ်ရက်ခြား ငါးတင်း ဆွတ်ရပြီး ကျပ် ၁၅၀၀၀ ရတယ်။ မြို့တက်ရောင်းပါက ကျပ် ၁၀၀၀၀ ပဲ ကျန်မယ်။ စရိတ်ကျပ် ၅၀၀၀ ကုန်တာ။ အသီးလှိုင်မယ့်အချိန်မှာ တစ်ရက်ခြား ယခင်နှစ်က ၁၀ တင်းကနေ ၁၅ တင်း ရတာဆိုတော့ ဒီနှစ်လည်း ဈေးကောင်းရချင်တာပေါ့”ဟု ချောက်မြို့နယ်က ဒေသခံကပြောသည်။

**ဆန်းညွန့်(ရေနံချောင်း)**



# ချိုးဖြူငှက်ကလေး ပျံသန်းချိန်

● နိုင်ဦး

ဘာကြောင့်လဲတော့မသိ ကျွန်တော်ငယ်ငယ်က အဘိုး၊ အဘွားများသည် မြန်မာပြည်အနှံ့ ဘုရားစုံများဖူးလိုခဲ့သည်။ သို့သော် ဘဝသစ်သို့သာ ကူးပြောင်းသွားသည် မသွားဖြစ်ခဲ့ပေ။ အဖေနှင့် အမေသည်လည်းအလားတူပင် ဘုရားစုံများကို ဖူးမြင်လိုခဲ့သည် ။ သဘာဝတောတောင်ရှုခင်းများကို ခံစားလိုခဲ့သည်။ ကွယ်လွန်သည် အထိ မသွားနိုင်ခဲ့ပေ။ အခု ကျွန်တော်တို့ခေတ်တွင် မိတ်ဆွေ သူငယ်ချင်းများကို မြန်မာနိုင်ငံအနှံ့အပြားရှိစေတီပုထိုးများ၊ တိုင်းရင်းသားတို့၏ သဘာဝနေထိုင်စားသောက် လုပ်ကိုင်အသက်မွေးနေမှုများ၊ သဘာဝတောတောင်ရှုခင်းအလှအပများနှင့် မိတ်ဆက်ပေးချင်သည်။ကျွန်တော်၏ စိတ်တွင် ဒွိဟဖြစ်နေသည်။ စိတ်မချဖြစ်နေသည်၊ တစ်ခုခုများဖြစ်ရင်ဟူသော စိတ်က လွှမ်းမိုးနေသည်။ အဘိုး၊ အဘွား၊ အဖေအမေနှင့် ကျွန်တော်တို့ခေတ်ထိတိုင် ထိုစိတ်သည် အမြစ်တွယ်နေဆဲဖြစ်သည်။ ကျွန်တော်၏ သားသမီးများထံ ထိုစိတ်ခံစားမှုကို အမွေအဖြစ် မပေးအပ်လိုပေ၊ သို့သော် ထိုမပေးအပ်လိုသော စိတ်အမွေကို ကျွန်တော်၏ သားသမီးများထံ မပေးအပ်ခြင်ဘဲ ပေးအပ်ခဲ့ရမှာ ကျွန်တော့်ကိုယ်ကျွန်တော် မလုံမခြုံဖြစ်မိသည်။ သံသယဖြစ်နေသည်။

တကယ်တော့ လူသားများသည် တစ်ဦးတစ်ယောက်တည်းနေ၍ အခက်အခဲများကို ရင်ဆိုင်သည်ထက် အဖွဲ့အသင်းများဖြင့် ရင်ဆိုင်ဖြေရှင်းသည်က ပို၍မြန်ဆန်အောင်မြင် နိုင်သည်။ အိမ်တစ်အိမ်၊ မိသားစုတစ်စုတွင်ပင် ကြည့်ပါ။ မတူနိုင်သော အရာများဖြင့် တူညီ သော အိမ်ထောင်တစ်ခု၊ မိသားတစ်စုကို ဖွဲ့စည်းထားခြင်းဖြစ်သည် အသက်ကြီးသူ၊ ရွယ်သူ၊ ငယ်သူများရှိသည်၊ ယောကျ်ားများရှိသည်၊ မိန်းကလေးများရှိသည်၊ ပညာတတ်သူ၊ မတတ်သူ၊ တွေးခေါ်မျှော်မြင်စိတ်ရှိသူ၊ တစ်စွတ်ထိုးလုပ်သူ၊ ရုပ်ရည်ချောမောလှပသူ၊ ရုပ်ဆိုးသူ၊ ချမ်းသာသူ၊ ဆင်းရဲသူစသည်ဖြင့် ရှိပေမည်။ သို့သော် ဘယ်လိုပင် ကန့်သတ်ချက်တွေရှိပါစေ မိသားစု၊ အိမ်ထောင်စု တစ်ခုပင်ဖြစ်သည်။ မျှတမှုများ၊ စာနာထောက်ထားမှုများ၊ သည်းခံခွင့်လွှတ်မှုများ၊ ရေရှည်မျှော်တွေးမှုများဖြင့် မိသားစုအသိုက်အဝန်းမပျက်စီးရန် အားလုံးမှ အတ္တများ၊ မာန်မာနများကို ရှေ့တန်းမတင်ဘဲ လျှော့တန်လျှော့၊ ဥပက္ခာပြုတန်ပြု၍ အဆင်ပြေစွာ စုပေါင်းနေထိုင်မှသာလျှင် ရေရှည်တည်တံ့သော၊ ငြိမ်းချမ်း အေးချမ်းသော မိသားစုကို တည်ဆောက်နိုင်မည်ဖြစ်ပေသည်။

ထို့အတူပင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည့် မျိုးနွယ်စုပေါင်း (၁၀၀) ကျော်ဖြင့် ဖွဲ့စည်းထားသည့် ကျွန်တော်သို့ မိသားစုများသည် ကျွန်တော်တို့ နေထိုင်ရာအိမ်ဖြစ်သည့် မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်အောင် ကြိုးစားခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံကို တိုင်းရင်းသားအားလုံးက ပိုင်ဆိုင်သည်။ မြန်မာနိုင်ငံနှင့် သက်ဆိုင်သော အခက်အခဲပြဿနာများသည်လည်း မြန်မာတိုင်းရင်းသားများနှင့် ပတ်သက်သည်။ မြန်မာနိုင်ငံကိုတောင် တည်ဆောက်နိုင်ခဲ့သေးတာပဲ၊ ညီညီညွတ်ညွတ်နှင့် အခက်အခဲများကို တွန်းလှန်ဖို့ ဘာတွေခက်ခဲနေမှာလဲ၊ စည်းစည်းလုံးလုံးနှင့် ဆောင်ရွက်ရင် ဘာမအောင်မြင်စရာရှိမှာလဲ၊ သို့သော် တိုင်းရင်းသား အချင်းချင်းစည်းလုံး ညီညွတ်မှုရှိရန်သာ လိုအပ်ပါသည်။ စိတ်ရှည်သည်းခံရန် လိုသည်။ အတ္တများကို ဘေးချိတ်ထားရန် လိုသည်။ ရေရှည်အကျိုး မျှော်တွေး၍ ဆောင်ရွက်ရန်လိုပါသည်။

မြန်မာနိုင်ငံကို အသက်သွေးချွေးမြောက်များစွာ စတေး၍ လွတ်လပ်ရေးရရှိရေးအတွက် ပေးဆပ်တည်ဆောက်ခဲ့သည့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ အနစ်နာခံမှုများ၏ ကျေးဇူးကို မျိုးဆက်သစ်တိုင်းရင်းသားများက ထာဝစဉ်ကျေးဇူးတင်သင့်သည်။ သူတို့ တည်ထောင်ခဲ့သော မြန်မာနိုင်ငံကို အစိတ်အစိတ်အမွှာမွှာဖြစ်စေရန်ဆောင်ရွက်ခြင်းသည် မိမိဘိုးဘွားများကို ကျေးဇူးကန်းရာရောက်သည် ဂရုမစိုက်ရာရောက်သည်။

ယခုတော့မူ ဘာသာအယူဝါဒများကို အကြောင်းပြု၍ စစ်ပွဲများ၊ တိုက်ပွဲများ ပုံဖော်နေသည်။ မည်သည့်ဘာသာကို ကိုးကွယ်သည်ဖြစ်စေ၊ မည်သည့်အယူဝါဒကို ယုံကြည်သည်ဖြစ်စေ၊ ထိုဘာသာအယူဝါဒများအားလုံးသည် လူအချင်းချင်း သတ်ဖြတ်ပါ၊ လက်နက်ခဲယမ်းတွေ တပ်ဆင်၍ တိုက်ပွဲတွေ၊ စစ်ပွဲတွေ ဆင်နွှဲပါဟု တိုက်တွန်းထားမှုမျိုး မမြင်ဖူး မကြားဖူးချေ။ လူအချင်းချင်းမေတ္တာထားဖို့ သည်းခံဖို့ စာနာသနားစိတ်မွေးဖို့ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရန် လမ်းညွှန်ချက်များသာ ပါဝင်သည်ကို တွေ့ရှိရပါသည်။ ဤသို့ပင်လိုရာအမျိုးမျိုး ဆွဲယူတွေး၍ အတ္တများ၊ သံသယများ၊ အမုန်း တရားများကို အခြေခံကာ တစ်တိုင်းပြည်လုံး ဒုက္ခများပင်လယ်ဝေကာ၊ မျက်ရည်များ အိုင်ထွန်းမှုဖြစ်စေသည့် စစ်ပွဲများတိုက်ပွဲများကို ဖန်တီးလုပ်ဆောင်နေခြင်းသည် အများစုဖြစ်သော အေးချမ်းတည်ငြိမ်စွာနေထိုင်လိုသော ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်လိုသော ပြည်သူများကို စိတ်မချမ်းမြေ့ဖွယ်ဖြစ်စေသည်ကတော့ မငြင်းနိုင်သော အမှန်တရားပင် ဖြစ်သည်။

မြန်မာနိုင်ငံသားဖြစ်သူ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးသန့်ကလည်း နိုင်ငံခြားသတင်းထောက်တစ်ဦး၏ ကမ္ဘာကြီးငြိမ်းချမ်းဖို့ ပဋိပက္ခတွေ ကင်းရှင်းဖို့အတွက် ဘာတွေလိုအပ်ပါသလဲဟူသော မေးမြန်းမှုကို နိုင်ငံအရေး၊ လူမျိုးအရေး၊ ကိုးကွယ်မှုဘာသာအရေး၊ အယူဝါဒအရေးတို့ကို ခုတုံးလုပ်၍ အတ္တများ၊ သံသယများ ရှေ့တန်းတင်ကာ ဆောင်ရွက်နေမှုများကို ဘေးဖယ်ထားပြီး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆွေးနွေးအဖြေရှာကြရင် ကမ္ဘာကြီးငြိမ်းချမ်းမယ်။ ပဋိပက္ခ တွေကင်းရှင်းပါမယ်လို့ တိုတောင်းရှင်းလင်းစွာ ဖြေကြားခဲ့ကြောင်း ကြားခဲ့ဖူးပါသည်။

ဘယ်သူမှန်သည်၊ ဘယ်သူမှားသည်ဟူ၍လည်း မပြောလိုပေ ယုံကြည်ရာတစ်ခုအတွက် လက်နက်တွေကိုင်စွဲ၍ အချင်းချင်းတိုက်ခိုက်နေကြသောကြောင့် မြေဇာပင် တိုင်းရင်းသားပြည်သူများ သေကြေပျက်စီးနေကြသည်ကို တွေ့နေရသည်။ ကူးသန်းရောင်းဝယ်ကြသော လုပ်ငန်းရှင် စီးပွားရေးသမားများ အခက်အခဲပေါင်းစုံ ကြုံတွေ့နေရသည်ကို ကြားနေရသည်။ ထို့ကြောင့်ပင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသောအချက်သည် လက်နက်ကိုင်အဖွဲ့များ အချင်းချင်း လက်နက်စွဲကိုင် တိုက်ခိုက်နေမှုများဖြစ်မည်ဟု ပြည်သူ တစ်ယောက်အနေဖြင့် ရိုးသားစွာ ထင်မြင်မိပါသည်။ လွတ်လပ်ရေးရရှိရန် ဘိုးဘွားများက စုစုစည်းစည်းဖြင့် သွေးစည်းညီညွတ်စွာရယူ၍ ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်သကဲ့သို့ ဘိုးဘွား များ၏ မျိုးဆက်များဖြစ်သောသူများကလည်း ဘိုးဘွားတို့၏အသက် သွေးချွေးမြောက်များစွာ စတေး၍ ရယူတည်ဆောက်ခဲ့ရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန်မှာ မျိုးဆက်သစ်များ၏ တာဝန်ပင် ဖြစ်သည်။

> **“**
>
> **နိုင်ငံအရေး၊ လူမျိုးအရေး၊ ကိုးကွယ်မှုဘာသာအရေး၊ အယူဝါဒအရေးတို့ကို ခုတုံးလုပ်၍ အတ္တများ၊ သံသယများ ရှေ့တန်းတင်ကာ ဆောင်ရွက်နေမှုများကို ဘေးဖယ်ထားပြီးညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆွေးနွေးအဖြေရှာကြရင် ကမ္ဘာကြီးငြိမ်းချမ်းမယ်။ ပဋိပက္ခတွေကင်းရှင်းပါမယ်။**

မျိုးဆက်သစ် တိုင်းရင်းသားပြည်သူများသည် အတိတ်မှ မှားယွင်းခဲ့မှုများကို သင်ခန်းစာယူ၍ သံသယစိတ်များကိုဖျောက်၊ စိတ်ဝမ်းကွဲမှုများပယ်ဖျက်၍ တစ်အူတုံဆင်း ညီရင်းအစ်ကို မောင်ရင်းနှမများကဲ့သို့ စိတ်မွေးကြရမည်။ မိမိတို့၏ ထပ်မံပေါက်ဖွားလာမည့် မျိုးဆက်သစ်သားသမီးများအတွက် စစ်ပွဲတွေကင်း၍ ငြိမ်းချမ်းသာယာလှပသော ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကြွယ်ဝချမ်းသာ၍ အင်အားကြီးမားသော၊ အနာဂတ်နိုင်ငံတော်သစ်ကြီးအား လက်ဆောင်အဖြစ်ပေးအပ်ခဲ့သင့်သည်။ သို့မှသာ အဘိုးအဘွားတို့အပေါ် လေးစားရာရောက်ပြီး မိမိတို့၏ အနာဂတ်မျိုးဆက်များအပေါ် တွင်လည်း တာဝန်ကျေရာရောက်ပေမည်။ ထိုသို့ဖြစ်ရန်အတွက် လက်နက်ကိုင် တိုက်ပွဲများ ကွယ်ပျောက်သွားမှ ဖြစ်နိုင်ပေမည်။ လက်နက်ကိုင် တိုက်ပွဲများ မရှိမှသာလျှင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုများကို အင်တိုက်အားတိုက် ကြိုးစား လုပ်ဆောင်လာနိုင်မည်။ တိုင်းပြည်ရှိ လူ့စွမ်းအားအရင်းအမြစ်များကို ပိုမိုဖော်ထုတ်လာနိုင်မည်၊ နိုင်ငံတော်၏ သဘာဝအရင်းအမြစ်များ၊ သယံဇာတအရင်းအမြစ်များကို ကောင်းမွန်စွာ အသုံးချလာနိုင်မည်။ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ထုတ်လာနိုင်မည်။ တိုင်းပြည်ဖွံ့ဖြိုးမှု အခြေခံအဆောက်အအုံများကို ပိုမိုတည်ဆောက်လာနိုင်မည်။နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်များ ပိုမိုရရှိလာပေမည်။

ထိုသို့ဖြစ်လာစေရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံး တည်ငြိမ်မှု၊ အေးချမ်းမှု၊ ငြိမ်းချမ်းမှုများ ရရှိရန်လိုသည်။ ပြည်သူများ စိတ်ချလက်ချ အလုပ်အကိုင်များကို လွတ်လပ်စွာ လုပ်ကိုင်လာနိုင်မည်။ သဘာဝနှင့် မြေပေါ်မြေအောက် သဘာဝသယံဇာတပစ္စည်းများကို စနစ်တကျ မျှဝေသုံးစွဲလာနိုင်မည်။ ဖွံ့ဖြိုးရေး အခြေခံအဆောက်အဦများ တည်ဆောက်လာနိုင်မည်။ လမ်းတွေ၊ တံတားတွေ ကောင်းလာမည်။ ဆက်သွယ်ရေးစနစ်တွေ မြင့်မားလာမည်။ ပညာရေး၊ ကျန်းမာရေးအဆင့်များ မြင့်မားလာမည်။ တိုးတက်မှု၏ အသီးအပွင့်များကို လက်ရှိတိုင်းရင်းသားပြည်သူများသာမက အနာဂတ်မျိုးဆက်များ အထိပါ ခံစားနိုင်မည်။ အလုပ်အကိုင်သစ်တွေ ဖန်တီးလာနိုင်မည်။ ထိုအခါ အခြားဖွံ့ဖြိုးပြီး နိုင်ငံများကဲ့သို့ တိုးတက်ဖွံ့ဖြိုးလာမည်။ တစ်ဦးချင်းဝင်ငွေများ မြင့်မားလာမည်ဖြစ်သည်။

သို့သော် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် အသက် သွေးချွေးမြောက်များစွာစတေး၍ ကြိုးစားခဲ့ကြသည်။ လွတ်လပ်ရေး ရရှိပြီးမှ သံသယများ၊ အမုန်းများ၊ အတ္တများ၊ ယုံကြည်ရာဝါဒများအရ အချင်းချင်းလက်နက်ဆွဲကိုင်၍ အသက်သွေးချွေးများ ဆက်လက် ပေးအပ်ရန် လုပ်ဆောင်လျက်ရှိသည်မှာ အဓိပ္ပာယ်မရှိဟုထင်သည်။ လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထို့အတူ တိုင်းရင်းသားပြည်သူများ လွတ်လပ်ရေး၏ အရသာကို ယနေ့အထိ မခံစားကြရ၊ သေနတ်သံများကြား၊ ယမ်းငွေ့များကြား၊ အသက်အန္တရာယ်များကြားမှ လွတ်မြောက်ရန် တထိတ်တလန့် ကြိုးစားရုန်းကန်နေရဆဲဖြစ်သည်။ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်လို့မရ၊ အထုပ်အပိုးအသင့်ပြင်ကာ ကြောက်ရွံ့နေရဆဲဖြစ်သည်။ စစ်ဘေးရှောင်စခန်းများအတွင်း တဖြည်းဖြည်း လူများလာမှုများက သက်သေပင်ဖြစ်သည်။

တိုင်းရင်းသားအချင်းချင်း ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်တိုက်ပွဲများသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ငွေကြေးများကို အလဟဿ ဖြုန်းတီးပစ်နေသလိုဖြစ်နေသည်။ လက်နက်တစ်လက်၊ ကျည်တစ်တောင့်၊ ဗုံးသီးတစ်လုံး၏ တန်ဖိုးသည် မနည်းလှပေ။ တိုက်ပွဲတစ်ခုဖြစ်ပွားပါက မိုးမွှန်နေအောင် ပစ်ကြ၊ ခတ်ကြသည်။ တွက်ကြည့်လိုက်ပါ။ ပြည်သူလူထုအတွက် ပေးဆပ်ရမည့်၊ လုပ်ဆောင်ပေးရမည့် ငွေကြေးတွေ မဆုံးရှုံးခဲ့ဘူးလား။ ထိုလက်နက်ခဲယမ်းတွေ ဝယ်ယူဖို့ နိုင်ငံတော်က ထိန်းသိမ်းထားပြီး တိုင်းရင်းသားပြည်သူများအားလုံး ပိုင်ဆိုင်တဲ့ မြေပေါ်၊ မြေအောက် သယံဇာတပစ္စည်းတွေ ရောင်းချ၍ ရရှိငွေ၊ အခွန်အခကောက်ခံရရှိငွေတွေပဲ မဟုတ်လား။ အဆိုပါရရှိငွေတွေကို မိမိလူမျိုး၊ မိမိပြည်သူလူထု၊ မိမိတိုင်းပြည်အတွက် တံတားလေးတစ်စင်း၊ စာသင်ကျောင်းလေးတစ်ကျောင်း၊ ဆေးပေးခန်းလေးတစ်ခု တည်ဆောက်

**စာမျက်နှာ (၂၇)သို့**

# EUကုန်သွယ်မှုအခွင့်အရေး ပြန်လည်ရုတ်သိမ်းခြင်းမပြုရန် လုပ်ငန်းရှင်နှင့် လုပ်သားအဖွဲ့အစည်းများ တောင်းဆို

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုပါ တွဲဆိုင်းသွားစေနိုင်သည့်အတွက် ဥရောပသမဂ္ဂက ပေးအပ်ထားသည့် Generalized System of Preferences (GSP)ကို ပြန်လည်မရုပ်သိမ်းရေးအတွက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM)၊ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း ပေါင်းစုံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS-TUsF)တို့ပူးပေါင်းကာ "Together We Succeed, Why GSP is Essential For Decent Work and Industrial Peace"ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၇ ရက်က ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်၌ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

"ဒီနေ့ကျင်းပရတဲ့အခမ်းအနား ရည်ရွယ်ချက်ကတော့ ဆွေးနွေးပွဲကို တက်ရောက်ပါဝင်သူတွေက GSP ပြန်လည်မရုပ်သိမ်းရေးကို ဝိုင်းဝန်းပြီး ထောက်ခံသွားဖို့ပါ။ နောက်တစ်ချက်ကတော့ ဆွေးနွေးပြီးတဲ့နောက်မှာ ကုန်သည်စက်မှုအသင်းချုပ်နဲ့ CTUM တို့ရဲ့ ပူးတွဲဆုံးဖြတ်ချက်တစ်ခုပေါ်ထွက်လာရန်အတွက် နောက်ဆက်တွဲလုပ်ငန်းစဉ်အဖြစ် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အလုပ်သမား အဖွဲ့အစည်းများမှ GSP ပြန်လည် မရုပ်သိမ်းနိုင်ရေးအတွက် လက်မှတ်ရေးထိုး တောင်းဆိုခြင်းများပြုလုပ်သွားရန် ရည်ရွယ်ချက်တွေနဲ့ ကျင်းပရခြင်း ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။



ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်က GSP ပြန်လည်ရုပ်သိမ်းပါက ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ထည့်သွင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစက်မှုကုန် ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက 'GSP ဘာကြောင့် မရှိမဖြစ် လိုအပ်သနည်း'ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂ၏ ဈေးကွက်အတွင်းသို့ တင်ပို့သည့် အထည်ချုပ်နှင့် စားသုံးကုန်ကဲ့သို့မြန်မာထုတ်ကုန်များအတွက် ကုန်သွယ်ခွန်ကင်းလွတ်ခွင့်ကို မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်တွင် ပြန်လည်ပေးအပ်ခဲ့သော်လည်း မကြာသေးမီက အီးယူ ကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပေးအပ်ထားသော GSP ကို ရုပ်သိမ်းရေးအတွက် ပြန်လည်သုံးသပ်နိုင်ရန် လာရောက်ခဲ့သည်။ **သန်းထိုက်အောင်**




# လာမည့်နှစ်တွင် တည်ဆောက်မည့် Emerald Bay Project ကို သာကေတမြို့နယ်တွင် တည်ဆောက်မည်

လာမည့်နှစ်ကုန်ပိုင်းတွင် တည်ဆောက်မည့် Emerald Bay Project ကို သာကေတမြို့နယ်တွင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို ပြည်တွင်းမှ တက်လမ်း ဆောက်လုပ်ရေးကုမ္ပဏီနှင့် စင်ကာပူမှ GoldenParagon ကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ပြီး သာကေတမြို့နယ်၊ ရှုခင်းသာမြို့ပတ်လမ်းမကြီးတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုက စီမံကိန်းနဲ့ပတ်သက်ပြီး နာမည်ကြေညာတာပဲရှိပါသေးတယ်။ အခန်းရောင်းချတာတွေ၊ အသေးစိတ်အချက်အလက်တွေ ဘာမှ မပါသေးပါဘူး။ ဒီဟာကိုလုပ်ဆောင်ရတာကလည်း မြို့ထဲနဲ့မဝေးဘဲ နေထိုင်ဖို့ ကောင်းတဲ့ အဆောက်အအုံတွေ ဖြစ်ပေါ်လာဖို့ ရည်ရွယ်တာပါ"ဟု တက်လမ်း ဆောက်လုပ်ရေးလုပ်ငန်းမှ ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောသည်။

အဆိုပါစီမံကိန်းကို နှစ် ၆၀ ဂရန်ရှိမြေဧက ၇၀ ခန့်တွင် ဆောက်လုပ်မည်ဖြစ်ပြီး မြစ်ချောင်းသုံးခု (ရန်ကုန်မြစ်၊ ပဲခူးမြစ်နှင့် ပုဇွန်တောင်ချောင်းတို့) ဆုံရာနေရာတွင် တည်ဆောက်မည့် ပရောဂျက်ကြီးတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

စီမံကိန်း ပထမဆင့်အနေဖြင့် ၃၂ ထပ်အမြင့်ရှိ အခန်းပေါင်း ၁၀၀၀ နီးပါး ပါဝင်သော အဆောက်အဦ ၅ လုံးကို တည်ဆောက်မည်ဖြစ်ပြီး ကျန်သည့် အပိုင်းများကိုငါးနှစ်အတွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၃၂ ထပ်အမြင့်ရှိ ကွန်ဒိုပေါင်း အလုံး ၄၀ ကျော် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Emerald Bay Project အတွက် ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာသန်း ၁၇၀ ရင်းနှီးမြှုပ်နှံမည် ဖြစ်ပြီး နိုင်ငံတကာမှ စိတ်ဝင်စားသည့် ကုမ္ပဏီများကလည်း လာရောက်ပူးပေါင်း လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်း အခန်းနမူနာပါဝင်သည့် ပြခန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ဆောက်ပြီးစီးတော့မည်ဖြစ်ပြီး ယင်းနမူနာအခန်းများကို လာမည့် ဖေဖော်ဝါရီတွင် ပြသနိုင်ရန် စီစဉ်နေကြောင်း သိရသည်။

**ချောစု**

# ဒုတိယအကြိမ်မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ အရောင်းပြပွဲ ကျင်းပမည်

ဒုတိယအကြိမ်မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာအရောင်းပြပွဲ ၂၀၁၉ ကို လာမည့်ဇန်နဝါရီလ ၉ ရက်မှ ၁၃ ရက်အထိ Lotte Hotel ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို ကျောက်မျက်ရတနာ လုပ်ငန်းရှင်အသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ပြည်တွင်း၌ ကျောက်မျက်ရတနာဈေးကွက် ဖြစ်ပေါ်စေရန်၊ နိုင်ငံတကာမှ ကျောက်မျက်ရတနာကုန်သည်များမှ ပြည်တွင်းရှိ ကျောက်မျက်ဈေးကွက်ကို အာရုံစူးစိုက်မှုရှိစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပွဲမှာ ထူးထူးခြားခြားအနေနဲ့ အသေးစား လေလံတင်ရောင်းချမှု အစီအစဉ်ကိုထည့်သွင်းထားပါတယ်။ နောက်ပြီး ပြည်တွင်း ကျောက်မျက်ရတနာဈေးကွက်နဲ့ အရောင်းထည်တင်ပို့နိုင်မှုမှာ အားနည်းနေတဲ့အပိုင်းတွေ ရှိနေသေးတဲ့ အတွက် အရောင်းထည်ဈေးကွက် ရာနှုန်းပြည့် ဖြစ်ထွန်းလာစေဖို့ကိုလည်း ရည်ရွယ်လုပ်ဆောင်သွားမှာပါ"ဟု ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဒေါ်မြင့်သက်နိုင်က ပြောသည်။

ပြပွဲတွင် ပြည်တွင်းမှထွက်ရှိသည့် ကျောက်မျက်ရတနာများကိုသာ ပြသသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၄၄ နိုင်ငံမှ ကျောက်မျက်ရတနာကုန်သည်များ တက်ရောက်ကြမည်ဖြစ်ပြီး ပြခန်းပေါင်း ၁၀၀ ခန့်ဝင်ရောက်ပြသမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် အဖိုးတန် ပတ္တမြား၊ နီလာ၊ ကျောက်မျက်များမှာ ကမ္ဘာ့ကျောက်မျက်ရတနာဈေးကွက်တွင် နှစ်ပေါင်းများစွာ နေရာရရှိခဲ့ကြောင်း၊ ယခုကျင်းပပြုလုပ်မည့်ကျောက်မျက်ရတနာနှင့်လက်ဝတ်ရတနာ အရောင်းထည်ပြပွဲကိုလည်း စိတ်ဝင်စားသူ မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ချောစု**

# ကလေးငယ်ပေါင်း တစ်ထောင်၏ စိတ်ကူးများကို လက်တွေ့အဖြစ် ပြောင်းလဲပေးမည့် BeThe Change Myanmar ပွဲ ကျင်းပမည်

ကလေးငယ်များ၏ စိတ်ကူးအိပ်မက်များကိုလက်တွေ့အကောင်အထည်ဖော်ပေးမည့် Be the Change Myanmar ပွဲကို UAB Bank မှ ကြီးမှူးကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကို ကျင်းပပေးခြင်းမှာ ကလေးငယ်များကို ဂရုတစိုက် အလေးထားပေးခြင်းဖြင့် ၎င်းတို့၏နောက်တွင် အဖွဲ့အစည်းတစ်ရပ် အမြဲရှိနေသည်ဆိုသည့် အတွေးအခေါ်ကို သိရှိနားလည် စေရန်ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး ကလေးငယ်များ၏ ဆန္ဒများကိုလည်း သွားရောက်ကောက်ခံထားပြီးဖြစ်ကြောင်း သိရသည်။

"လူတိုင်းလူတိုင်းက ကိုယ်ကိုယ်တိုင်အတွက် ပြောင်းလဲဖန်တီးနိုင်ရုံသာမက တခြားသူတွေအတွက်လည်း ပြောင်းလဲခြင်းကို ရှေ့ဆောင်လမ်းပြနိုင်စွမ်းရှိကြပါတယ်။ အဲဒါကြောင့် တစ်ယောက်ချင်းစီမှာရှိတဲ့ အင်အားတွေနဲ့အတူ ပြောင်းလဲရင်း ပိုမိုကြီးမားတဲ့ အပြောင်းအလဲကိုလည်း ဖန်တီးနိုင်မှာဖြစ်ပါတယ်။ ဒီပွဲကနေတစ်ဆင့် ကလေးပေါင်း တစ်ထောင်ရဲ့ ဆန္ဒတွေကို အတူတကွဖြည့်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်' ဟု UAB Bank မှ စီအီးအို Christopher Loh က ပြောသည်။

အဆိုပါပွဲတွင် ပါဝင်နိုင်ရန်အတွက် ရန်ကုန်မြို့ရှိ မျက်မမြင်ကျောင်းများ၊ မိဘမဲ့ကျောင်းများ၊ ကလေးသူငယ်လုပ်သားများ အပါအဝင် ဆေးရုံများနှင့် အခြားသော အစိုးရ မူလတန်းကျောင်းများမှ ကလေးငယ်များ၏ ဆန္ဒကို ကောက်ခံခဲ့ပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့သော Be the Change Myanmar ပွဲကို ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်တွင်လည်း ကျင်းပခဲ့ပြီး ကလေးငယ်ပေါင်း ၄၀၀ ကျော်၏ စိတ်ကူးအိပ်မက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း သိရသည်။ **ချောစု**



# ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ)၏ တိုးတက်လာသော ကုန်သွယ်မှုနှင့် အတူ အမယ်သစ်ပို့ကုန် ပြောင်းဖူးစေ့များ ပိုမိုတင်ပို့လျက်ရှိ

ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ)အနေဖြင့် ကုန်သွယ်မှု လျာထားချက် ပြည့်မီ ကျော်လွန်ရေး၊ ပို့ကုန်အမယ်သစ်များ တိုးချဲ့ တင်ပို့နိုင်ရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလတွင် ကုန်သွယ်မှုပမာဏ သုညဒသမ ၁၆၆ ဒေါ်လာသန်း ဆောင်ရွက်ခဲ့ပြီး လျာထားချက်အပေါ် ၁၁၀ ဒသမ ၆၆၇ ရာခိုင်နှုန်း၊ နိုဝင်ဘာလတွင် ကုန်သွယ်မှုပမဏ သုညဒသမ ၃၁၀ ဒေါ်လာသန်း ဆောင်ရွက်ခဲ့ပြီး လျာထားချက်အပေါ် ၁၅၅ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းမှာပင် ကုန်သွယ်မှုပမာဏ သုညဒသမ ၃၇၈ ဒေါ်လာသန်း ဆောင်ရွက်ထားနိုင်၍ လျာထားချက်အပေါ် ၂၅၂ ရာခိုင်နှုန်းရရှိထားပြီး ဖြစ်ပါသည်။ ဘဏ္ဍာနှစ်သစ်၏ ပထမလမှာတွင်တာထွက်ကောင်းခဲ့သော ကျိုင်းတုံ ပို့ကုန်သွင်းကုန်ရုံး၏ ကုန်သွယ်မှုပမာဏမှာ ဆက်လက် တိုးတက်လျက် ရှိပါသည်။

ကျိုင်းတုံ ပို့ကုန်သွင်းကုန်ရုံးမှ ယခင်တင်ပို့နိုင်ခဲ့ခြင်းမရှိသော အမယ်သစ် ပို့ကုန်ပြောင်းဖူးစေ့များကို ယခုဘဏ္ဍာနှစ် နိုဝင်ဘာလမှစ၍ တရုတ်နိုင်ငံသို့ တင်ပို့ဆောင်ရွက်နိုင်ခဲ့ရာ ယခုအထိ တန်ဖိုး သုညဒသမ ၂၇၂ ဒေါ်လာသန်း တင်ပို့ဆောင်ရွက်ထားရှိပြီး၊ ဆက်လက်၍လည်း တိုးတက်တင်ပို့ဆောင်ရွက်နိုင်ရေး ကုန်သည်လုပ်ငန်းရှင်များ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်လျက်သည့်အပြင် လုပ်ငန်းရှင်များ ကြုံတွေ့ရသည့် အခက်အခဲများကိုလည်း ညှိနှိုင်းပေါင်းစပ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သိရှိရပါသည်။

**ကျော်သူဝင်း (မာတာ)**



# Myanmar Belle Shin- Shin Foods Co;Ltd ၏ ဟင်းသီးဟင်းရွက် အခြောက်ခံ စက်ရုံ(ဟဲဟိုး) အား နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲကျင်းပ

Myanmar Belle Shin- Shin Foods Co;Ltd ၏ ဟင်းသီးဟင်းရွက် အခြောက်ခံ စက်ရုံ(ဟဲဟိုး) အား နယ်သာလန်နိုင်ငံ အခြေစိုက် Control Union Certification မှပေးအပ်သော နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ဖြစ်သော Food Safety System Certification (FSSC 22000) ပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက်တွင် ဟဲဟိုးမြို့ရှိ Myanmar Belle Shin ဟင်းသီးဟင်းရွက် အခြောက်ခံ စက်ရုံ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် မန်နေဂျင်း ဒါရိုက်တာ ဦးရဲမြင့်မောင်နှင့် Unido မှ Mr.Alian Pyare တို့က အဖွင့်အမှာစကားနှင့် ဂုဏ်ပြုအမှာစကား ပြောကြား၍ Control Union Certification မှ Mr.Roshan Ranwake က လက်မှတ်ပေးအပ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခြင်းနှင့် Food Safety System Certification (FSSC 22000) အသိအမှတ်ပြု လက်မှတ်ပေးအပ်ခြင်းတို့ကိုပြုလုပ်ခဲ့ပါတယ်။

Food Safety System Certification (FSSC 22000)အသိအမှတ်ပြု လက်မှတ်သည် ISO လက်မှတ်ကို အခြေခံထားသော နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ဖြစ်ကြောင်း၊ စားသောက်ကုန်လုပ်ငန်းများကို အဓိကထား၍ ကမ္ဘာ့နိုင်ငံပေါင်း ၁၄၀ ကို အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားကြောင်း၊ မြန်မာနိုင်ငံတွင် ဟင်းသီးဟင်းရွက် အခြောက်ခံစက်ရုံအနေဖြင့် ပထမဆုံးရရှိသော နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ဖြစ်ကြောင်း၊ စက်ရုံမှ ထွက်ရှိသော ဟင်းသီးဟင်းရွက် အခြောက်များကို ဂျပန်နိုင်ငံသို့ အဓိကထား၍ တင်ပို့ ရောင်းချနေကြောင်း သိရှိရပါသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်အဆင့်၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ Unido နှင့် Control Union Certification မှ တာဝန်ရှိသူများ၊ စက်ရုံမန်နေဂျင်း ဒါရိုက်တာနှင့် ဝန်ထမ်းများ၊ ဒေသခံ တောင်သူများ၊ တိုင်းရင်းသားလူငယ်များ စုစုပေါင်းအင်အား ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရှိရပါတယ်။ **ခွန်ကျော်ငွေး (တောင်ကြီး)**

စာမျက်နှာ (၂၅) ချိုးဖြူငှက်ကလေး . . . . မှအဆက်

ပေးခဲ့လျှင် အခုအချိန်လောက်ဆို ဘယ်လောက်များ ဖွံ့ဖြိုးနေလိမ့် မလဲ တွက်ချက်မိသည်။

ပြီးတော့ တိုင်းရင်းသားအချင်းချင်း၏ တိုက်ပွဲတွေကြောင့် သေကြေထိခိုက်ဒဏ်ရာရ၊ ခြေ၊ လက်၊ အင်္ဂါဖြတ်တောက်ခံရ၍ ဒုက္ခိတ ဖြစ်ရသူများသည် ကျွန်တော်တို့နိုင်ငံအတွင်းရှိ တိုင်းရင်းသား ညီအစ်ကို မောင်နှမများပင် ဖြစ်ကြသည်။ ယခုလောက်ဆို ဘယ်လောက်တောင် များနေပြီလဲ။ ဒုက္ခိတဖြစ်ရသူတွေ ဘယ်လောက်တောင်များနေပြီလဲ။ သေချာသည်မှာ နှစ်များစွာ ကြာမြင့်နေပြီဖြစ်၍ မရေမတွက်နိုင်အောင် ရှိနေကြပေမည်။ သူတို့၏ မိဘတွေရဲ့ မျက်ရည်တွေ ဘယ်လောက်များကျခဲ့ပြီလဲ။ ချစ်ရတဲ့ ဇနီး၊ ခင်ပွန်း၊ သား၊ သမီးများ၏ ကြေကွဲဝမ်းနည်းမှုတွေ ဘယ်လောက်ရှိခဲ့ပြီလဲ။ မိမဲ့၊ ဖမဲ့ ဖြစ်ရရှာတဲ့ ရင်ခွင်မဲ့ကလေးတွေ ဘယ်လောက်တောင် များနေပြီလဲ။ အပြစ်မရှိပါဘဲ ခိုကိုးရာမဲ့ရင်ခွင်မဲ့ကျောင်းတွေ၊ ဂေဟာတွေကို ဘယ်လောက်တောင် ရောက်နေပြီလဲ။ မခန့်မှန်းရဲလောက်အောင် ဖြစ်ရသည်။ ကိုယ့်အချင်းချင်း တိုက်ခိုက်၍ ရရှိသော တိုင်းရင်းသားများ၏ ကြေကွဲဝမ်းနည်းဖွယ်ဖြစ်ရပ်များ ဘယ်အချိန်ထိ ရှိနေဦးမှာလဲ။ ဘယ်တော့များမှ အဆုံးသတ်ကြမှာလဲ။ တိုင်းရင်းသားပြည်သူလူထုတွေ ဘယ်လောက်ထိ သေကြေပျက်စီး ဒုက္ခိတဖြစ်ရဦးမှာလဲ။ ကိုယ့်တိုင်းပြည် အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူစွမ်းအားအရင်းအမြစ်တွေကို ဘယ်လောက်ကာလအထိ ဖြုန်းတီးပစ်ကြမှာလဲ။ ဇနီး၊ မယား၊ သား၊ သမီး၊ မိဘဆွေမျိုးသားချင်းတွေရဲ့ ပူဆွေး၊ ငိုကြွေးသံတွေကို ဘယ်အချိန်ထိ ကြားရမှ ရပ်ကြမှာလဲ။ ရင်ခွင်မဲ့ ပရဟိတကျောင်းတွေ၊ ဂေဟာတွေ ဘယ်လောက်ထိ များပြားလာမှ တိတ်သွားမှာလဲ။ စစ်ဘေးရှောင်စခန်းတွေ ဘယ်လောက်အထိ ဆောက်ပေးတော့မှ နားကြမယ်ဆိုတာ ကျွန်တော် မခန့်မှန်းနိုင်ပေ။

တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်တိုက်ပွဲတွေဖြစ်တာနဲ့ ဘာမဆိုင်ညာမဆိုင် လမ်းတွေဖျက်ဆီးခံရတယ်။ တံတားတွေ ဖောက်ခွဲခံရတယ်၊ နိုင်ငံအတွင်း တောင်ပေါ်မြေပြန့်မကျန် လွှမ်းခြုံ၍ ဟန် ချက်ညီ ဖွံ့ဖြိုးတိုးတက်စေဖို့ အခြေခံ အဆောက်အအုံတွေကကြားက မြေဇာပင်ဖြစ်ကြရတယ်။ သွားလာမှုတွေ ခက်ခဲလာတယ်။ ပညာရေး၊ ကျန်းမာရေးတွေ နိမ့်ပါးလာတယ်။ အေးချမ်းလုံခြုံမှုရှိတဲ့ ဒေသတွေရဲ့တိုးတက်မှုကို လိုက်မမီတော့ဘူး။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ အတွေးအခေါ်ပိုင်းဆိုင်ရာတွေမှာ ကွာခြားလာတော့တယ်။ တိုက်ပွဲတွေကြောင့် ဖျက်ဆီးခံခဲ့ရတဲ့ လမ်းတွေ၊ တံတားတွေ၊ အဆောက်အအုံတွေ အားလုံးဟာ နိုင်ငံတော်က ပြည်သူများထံမှ ရရှိတဲ့ ငွေကြေးတွေနဲ့ တည်ဆောက်ပေးခဲ့တာ ဖြစ်တယ်။ ဒါတွေကို ဖျက်ဆီးလိုက်လို့ ထပ်ထပ်ခါခါ ဆောက်နေတာနဲ့ပဲနိုင်ငံဟာ လက်ရှိအတိုင်း ဖွံ့ဖြိုးမှုနောက်ကျန်နေတဲ့ နိုင်ငံဖြစ်နေတုန်းပဲ။ ဒါတွေနဲ့ပတ်သက်လို့လည်း ပြည်သူတစ်ယောက်ဖြစ်သော ကျွန်တော်သည် နားမလည်သော်လည်း နိုင်ငံ့ဘဏ္ဍာများ အလဟဿ ဖြုန်းတီးမှုဖြစ်သွားသည်ကိုတော့ သိပါသည်။

ထို့အပြင် ကျွန်တော်သတိထားကြည့်မိသလောက် တိုက်ပွဲဖြစ်ရာနေရာများတွင် မည်သည့်လုပ်ငန်းရှင်မှ လာရောက်ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ကြပေ။ ထိုအခါ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးမည်။ အလုပ်အကိုင်များ ရှားပါလာမည်။ ဆင်းရဲမှုသံသရာထဲတွင် ဝဲလည်နေပေမည်။ ကြောက်လန့်မှုများ စိုးမိုးနေသည့်ဒေသ၊ ယမ်းနံ့တွေ၊ သွေးညှီနံ့တွေ ပေကျံနေသည့် ဒေသကို မည်သည့်စီးပွားရေး လုပ်ငန်းရှင်များမှ လာမည် မဟုတ်ပေ။ ကျန်းမာရေး၊ ပညာရေးစောင့်ရှောက်မှုများကို ဒေသနေပြည်သူများ အပြည့်အဝရရှိနိုင်မည် မဟုတ်ပေ။ ထိုမပြည့်ဝမှု၊ မမျှတမှုများသည် နိုင်ငံတော်မှအကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည့် ဟန်ချက်ညီဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများကို ဟန့်တားလျက်ရှိသည်မှာ အသေအချာပင် ဖြစ်သည်။

နိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း လွတ်လပ်ရေး၏ အရသာကို တိုင်းရင်းသားပြည်သူများအားလုံး ပြည့်ဝစွာ မခံစားရသည်မှာလည်း ကြာမြင့်ခဲ့ပြီဖြစ်သည်။ တိုင်းပြည်လွတ်လပ်ရေးရရှိစေရေးအတွက် အဘိုး၊ အဘွားများက တာဝန်ကျေစွာဆောင်ရွက်ခဲ့ပါလျက် ၎င်းတို့၏ သွေးသားမျိုးဆက်များက အချင်းချင်းသွေးကွဲကွာ သံသယများ တိုးပွား၍ တိုက်ပွဲများဆင်နွှဲလျက် ရှိနေ၍ဖြစ်သည်။ ထိုသို့တိုက်ပွဲများဖြစ်ပွားနေ၍ နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည်။ တိုက်ပွဲများကဘဏ္ဍာငွေ အမြောက်အများ အလဟဿဆုံးရှုံးမှုဖြစ်စေသည်။ နိုင်ငံအတွင်းရှိ ပြည်သူများ အထိတ်တလန့် နေထိုင်ကြရသည်။ သေကြေပျက်စီး၊ ကိုယ်လက် အင်္ဂါများ စွန့်လွှတ်ခဲ့ကြသည်။ ကြေကွဲဝမ်းနည်းမှုများစွာ ခံစားကြရသည်။ ရင်ခွင်မဲ့ကလေး ငယ်များစွာဖြစ်ကြရသည်။ စီးပွားရေးလုပ်ငန်းများမလုပ်နိုင်၍ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျရသည်။ အချင်းချင်း တိုက်ခိုက်နေကြ၍ ဘာများကောင်းတာရှိသနည်းဟု စိတ်ထဲတွင်အကြိမ်ကြိမ် မေးမြန်းဖြစ်သည်။ သို့သော် အဖြေတစ်ခု မရရှိ ခဲ့ပေ။

နိုင်ငံတော်မှလည်း အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် တိုင်းရင်းသားညီရင်းအစ်ကို မောင်နှမများအားလုံး ပါဝင်သော ပြည်ထောင်စု နိုင်ငံကြီး ငြိမ်းချမ်းမှုရှိစေရေးအတွက် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်ကို အားရဖွယ်တွေ့ရှိ၊ ဖတ်ရှုနေရသည်။ သို့သော် ငြိမ်းချမ်းရေးချိုးဖြူငှက်ကလေးမှာ လှောင်အိမ်ထဲမှထွက်၍ လွတ်လပ်စွာ ပျံသန်းနိုင်ရေးအတွက် မဝံ့မရဲ ဖြစ်နေဆဲပင် ဖြစ်သည်။

ကျွန်တော်သည် မြန်မာပြည်အနှံ့အပြားသို့ သွားချင်သည်။ သူငယ်ချင်း၊ မိတ်ဆွေ၊ ဆွေမျိုးသားချင်းများကို ပို့ဆောင်ချင်သည်။ ညကွယ်ညသန်းခေါင်ယံအချိန်တွင် အပြာရောင် မိုးကောင်းကင်ထက်၌ ပေါ်နေသော မှိတ်တုတ်မှိတ်တုတ်နှင့် လင်းလက်နေရှာသော ငြိမ်းချမ်းရေးကြယ်တစ်ပွင့်၏ အလင်းရောင်အစား မြန်မာတစ်နိုင်ငံလုံးကို အေးချမ်းသော၊ အေးမြသော၊ ဖြူစင်သော၊ သာယာသော လမင်းအလင်းရောင်ကြီးကို မြန်မာပြည်သူများအားလုံး မျှော်လင့်ခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံရှိ အမျိုးပေါင်း (၁၀၀)ကျော် ပါဝင်သည့် ရောင်စုံပန်းခင်းများကို ငြိမ်းချမ်းရေး လရောင်ဆမ်း အေးချမ်းစေချင်ပါသည်။ မြန်မာနိုင်ငံကို အခြားနိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်စေချင်သည်။ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းကြသကဲ့သို့ တိုင်းရင်းသားပြည်သူများ အားလုံး ငြိမ်းချမ်းရေးရရှိရန် အတ္တများကို ဘေးဖယ်၊ သံသယတွေဖျောက်၊ စိတ်ဝမ်းကွဲမှုများကို ပယ်၍ အတူတကွလက်တွဲဆောင်ရွက်သည်ကို လိုလားပါသည်။ လွတ်လပ်ရေးရရှိပြီးကတည်းက လှောင်အိမ်ထဲတွင် ထိတ်လန့်ကြောက်ရွံ့၊ အားငယ် သိမ်ငယ်စွာဖြင့် နေထိုင်နေရရှာသော ငြိမ်းချမ်းရေး ချိုးဖြူငှက်ကလေး အပြာရောင်ကောင်းကင်ပေါ်တွင် လွတ်လပ်စွာ ပျံသန်းနေသည်ကို မြင်ချင်ပါသည်။ တွေ့ချင်ပါသည်။ ဘယ်အချိန်လဲ ဆိုသည်ကိုတော့. . . . ။

■

## လားရှိုးမြို့မဈေးတွင် ကုန်ပစ္စည်းအညွှန်းများကို မြန်မာဘာသာဖြင့် ဖော်ပြခြင်းမရှိပါက အရေးယူသွားမည့်အကြောင်း အသိပညာပေးဟောပြော

ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ကုန်ပစ္စည်းများ၊ မြန်မာပြည်တွင်းမှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို အခြားဘာသာစကားများအပြင် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသည့် အညွှန်းများပါဝင်ရ မည့် အမိန့်ညွှန်ကြားစာပါ အကြောင်းအရာများအား စားသုံးသူရေးရာဦးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းက ဒီဇင်ဘာလ ၄ ရက်တွင် လားရှိုးမြို့၊ မြို့မဈေးကြီးအတွင်း၌ ဈေးသူ/ဈေးသားများအား ရှင်းလင်းပြောကြားခဲ့ပါသည်။

ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် စားသောက်ကုန်များ အပါအဝင် ကုန်ပစ္စည်းများတွင် (က)သုံးစွဲပုံအညွှန်း၊ (ခ)ထားသိုသိမ်းဆည်းပုံအညွှန်း၊ (ဂ)ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ (ဃ)ဘေးထွက်ဆိုးကျိုး စသည့် ပါဝင်ပစ္စည်း အကြောင်းအရာများကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြရမည်ဖြစ်ကြောင်း စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၆ ရက်တွင် ထုတ်ပြန်လိုက်ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင်စတင်၍ အာဏာ သက်ရောက်မည်ဖြစ်ကြောင်းနှင့် ယခုကာလများတွင် ပညာပေးကာလများအဖြစ် သတ်မှတ်ပြီး ပညာပေးကာလ ကျော်လွန်ပါက အစားအသောက်များ၊ အိမ်သုံးပစ္စည်းများ၊ ကလေးအသုံးအဆောင်ပစ္စည်းများ၊ ဆက်သွယ်ရေးသုံးပစ္စည်းများ၊ ဆေးဝါးနှင့် ဖြည့်စွက်စာများ၊ ဓာတုဗေဒပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာများတွင် မြန်မာဘာသာဖြင့် ဖော်ပြထားသည့် အညွှန်းများ မပါဝင်သည့် ကုန်ပစ္စည်းများ ရောင်းချပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အရေးယူရာတွင် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပုဒ်မ (၁၉)အရ သတိပေးခြင်း၊ ပြင်းထန်စွာသတိပေးခြင်း၊ နစ်နာသည့် စားသုံးသူအားလျော်ကြေးပေးစေခြင်း၊ အငြင်းပွားလျက်ရှိသည့် ကုန်စည်/ဝန်ဆောင်မှုကို ကာလအကန့်အသတ်ဖြင့် ရပ်တန့်စေခြင်း၊ ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း၊ လုပ်ငန်းလိုင်စင်ကို ယာယီ/ အမြဲတမ်းပိတ်သိမ်းခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

အဆိုပါ အသိပညာပေး ရှင်းလင်းပွဲသို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများ၊ ဈေးကော်မတီအဖွဲ့ဝင်များနှင့် ဈေးသူ/ဈေးသား၁၂၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အေးမင်းထွန်း(လားရှိုး)**

## ကရင်ပြည်နယ် မြိုင်ကလေးကျေးရွာဈေးအား ကွင်းဆင်းစစ်ဆေး

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ မြန်မာ့ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးရွာတာဝန်ခံတို့သည် ဒီဇင်ဘာလ ၁၂ ရက်က မြိုင်ကလေးကျေးရွာ ဈေး စားသောက်ကုန်နှင့် အလှကုန်ဆိုင်များအား ကွင်းဆင်းစစ်ဆေးခြင်းနှင့် သက်တမ်းကုန်ပစ္စည်းများ သိမ်းဆည်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။

မြိုင်ကလေး ဈေးစားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများအား ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် တချို့စားသောက်ကုန်များမှာ သက်တမ်းကုန်ဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ တွေ့ရှိသည့် ဆိုင်ရှင်များနှင့် တွေ့ဆုံပြီး သက်တမ်းကုန်ပစ္စည်းများကို ရောင်းချရန်မသင့်ကြောင်း၊ ပစ္စည်းများကို သိမ်းဆည်းသွားမည်ဖြစ်ပါကြောင်း၊ နောင်တွင်လည်း သက်တမ်းကုန်ရက်များကို ဂရုတစိုက်ကြည့်ရှုပြီး ရောင်းချသင့်ကြောင်းဖြင့် အသိပညာပေး ဆွေးနွေးခဲ့ပြီး ဆိုင်ရှင်များအား ဝန်ခံကတိပြု လက်မှတ်ရေးထိုးခဲ့ကြောင်း သိရပါသည်။

သိမ်းဆည်းပစ္စည်းများဖြစ်သော ( Abevia drink ၆ဘူး ၂ ကဒ်၊ CoCaCola ၂ ဘူး၊ Falion နို့ဆီ ၂ ဘူး၊ strawberry Juice ၂ ဘူး) တို့ကို သိမ်းဆည်းခဲ့ပြီး အဖွဲ့စုံဖြင့် ဈေးအနောက်ကွင်းပြင်တွင် မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည် (ကရင်)**

## မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ထန်းတပင်မြို့နယ်၊ ရိုးခွကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် မြို့မဈေးသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ၊ ကျောင်းမုန့်ဈေးတန်းနှင့် ကုန်မျိုးစုံဈေးဆိုင်များအား ကွင်းဆင်းပညာပေး

စားသုံးသူရေးရာ ဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးနှင့် အမှုထမ်းဝန်ထမ်းများသည် ဒီဇင်ဘာလ ၁၂ ရက်တွင် ထန်းတပင်မြို့နယ်အတွင်း ရိုးခွကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် မြို့မဈေးသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ၊ ကျောင်းမုန့်ဈေးတန်းနှင့် ကုန်မျိုးစုံဈေးဆိုင်များအား ကွင်းဆင်း အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ်၊ ရိုးခွကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေမြိုင်က အဖွင့်အမှာစကားပြောကြားပြီးနောက် မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ အကြီးတန်းစာရေး ဒေါ်နီလာဦးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးအကာအကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းချက်ပါ စားသုံးသူ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏လုပ်ငန်းတာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်က ကုန်စည်/ ဝန်ဆောင်မှုနှင့်ပတ်သက်၍ နစ်နာမှုများကို မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးရှိ(CICC) သို့တိုင်ကြားလာမှုများကို ဖြေရှင်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကျောင်းသားလူငယ်များက စားသုံးသူအခွင့်အရေးကို သိရှိပြီး လုံခြုံစိတ်ချရမှုမရှိ၊ သတင်းအချက်အလက် ပြည့်စုံမှန်ကန်မှု မရှိသည့် ကုန်စည်/ဝန်ဆောင်မှုများကို ငယ်ရွယ်စဉ်ကပင် အသိသတိဖြင့် ရွေးချယ်ဝယ်ယူ သုံးစွဲရန်၊ ကျန်းမာကြံ့ခိုင်သော လူရည်ချွန်များဖြစ်စေရန်အတွက် ငယ်ရွယ်စဉ်ကပင် အလေ့အကျင့်ကောင်းများရရှိစေရန် လိုအပ်ကြောင်းတို့ကို အကျယ်တဝင့် ဆွေးနွေးပြီးနောက် ကျောင်းအုပ်ဆရာမကြီး၊ ဆရာမများနှင့်အတူ ကျောင်းမုန့်ဈေးတန်း ရောင်းချမှုများကို ကွင်းဆင်းကြည့်ရှုပြီး စားသုံးရန်မသင့်သော အသိပညာပေး Vinyl ကို ကျောင်းအုပ်ဆရာမကြီးသို့ ပေးအပ်လှူဒါန်းခဲ့ပါသည်။

ထို့နောက် ထန်းတပင်မြို့နယ်၊ မြို့မဈေးသို့ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပရာ ဈေးတာဝန်ခံ ဦးနေဝင်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံး၊ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်က စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပပြီးနောက် ဈေးတာဝန်ခံဝန်ထမ်းများနှင့်အတူ ဈေးအတွင်း လှည့်လည်ကာ ထုတ်ကုန်လုံခြုံစိတ်ချရသည့် ပစ္စည်းများရောင်းချနိုင်ရေးအတွက် ဈေးဆိုင်ခန်းများသို့ ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ဟောပြောပွဲသို့တက်ရောက်လာသည့်ဆရာ/ဆရာမ၊ ကျောင်းမုန့်ဈေးတန်းရောင်းချသူနှင့် ကျောင်းသား/ကျောင်းသူ ၂၁၅ ဦး၊ မြို့မဈေးမှ ဈေးသူ/ဈေးသား ၁၇ ဦး တို့ကို 'စားသုံးသူပြည်သူများ အန္တရာယ်ကင်းစေဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့' စာတမ်းပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါသည်။ **ထားလှိုင် (ရန်ကုန်)**

## ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနတွင် စားသုံးရန်မသင့် သိမ်းဆည်းပစ္စည်းများအား မီးရှို့/မြေမြှုပ် ဖျက်ဆီး

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ၂၁ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ ဒီဇင်ဘာ ၁၈ ရက်က ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန ရုံးဝင်းအတွင်း စားသုံးရန် မသင့်သိမ်းဆည်းပစ္စည်းများအား မီးရှို့မြေမြှုပ်ဖျက်ဆီးခြင်းကို ဆောင်ရွက်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ ခရိုင်မြို့နယ် မိခင်နှင့် ကလေး အမျိုးသမီးရေးရာအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ စည်ပင်ဈေးကော်မတီ အဖွဲ့ဝင်များ စုစုပေါင်း ၃၉ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တက်ရောက်လာကြသော စားသုံးသူပြည်သူများအား ယင်းမာပင်ခရိုင်အတွင်းရှိ မိတ်ဖက်ဌာနများဖြင့် ပူးပေါင်းပြီး နိုဝင်ဘာလအတွင်း ကွင်းဆင်းဆောင်ရွက်ရာမှ တွေ့ရှိသော သက်တမ်းလွန် မှိုတက် စားသောက်ကုန်ပစ္စည်း (FDA) မှ စားသုံးရန်မသင့် ကြော်ငြာထားသည့် ပစ္စည်းများအား ရောင်းချနေခြင်းအား တွေ့ရှိသည်များကို သိမ်းဆည်းခဲ့ပြီး ၂၁ ကြိမ်မြောက် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အတူ စားသုံးသူများ ဘေးကင်းလုံခြုံ စိတ်ချရမှုရှိစေရန် မီးရှို့မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့ (မြင်းမူ)**

## ဖျာပုံမြို့နယ်အမှတ်(၉၇)ခြေလျင်တပ်ရင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးခင်မောင်ဇင် ဦးဆောင်ပြီး မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများလိုက်ပါ၍ ဖျာပုံမြို့ အမှတ်(၉၈)ခြေလျင်တပ်ရင်းမိသားစုများအား ဒီဇင်ဘာလ ၁၂ ရက်က တပ်ရင်းအစည်းအဝေးခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပပြုလုပ်ခဲ့ပါသည်။

ဟောပြောပွဲတွင် ဒုတိယခရိုင်ဦးစီးမှူးကစားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များ၊ ကျောင်း၊ ရပ်ကွက်၊ ဈေးရုံဈေးတန်းများတွင် စားသုံးသူဆုံးရှုံးနစ်နာမှုတိုင်ကြားစာ လက်ခံပုံးများထားရှိမှုအခြေအနေများ၊ မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးမှု၊ တားမြစ် သိမ်းဆည်းမှု အခြေအနေများ၊ သတင်းပြန်ကြားရေးနှင့် တိုင်ကြား စာလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ဖွင့်လှစ်ထားမှုနှင့် ဆောင်ရွက်နေမှု အခြေအနေများအား ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ဒုတိယမြို့နယ်တာဝန်ခံ ဦးမင်းဇော်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် အစားအစာများအကြောင်းနှင့် ဓာတုဆိုးဆေးလေးမျိုးအကြောင်း၊ ကုန်စည်များ မဝယ်ယူမီ သတိပြုရမည့်အချက်များနှင့် စီးပွားရေးလုပ်ငန်းများမှ စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များအပေါ် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲ၍ဖြစ်စေ ဖော်ပြရမည့်အကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် စားသုံးသူအခွင့်အရေးအကြောင်းတို့အား အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပြီး မေးမြန်းမှုများအား ပြန်လည်ဖြေကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ အမှတ် ၉၈ ခြေလျင်တပ်ရင်းရှိ အရာရှိ/ အရာခံများ၊ ရဲဘော်များနှင့် မိသားစုများစုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန် (ဖျာပုံ)**

# တာချီလိတ်မြို့ ပါဆတ်ကားလေးကွင်းတွင် ယာဉ်လိုင်းဝန်ဆောင်မှု ပညာပေးဆွေးနွေး



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့ ပါဆတ်ကားလေးကွင်းရှိ ရွှေကျားဖြူဂိတ်၌ ဒီဇင်ဘာ ၁၃ ရက်က စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့မှ ယာဉ်လိုင်းတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ ယာဉ်လိုင်းဝန်ဆောင်မှုဆိုင်ရာ အချက်များ ပညာပေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးလှစိုးက ဌာန၏ မျှော်မှန်းချက်မှာ စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန် ဖြစ်ပြီး အစားအသောက်များ လုံခြုံစိတ်ချရမှုသာမက ဝန်ဆောင်မှုအမျိုးမျိုးကိုလည်း ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခရီးသွားပြည်သူများက ယာဉ်လိုင်းဝန်ဆောင်မှုနှင့်ပတ်သက်ပြီး စိတ်ကျေနပ်မှုမရှိ၍ တိုင်ကြားမှုများ ရှိလာပါကဌာနအနေဖြင့် ညှိနှိုင်းဖြေရှင်း ပေးရမှာဖြစ်ကြောင်း၊ တိုင်ကြားခံရသော ယာဉ်လိုင်းများမှ ခရီးသွားပြည်သူများ စိတ်ကျေနပ်မှုရရှိအောင် ပြန်လည် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ကျေနပ်မှုမရှိပါက ပြည်နယ်အငြင်းပွားမှုနှင့် စားသုံးသူအကာအကွယ်ပေးရေး ဇဟိုကော်မတီသို့ ဆက်လက်အယူခံဝင်နိုင်ကြောင်း၊ ဗဟိုကော်မတီက ခရိုင်အငြင်းပွားနှင့် ပြည်နယ်အငြင်းပွားမှုတို့၏ ဆုံးဖြတ်ချက်များကို အတည်ပြုနိုင်သကဲ့သို့ ပယ်ဖျက်ခြင်းလည်း ပြုနိုင်ကြောင်း၊ ယာဉ်လိုင်းများအနေဖြင့် နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ယာဉ်လိုင်းများအနေဖြင့် ယာဉ်စီးနင်းခအား သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံခြင်း၊ မူလဝယ်ယူထားသော ခုံနံပါတ်ပြောင်းလဲခြင်း၊ ခရီးသည်အား သတ်မှတ်နေရာသို့ ပို့ဆောင်ပေးမှုမရှိခြင်း၊ ခရီးစဉ်များအား သတ်မှတ်ချိန်အတိုင်း ထွက်ခွာမှုမရှိခြင်းစသည့် အချက်များကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြီး ယာဉ်လိုင်းတာဝန်ခံများမှလည်း သိရှိလိုသည်များနှင့် မိမိတို့၏အခက်အခဲများကို ဆွေးနွေးခဲ့ကြပြီး ဒုတိယပြည်နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာများမှ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ရန်နောင်(ကျိုင်းတုံ)**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဈေးများတွင် ရောင်းချနေသော စားသုံးဆီများအား ကွင်းဆင်းစစ်ဆေး

စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိမြို့ကြီးများ၌ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၃ ရက်တွင် ဈေးကွက်အတွင်း ထုတ်လုပ်ရောင်းချလျက်ရှိသော စားသုံးဆီများအား ကွင်းဆင်းစစ်ဆေးခဲ့ရာ ၄၈ မျိုးခန့်တွေ့ရှိရပြီး ၎င်းဆီများမှာပဲဆီသန့်၊ စားအုန်းဆီ၊ နှမ်းဆီ၊ ဟင်းသီးဟင်းရွက်ဆီ၊ နေကြာဆီ၊ ပဲပိစပ်ဆီ၊ Cooking Oil တို့အား တံဆိပ်ပေါင်းစုံ၊ ဆိုဒ်ပေါင်းစုံ ထုပ်ပိုး၍ ရောင်းချလျက်ရှိ ကြောင်း အချို့မြို့များ၌ အမှတ်တံဆိပ်တွင် စားသုံးသူအား ထင်ယောင်ထင်မှားဖြစ်စေသည့် အညွှန်းဖော်ပြချက်များရေးသား၍ ရောင်းချလျက်ရှိကြောင်း (ဥပမာ-စားသုံးဆီ၊ Cooking Oil)၊ အချို့စားသုံးဆီဗူးများသည် အမှတ်တံဆိပ်တွင် ဖော်ပြထားသော ထုထည်နှင့် ဗူးအတွင်းပါဝင်သော ထုထည်ကိုက်ညီမှုမရှိကြောင်း၊ အညွှန်းစာသားများအားပြည့်စုံစွာ ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် ဈေးကွက်အတွင်းရှိသော စားသုံးဆီများအား ထင်ယောင်ထင်မှားမဖြစ်စေရန် ဆီအမျိုးအစားကိုတိကျစွာဖော်ပြသင့်ပါကြောင်း၊ အလေးချိန်ထုထည်ပမာဏကို မှန်ကန်စွာဖော်ပြသင့်ပါကြောင်း၊ အချက်အလက်များကိုလည်း ပြည့်စုံစွာဖော် ပြသင့်ပါကြောင်း၊ နောက်နောင် လာရောက် စစ်ဆေးသည့်အခါ အထက်ဖော်ပြပါအတိုင်း ပြည့်စုံမှန်ကန်စွာ ဖော်ပြရောင်းချခြင်းမရှိသော လုပ်ငန်းရှင်များကို စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေး ဆွေးနွေးခဲ့ပါကြောင်း သတင်းရရှိပါသည်။

**စည်သူအောင် (ပဲခူး)**

# စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် (၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး ၊ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်း ၂၂ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ကိုယ်စား၊ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်လှိုင်က ပြောကြားရာတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၏လမ်းညွှန်ချက်အရ တိုင်ကြားစာ စာတိုက်ပုံးများ တစ်ပုံစံတည်းထားရှိရန်၊ တိုင်ကြားစာသာမက အကြံပြုချက်များလည်း တင်ပြနိုင်ရန်၊ ရပ်ကွက်များအနက် ကျယ်ပြန့်သော ရပ်ကွက်တွင် တိုင်ကြားစာပုံး တစ်ပုံးမက ထားရှိရန်၊ လိုအပ်သော နေရာတွင် စားသုံးသူအဖွဲ့ ထပ်မံဖွဲ့စည်း၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်၊ တိုင်ကြားမှု၊ အကြံပြုချက်များ ရှိလာပါက မည်သို့ဆောင်ရွက်ရမည်ကို တိုင်ကြားစာများ စနစ်တကျ မှတ်ပုံတင်ထားရှိရန်၊ ပြည်သူတစ်ရပ်လုံး ပါဝင်နိုင်ရေး၊ သက်ဆိုင်ရာ မိတ်ဖက် ၊ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ တိုင်ကြားမှု၊ အကြံပြုချက်များကို စိစစ်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း ပြောကြားပါသည်။ ဆက်လက်၍ စားသုံးသူဘေးကင်း လုံခြုံစေရေးအတွက် ကုန်စည်များတွင် ‘သုံးစွဲပုံနှင့် ပတ်သက်သော သတင်းအချက်အလက် (သို့) ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ’ ပါရှိ/ မရှိကိုစိစစ်ရမည်ဖြစ်ကြောင်း၊ ဌာနလမ်းညွှန်ချက်များ၊ ဆက်စပ်ဌာနများ၏ တင်ပြချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ အစည်းအဝေး ဆုံးဖြတ်ချက်များကို ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

ထို့နောက် တက်ရောက်လာသော မိတ်ဖက်အဖွဲ့ဝင်များမှလည်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သင်းသင်းအေး (မုံရွာ)**



# လားရှိုးမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် “ရှမ်းနှစ်သစ်ကူးပွဲတော်”တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးပြခန်း ပြသ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ချယ်ရီမြိုင် အိမ်ရာဝင်းအတွင်း ဒီဇင်ဘာ ၆ ရက်မှ ၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ပြုလုပ်သော ‘ရှမ်းနှစ်သစ်ကူးပွဲတော်’တွင် လားရှိုးမြို့၊ စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်သော အသိပညာပေး ပြခန်းအား ခင်းကျင်းပြသခဲ့ပြီး ပြည်သူများအား အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

အသိပညာပေးပြခန်းတွင် စားသုံးသူရေးရာ ဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်တာဝန်များ၊ ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုနှင့် ပတ်သက်၍ စားသုံးသူ နစ်နာဆုံးရှုံးမှုများအား ဆက်သွယ်တိုင်ကြားနိုင်မည့် နည်းလမ်းများ၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC)မှ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည့် ဖြစ်စဉ်များ၊ စားသုံးသူအခွင့်အရေးများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းမပြုမီ သတိပြုရမည့်အချက်များ၊ စီးပွားရေးလုပ်ငန်းရှင် တာဝန်များအား ဗီနိုင်းများဖြင့်လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးပွဲများ၊ ကွင်းဆင်းစစ်ဆေးခြင်းများ၊ သိမ်းဆည်းဖျက်ဆီးခြင်းများ၊ ဘေးအန္တရာယ်ရှိသည့် အစားအသောက်ပုံများ၊ ဘေးအန္တရာယ်ရှိသည့် ထုတ်ကုန်များအား ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းမှုများအား ဓာတ်ပုံမှတ်တမ်းများဖြင့်လည်းကောင်း၊ စားသုံးရန်မသင့်သည့် အစားအသောက်များ၊ ရွေးချယ်ဝယ်ယူသင့်သည့် အစားအသောက်များအား နမူနာပြသ၍လည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များမှ ဘေးကင်းလုံခြုံရေးအတွက် မြန်မာဘာသာဖြင့်ဖြစ်စေ၊ အခြားဘာသာနှင့်တွဲလျက်ဖြစ်စေ၊ ဦးစားပေး ဖော်ပြရမည့် ကုန်စည်များအကြောင်း၊ စားသုံးသူအကာ အကွယ်ပေးရေး ဥပဒေပုဒ်မ (၁၉)အရ အရေးယူဆောင်ရွက်နိုင်သည့် နည်းလမ်းများအား ဗီနိုင်း/ပိုစတာများဖြင့် လည်းကောင်း၊ လက်ကမ်းစာ စောင်များဖြင့်လည်းကောင်း ခင်းကျင်းပြသခဲ့ကြရာ ရှမ်းနှစ်သစ်ကူးပွဲတော်သို့ လာရောက်သူများမှာလည်း စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သတင်းရရှိပါသည်။

**လှိုင်ဖြိုးထက်(လားရှိုး)**



# မော်ရင်ဟို ရီးရဲလ်မက်ဒရစ် သို့မဟုတ် ဘိုင်ယန်မြူးနစ်သို့ရောက်ရန် ရေပန်းစားနေ

မန်ယူအသင်းမှ ထုတ်ပယ်ခြင်းခံလိုက်ရသည့် နည်းပြ မော်ရင်ဟိုသည် လွတ်လပ်သည့် ကိုယ်ပိုင်အချိန်များကို အပြည့်အဝ အသုံးချဦးမည်ဟုဆိုသော်လည်း လတ်တလောထွက်ပေါ်နေသည့် သတင်းများအရ ၎င်းကိုင်တွယ်ခဲ့ဖူးသည့် အသင်းဟောင်း ရီးရဲလ်မက်ဒရစ် သို့မဟုတ် ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိတော့မည်ဟု သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ထွက်လာနေခြင်းဖြစ်သည်။

မော်ရင်ဟိုသည် မန်ယူအသင်းမှ ထုတ်ပယ်ခံရပြီးနောက်တွင် ဈေးဝယ်စင်တာတစ်ခု၌ သတင်းသမားများနှင့် တွေ့ဆုံချိန်တွင် မန်ယူအသင်းအကြောင်း မေးမြန်းခဲ့သော်လည်း မော်ရင်ဟိုက ပြန်လည်ပြောဆိုခြင်းမရှိဘဲ ၎င်းအနေဖြင့် လောလောဆယ်တွင် လွတ်လွတ်လပ်လပ်နေချင်သေးကြောင်း၊ မန်ယူအသင်းအကြောင်းကို ပြန်လည်မပြောပြလိုကြောင်း၊ အတိတ်ကို အတိတ်မှာသာ ထားခဲ့ချင်ကြောင်း၊ နောက်ရာသီတွင် အသင်းကြီး တစ်သင်းသင်းကို ကိုင်တွယ်ပြီး ဘောလုံးလောကတွင် အောင်မြင်မှုကို ပြန်လည်ရယူမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**မော်ရင်ဟို၏ နည်းပြဘဝ အနိုင်ရရှိမှု မှတ်တမ်း**

| အသင်း | ပွဲပေါင်း | နိုင်ပွဲ | သရေ | ရှုံးပွဲ | အနိုင်ရမှုရာခိုင်နှုန်း |
|---|---|---|---|---|---|
| ချယ်လ်ဆီး(၂၀၀၄-၀၇) | ၁၈၅ | ၁၂၄ | ၄၀ | ၂၁ | ၆၇.၀၃ |
| အင်တာမီလန်(၂၀၀၈-၁၀) | ၁၀၈ | ၆၇ | ၂၆ | ၁၅ | ၆၂.၀၄ |
| ရီးရဲလ်(၂၀၁၀-၁၃) | ၁၇၈ | ၁၂၈ | ၂၈ | ၂၂ | ၇၁.၉၁ |
| ချယ်လ်ဆီး(၂၀၁၃-၁၅) | ၁၃၆ | ၈၀ | ၂၉ | ၂၇ | ၅၈.၈၂ |
| မန်ယူ(၂၀၁၆-၁၈) | ၁၄၄ | ၈၄ | ၃၂ | ၂၈ | ၅၈.၃၃ |

# ရာသီသစ်တွင် မန်ယူနည်းပြ ဖြစ်လာရန် ပိုချက်တီနို ရေပန်းအစားဆုံးဖြစ်နေ



မန်ယူအသင်းသည် လက်ရှိအချိန်တွင် အသင်းကစားသမားဟောင်း ဆိုးလ်ရှားကို ယာယီနည်းပြအဖြစ် ယခုနှစ်ရာသီကုန်အထိ ခန့်အပ်ထားသော်လည်း လာမည့်ရာသီသစ်တွင် ထိပ်တန်းနည်းပြတစ်ဦးကို ခန့်ထားနိုင်ရေးအတွက် ကြိုးပမ်းမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် မော်ရင်ဟိုကို မထုတ်ပယ်မီက အသင်းလက်မဲ့ဖြစ်နေသည့် ဇီဒန်းကို နည်းပြအဖြစ် ခန့်အပ်တော့မည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း မန်ယူအသင်းအနေဖြင့် မော်ရင်ဟိုကို တစ်ကယ်တမ်း ထုတ်ပယ်ပြီးချိန်တွင် ဇီဒန်းက ၎င်းအနေဖြင့် မန်ယူနည်းပြရာထူးအတွက် လေးလေးနက်နက် စဉ်းစားဦးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာသည်။

လတ်တလောကာလတွင် မန်ယူအသင်းမှ တာဝန်ရှိသူများသည် စပါးအသင်းနည်းပြ ပိုချက်တီနိုကိုခေါ်ယူရန် ဆက်သွယ်ကမ်းလှမ်းနေကြကြောင်း သိရသည်။

စပါးအသင်းနည်းပြ ပိုချက်တီနိုက ‘ လောလောဆယ်တော့ မန်ယူအသင်းက ကျွန်တော့်ကို တရားဝင် ဆက်သွယ်ကမ်းလှမ်းလာတာမျိုး မရှိသေးပါဘူး။ ကျွန်တော့်ဘက်ကလည်း ကြိုတင်ပြင်ဆင်ထားတာ ဘာမှမရှိပါဘူး။ မန်ယူအသင်းကို နည်းပြခွင့်ရမယ်ဆိုရင်တော့ ကြီးမားတဲ့ အခွင့်အရေးတစ်ရပ်ပါ။ စိန်ခေါ်မှုတွေ၊ ဝေဖန်မှုတွေကိုလည်း တခြားအသင်းတွေထက် ပိုခံရမှာပါ။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ လောလောဆယ်မှာတော့ စပါးအသင်းနဲ့အတူ ရလဒ်ကောင်းတွေရဖို့ပဲ အာရုံစိုက်ထားပါတယ်’ ဟု ပြောကြားလိုက်သည်။

စပါးအသင်းနည်းပြ ပိုချက်တီနိုကို ယခင်ကလည်း စပိန်လာလီဂါ ထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းက တရားဝင်ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ဖူးသည်။ ယင်းအချိန်က ပိုချက်တီနိုသည် ရီးရဲလ်မက်ဒရစ်အသင်းကို ငြင်းပယ်ခဲ့ပြီး စပါးအသင်းတွင်သာ ဆက်နေခဲ့ခြင်းဖြစ်သည်။

ဟန်နေသစ် စုစည်းသည်



# မန်ယူကို ကစားသမားတစ်ယောက်အနေဖြင့် လာပူးပေါင်းခြင်းဖြစ်ကြောင်း ဆိုးလ်ရှားဖွင့်ဟ

မန်ယူအသင်းကို ယာယီနည်းပြအဖြစ် ယခုနှစ်ရာသီကုန်အထိ ကိုင်တွယ်ရန် ခန့်အပ်ထားခြင်း ခံထားရသည့် မန်ယူအသင်းကစားသမားဟောင်း ဆိုးလ်ရှားက မိမိအနေဖြင့် မန်ယူအသင်းကို ရောက်ရှိလာခြင်းမှာ နည်းပြတစ်ယောက်အနေဖြင့် ရောက်ရှိလာခြင်းဟုမခံယူထားဘဲ ကစားသမားတစ်ယောက်အနေဖြင့် လာရောက်ပူးပေါင်းခြင်းဖြစ်သည်ဟုသာ ခံယူထားကြောင်း ဖွင့်ဟ ပြောကြားလိုက်သည်။

မန်ယူအသင်းက နည်းပြ မော်ရင်ဟိုကို ထုတ်ပယ်ပြီးနောက်တွင် အသင်းဘုတ်အဖွဲ့ဝင်များက အသက်(၄၅)နှစ်ရှိ ၎င်းတို့အသင်း၏ ကစားသမားဟောင်း ဆိုးလ်ရှားကို ယာယီနည်းပြအဖြစ် ခန့်အပ်ရန် အလျင်အမြန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ဆိုးလ်ရှားက ‘ကျွန်တော် မန်ယူအသင်းမှာ ၁၁ နှစ်အထိ ကစားခဲ့တာပါ။ ၁၁နှစ်ဆိုတဲ့ သံယောဇဉ်က မနည်းပါဘူး။ အသင်းဘုတ်အဖွဲ့က အခုလို ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့ နည်းပြအဖြစ်ကိုင်တွယ်ခွင့်ပြုတာကို ကျေးဇူးအများကြီး တင်ရပါတယ်။ ကျွန်တော့်စိတ်ထဲမှာ မန်ယူအသင်းကို နည်းပြတစ်ယောက်အနေနဲ့ ရောက်လာတယ်လို့ မခံစားရဘဲ ကစားသမားအဖြစ်နဲ့ ပြန်ရောက်လာတယ်လို့ပဲ ခံစားနေရပါတယ်။ မန်ယူအသင်းကို နည်းပြခွင့်ရတာဟာ ကြီးမားတဲ့ အခွင့်အရေးတစ်ခုဖြစ်သလို တာဝန်လည်း အရမ်းကြီးပါတယ်။ လက်ရှိ မန်ယူကစားသမားတွေနဲ့ အကောင်းဆုံး ခရီးဆက်ပြီး ရာသီကုန်မှာ ရလဒ်ကောင်း တစ်ခုကို ရရှိနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်’ ဟု ပြောကြားလိုက်သည်။

ဆိုးလ်ရှားသည် မန်ယူအသင်းတွင် ၁၉၉၆မှ ၂၀၀၇ ခုနှစ်အထိ ကစားခဲ့သူဖြစ်ပြီး မန်ယူအသင်းနှင့်အတူအောင်မြင်မှုများ ရရှိခဲ့ဖူးသူလည်းဖြစ်သည်။ ဆိုးလ်ရှားသည် ကစားသမားဘဝမှ အနားယူသွားပြီးနောက်တွင် ၂၀၁၁ ခုနှစ်တွင် မိုလ်ဒီအသင်းကို စတင်ကိုင်တွယ်ပြီး နည်းပြဘဝကို စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်တွင် ဆိုးလ်ရှားသည် ၂၀၁၄ ခုနှစ်တွင် ကာဒစ်ဖ်အသင်းကို ကိုင်တွယ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် မိုလ်ဒီအသင်းကို ပြန်လည်ကိုင်တွယ်ခဲ့သေးသည်။ မန်ယူအသင်းသည် ဆိုးလ်ရှားကို ယခုနှစ် ရာသီကုန်အထိသာ ယာယီနည်းပြအဖြစ် ကိုင်တွယ်ရန် ခန့်အပ်ထားခြင်းဖြစ်သည်။




# နောက်ခံကစားသမား မူရယ်လိုကို ဘာစီလိုနာအသင်း ခေါ်ယူမည်

ဘာစီလိုနာအသင်းသည် ဗလန်စီယာအသင်းမှ ကိုလံဘီယာ ဗဟိုခံစစ်ကစားသမား မူရယ်လိုကို အငှားစာချုပ်ဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် မူရယ်လိုကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်းနှင့် လောလောဆယ်တွင် ၎င်းကစားသမားကို အငှားဖြင့်သာ ခေါ်ယူရန်သဘောတူထားသော်လည်း ဗလန်စီယာအသင်းမှ မူရယ်လိုကို အပြီးရောင်းချမည်ဆိုပါက ပေါင် ၂၃ သန်းဝန်းကျင် ပေးသွားမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက သတင်းထုတ်ပြန်ထားသည်။

အခြားတစ်ဖက်တွင် ဘာစီလိုနာအသင်းသည် အဲဗာတန်အသင်းမှ ပေါ်တူဂီ ကွင်းလယ်ကစားသမား အန်ဒရီဂိုမစ်ကို ခေါ်ယူရန် ကမ်းလှမ်းနေမှုမှာ အောင်မြင်လုနီးပါးရှိနေပြီဖြစ်ကြောင်း သိရသည်။ ဘာစီလိုနာအသင်းသည် အဲဗာတန်အသင်းတွင် ခြေစွမ်းပြနေသည့် ကွင်းလယ်ကစားသမား အန်ဒရီဂိုမစ်ကို ယူရို ၅၅ သန်းဖြင့် ကနဦး ကမ်းလှမ်းမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဘာစီလိုနာအသင်းသည် အန်ဒရီဂိုမစ်ကို ခေါ်ယူရာတွင် ဗလန်စီယာအသင်းနှင့်အပြိုင် ခေါ်ယူရဖွယ်ရှိနေကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။

# လယ်ယာထွက်ကုန်ပစ္စည်းများအပါအဝင် စိုက်ပျိုးရေးထုတ်ကုန်များရဲ့ ပြည်ပတင်ပို့မှုကျဆင်းခြင်းကို ကုစားနိုင်ဖို့ဆိုလျှင်...

## ရေထွက်ကုန်ပစ္စည်းကဏ္ဍမှ ပြည်ပပို့ကုန်မြင့်မားစေဖို့ .....

မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတွင် ရေထွက်ကုန်ပစ္စည်းများ၏ တင်ပို့မှုကိုကြည့်မည်ဆိုလျှင် ငါး၊ ပုဇွန်၊ ကဏန်း၊ ငါးရှဉ့်နှင့် အခြား ရေထွက်ကုန်ပစ္စည်းများတို့၏တင်ပို့နိုင်မှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်ကို တွေ့ရှိရပြီး အလားအလာကောင်းလျက် ရှိပေသည်။ စာရေးသူတို့၏ မြန်မာနိုင်ငံသည် ကမ်းရိုးတန်း မိုင် ၁၅၀၀ ကျော်ရှည်လျားပြီး ကမ်းဝေး (ကမ်းလွန်) ပင်လယ်ပြင် ရေပိုင်နက် မိုင် ၂၀၀ ခန့်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ရေသယံဇာတ ပေါကြွယ်ဝခြင်းက နိုင်ငံ၏အားသာချက်ဟုပြောရမည်ဖြစ်ပေ သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ ပင်လယ်ပြင်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းမှာ တွင်ကျယ်စွာ လုပ်ဆောင်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည့်အပြင် ပြည်တွင်း၌လည်း မြစ်ချောင်း၊ အင်းအိုင်ပေါများ သောကြောင့်လည်း ရေချိုငါးမွေးမြူရေးလုပ်ငန်း၊ သဘာဝ ငါးဖမ်း ခြင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိနေသည်မှာ ဆယ်စုနှစ်၊ ရာစုနှစ် တိုင်ခဲ့ပြီဖြစ်လေသည်။ မိရိုးဖလာ လုပ်ဆောင်ခြင်းမှသည် စီးပွားဖြစ် လုပ်ဆောင်ခြင်းများ ဆောင်ရွက်လျက်ရှိသောကြောင့် မိသားစု စားဝတ်နေရေး၊ စီးပွားရေးမှသည် ဒေသတွင်း စီးပွားရေး၊ တိုင်းပြည် ဝင်ငွေရရှိသည့် စီးပွားရေးတစ်ခုအသွင် ရောက်ရှိလာခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ အရှိန်ရလာသည့် ရေထွက်ကုန်များဖြစ်သည့် ငါးသယံဇာတများ ဖမ်းဆီးထုတ်လုပ်တင်ပို့ခြင်းအား ဆက်လက် အရှိန်မြှင့်တင်လုပ် ဆောင်နိုင်ရေးအတွက်မူ အစီအမံများ ချမှတ် ဆောင်ရွက်ကြရမည် ဖြစ်လေသည်။ သဘာဝအရ ဖမ်းဆီးလုပ်ဆောင်ခြင်းထက် မွေးမြူထုတ် လုပ်ခြင်းများကို ပိုမိုတွင်ကျယ်စွာ လုပ်ဆောင်ခြင်း၊ ငါးသယံဇာတ ရှားပါးမှုမဖြစ်စေရေးအတွက် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများအား ထိန်းထိန်းသိမ်းသိမ်း ဖမ်းဆီးခြင်းများ ပြုလုပ်ကြရမည်ဖြစ်ပေသည်။

ငါးလုပ်ငန်းအပါအဝင် ရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍ သည် ပြည်တွင်းအလုပ်အကိုင်များစွာ ဖန်တီးပေးသောကဏ္ဍတစ်ခု ဖြစ်သည့်အပြင် လူမှုစီးပွားဘဝသာယာဝပြောမှုနှင့် ပြည်တွင်း စားနပ်ရိက္ခာ ဖူလုံစေမှုတို့အတွက် အရေးပါလျက်ရှိနေပေသည်။

**DOCA (Domestic)**

ထို့ပြင် ပို့ကုန်တိုးတက်ရေးနှင့် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုတို့ အတွက်လည်း အလားအလာကောင်းများ ရှိနေပေသည်။ ရေထွက် ကုန်ပစ္စည်းများမှ ပို့ကုန်မြှင့်တင်ရေးအတွက် ဦးစားပေးလုပ်ဆောင်မှု များ ချမှတ်ဆောင်ရွက်ကြရပေမည်။ ထိုသို့ဦးစားပေးလုပ်ဆောင်သင့် သည့် လုပ်ငန်းများတွင် ရေချိုငါး၊ ပုဇွန်မွေးမြူရေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သင့်ပေသည်။ သမားရိုးကျမွေးမြူခြင်း ထက် ခေတ်မီမွေးမြူရေးစနစ်သို့ ဦးတည်လုပ်ဆောင်ကြရန်လည်း လိုအပ်ပေသည်။ မိရိုးဖလာ မွေးမြူခြင်းစနစ်မှ ခေတ်မီမွေးမြူခြင်း စနစ်သို့ ပြောင်းလဲဆောင်ရွက်ခြင်းနည်းတူ လက်ရှိမွေးမြူမှုထက် တိုးချဲ့မွေးမြူခြင်းများကိုလည်း ပြုလုပ်ဆောင်ရွက်ကြရမည်ဖြစ်ပေ သည်။ ထိုသို့ ငါး၊ ပုဇွန်မွေးမြူရေးလုပ်ငန်း များတွင် အဓိက အခက် အခဲမှာ အစာဖြစ်ကြောင်း သိရှိရပေသည်။ ထို့ကြောင့် ငါးပုဇွန်များ အတွက် ကောင်းမွန်သောအစာရရှိရေးကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရပေမည်။ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းသည် လက်ရှိ အခြေအနေတွင် မိရိုးဖလာ ငါးမွေးမြူရေးလုပ်ငန်းများဖြစ်ခြင်း ကြောင့် နိုင်ငံတကာနှင့်ယှဉ်ပါက ပြုပြင်ပြောင်းလဲရန် လိုအပ်နေသေး ကြောင်း တွေ့ရှိရပေသည်။ မြန်မာနိုင်ငံတွင်ရှိနေသည့် ငါး၊ ပုဇွန် မွေးမြူရေးလုပ်ငန်းများ၏ ၃၀ ရာခိုင်နှုန်းခန့်သာ အဆင့်မီအစာများကို သုံးစွဲ နိုင်ပြီး ကျန်ရှိနေသည့် ၇၀ ရာခိုင်နှုန်းမှာ သမားရိုးကျအစာများ ကိုသာ သုံးစွဲနေကြရကြောင်းသိရှိရပေသည်။ ထို့ကြောင့် ငါးမွေးမြူ ရေးလုပ်ငန်းများတွင် အဆင့်မီအစာများ သုံးစွဲနိုင်ရေးအတွက်လည်း အလေးထားဆောင်ရွက်ကြရပေမည်။

လက်ရှိမြန်မာနိုင်ငံ၏ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများနှင့် ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာရန်အတွက် မဖြစ်မနေလုပ်ဆောင်ရမည့်အချက်မှာ သုတေသန နှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများပင်ဖြစ်သည်။ သုတေသနလုပ်ဆောင်ရာတွင် ငါးမျိုးစိတ်၊ ငါးသားဖောက်လုပ်မှုများ၌ အားနည်း နေသဖြင့် တွင် ကျယ်စွာ လုပ်ဆောင်ရန် လိုအပ်ပေသည်။ ထို့ပြင် ငါးစာလုပ်ငန်း၊ ငါးစာကျွေးခြင်း လုပ်ငန်းများတွင်လည်း ပြုပြင်ပြောင်းလဲရန် လိုအပ် လျက်ရှိနေပေသည်။ ငါးပုဇွန်နှင့် ရေထွက်ကုန်များ အရည်အသွေး တိုးတက်အောင်လုပ်ဆောင်ခြင်း၊ ရောဂါများဖြစ်ပွားမှုကို ကြိုတင် ကာကွယ်ခြင်း၊ အအေးခန်းများအဆင့်မီ အားကောင်းပြီး နိုင်ငံတကာ စံချိန်မီကာ ဈေးကွက်ဝင်အောင် ထုတ်လုပ်တင်ပို့နိုင်သည့် အအေးခန်း စက်ရုံများ၊ ကျွမ်းကျင်ပညာရှင်များလည်း အထူးလိုအပ်ပေသည်။ သို့မှသာ မြန်မာ့ရေထွက်ကုန်များ ဈေးကွက်ဝင်ကာ ပြည်ပဈေးကွက် သို့ ထိုးဖောက်နိုင်မည်ဖြစ်ပေသည်။ လက်ရှိခြေအနေတွင် မြန်မာ နိုင်ငံမှ ရေထွက်ကုန်ပစ္စည်း (၁၀) မျိုးအား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့မှစ၍ EU နိုင်ငံများသို့ စက်ရုံ (၁၃) ရုံမှ တင်ပို့နိုင်ပြီ ဖြစ်ကြောင်း သိရှိရပေသည်။ ပို့ကုန်ကဏ္ဍအတွက် တိုးတက်မှုများပင် ဖြစ်လေသည်။ ဆက်လက်၍ ဈေးကွက်များ တိုးချဲ့ထိုးဖောက်နိုင် ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

ထိုကဲ့သို့ ပို့ကုန်ကဏ္ဍတွင် တိုးတက်မှုအလားအလာကောင်း များရှိသော ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုအတွက် အစီအမံ ကောင်းများ ချမှတ်ဆောင်ရွက်ပြီး ရေရှည်ဖွံ့ဖြိုးမှုရှိစေရန် ဆောင် ရွက်ကြရပေမည်။ ပြည်တွင်းစားသုံးမှုဖူလုံစေရေးသာမက ပြည်ပ ပို့ကုန် တိုးတက်ရေးအတွက်ပါ ထုတ်လုပ်မှုအပိုင်းအား စနစ်တကျ ဆောင်ရွက်ခြင်း၊ အရည်အသွေးကောင်းမွန်မှုအတွက် အထူးအလေး ထားဆောင်ရွက်ခြင်းများ ပြုလုပ်ကြရပေမည်။ ထို့ပြင် ခေတ်မီသိုလှောင် မှုဆိုင်ရာ နည်းစနစ်များ၊ ထုတ်လုပ်မှုနည်းစနစ်များ၊ စားနပ်ရိက္ခာ ဘေးကင်းလုံခြုံမှုနှင့် SPS လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေမှုရှိ အောင် ဆောင်ရွက်ပေးခြင်း၊ အခြေခံအဆောက်အအုံများ တည် ဆောက်ပေးခြင်း စသည့် လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ရေထွက်ကုန်ပစ္စည်းကဏ္ဍမှ ပြည်ပပို့ကုန် တိုး တက်ရေးတွင် အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပေသည်။

**ဆက်လက်ဖော်ပြပါဦးမည်. . . ။**

# မြန်မာနိုင်ငံကြံနှင့် သကြားစက်မှုလုပ်ငန်း

a&&Sf w n fw bHZ;dwk w u fapzN

**ယခင်တစ်ပတ်မှအဆက်**

### ဒေသဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ အခြေအနေ

ငွေရည်ပုလဲကုမ္ပဏီသည် ဒေသနေပြည်သူ များ၏ လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှုများကိုလည်း နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သကြား ထုတ်လုပ်မှု စတင်ဆောင်ရွက်သည့် ၂၀၀၇ မှ ၂၀၁၈ ခုနှစ် အထိ လူမှုရေးနှင့် ဘာသာရေးတွင် ၃၃၄၀ ဒသမ ၇၀၁ ကျပ်သိန်း၊ လျှပ်စစ်မီးရရှိရေး တွင် ၈၆၄ ဒသမ ၃၀ ကျပ်သိန်း၊ ပညာရေးတွင် ၃၂၇၇ ဒသမ ၇၄ ကျပ်သိန်း၊ လမ်းတံတား တည် ဆောက်ရေးတွင် ၂၁၁၉၅ ဒသမ ၅၇ ကျပ်သိန်း စုစုပေါင်း ၂၈၆၇၈ ဒသမ ၃၁၁ ကျပ်သိန်းတို့အား ဒေသဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက်ပံ့ပိုးမှုများ ဆောင်ရွက် ခဲ့ပါသည်။

ဆင်းရွှေလီ သကြားစက်က ထွက်ရှိသည့် ကြံကြိတ်ဖတ်ကို လျှပ်စစ်ထုတ်လုပ်သည့် စနစ်ပါ တွဲဖက်ထုတ်လုပ်ရာတွင် ၁၆ မဂ္ဂါဝပ်ထုတ်လုပ် နိုင်ရာ စက်ရုံအတွက် ၄ မဂ္ဂါဝပ်အသုံးပြုပြီး ပိုလျှံ သည့် ၁၂ မဂ္ဂါဝပ်ကို ဘီလပ်မြေစက်ရုံသို့ တစ်ယူနစ် လျှင် ၁၂၀ ကျပ်နှုန်းဖြင့် ပြန်လည်ရောင်းချနိုင်သည့် အကျိုးအမြတ်ကိုသာ စက်ရုံမှယူပြီး သကြားထုတ် လုပ်ရာမှ ရရှိသည့်အမြတ်ကို တောင်သူနှင့် ဒေသ အကျိုးရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်းက လည်း အားသာချက်တစ်ခုဖြစ်ပါသည်။

သကြားစက်ရုံတည်ရှိ၍ ကြံတိုးချဲ့စိုက်ပျိုးနိုင် ခြင်းကြောင့် တောင်သူများ၏ လူမှုစီးပွားရေးဘဝ မြင့်တက်လာပါသည်။ တောင်သူများ၏ ကားပိုင် ဆိုင်မှုမှာ ၂၀၀၇ စတင် ကြိတ်ဝါးခဲ့စဉ်က ယာဉ် အစီးရေ ၃၆၈ စီးသာ ပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ၂၀၉၄ စီးအထိ ပိုင်ဆိုင်ခဲ့ပါသည်။ ငွေရည်ပုလဲ ကုမ္ပဏီ ဆင်းရွှေလီ သကြားစက်ရုံကို အမှီပြုနေ သော တောင်သူမိသားစုများ ကားထွန်စက်များဖြင့်

**DOCA (Domestic)**

ထွန်ယက်ပို့ဆောင်ရေး ဆောင်ရွက်နေသူများ၊ အလုပ်သမားများ၊ ပညာတတ်လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ အံ့မခန်း တိုးတက် လာပါသည်။ စက်ရုံနှစ်ရုံ၏ ဝန်ထမ်း၊ အလုပ်သမား၊ ကြံတောင်သူ များ၊ ကြံခုတ်လုပ်သား၊ မှီခိုသူ အင်အား စုစုပေါင်း ၃ သိန်းနီးပါးရှိကြောင်း သိရှိရ ပါသည်။

### ထိန်းညှိနိုင်သော ဈေးကွက်စနစ်နှင့် ယှဉ်ပြိုင်မှု စွမ်းအား

မြန်မာနိုင်ငံတွင် ကြံစိုက်တောင်သူများ၊ သကြားစက်ရုံများမှ နိုင်ငံတကာနှင့် ကုန်သွယ်ရာ တွင် အကျိုးစီးပွားကာကွယ်ရေး သကြားနှင့် ပတ် သက်သည့် ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်း ထားနိုင်မှု မရှိသေးခြင်း၊ ယခုလက်ရှိ အခြေအနေ တွင် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်မှုမရှိ ဖြစ်နေခြင်းတို့ကြောင့် သကြားနှင့် ပတ်သက်သည့် ဥပဒေများ အမြန်ဆုံးပြဋ္ဌာန်းနိုင်မှသာ ဈေးကွက် ကို ထိန်းညှိနိုင်မှာဖြစ်ပါသည်။ အခြားနိုင်ငံများ၊ အိမ်နီးချင်း(ထိုင်းနိုင်ငံ)တွင် သကြားနှင့် ပတ်သက် သည့်၊ ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းထားပြီး ဖြစ်သည်ကို တွေ့ရမှာဖြစ်ပြီး မြန်မာနိုင်ငံမှ သကြား ထုတ်လုပ်နေသော စက်ရုံများကိုလည်း (ဆာမီ တေးရှင်း)ကန်ခိုရိုက်နည်းဖြင့် သကြားကို ဖြူအောင် လုပ်သောနည်းမှာ သကြားတွင် ဆာလဖာပါဝင်မှု များသောကြောင့် ၎င်းသကြားစက်ရုံများမှ ထွက် သော သကြားများမှာ နိုင်ငံတကာ ဈေးကွက်တွင် မထိုးဖောက်နိုင်ဘဲ တရုတ်နိုင်ငံတစ်နိုင်ငံတည်းသာ မှီခိုရောင်းချနေရသဖြင့် သကြားဈေးကွက် အချိန် အခါမရွေး ပျက်ပြားနိုင်ခြင်း၊ နိုင်ငံတကာတွင် ထုတ်လုပ်နေသော (ကာဗွန်နေးရှင်း) ထုံးကို အနည် ချပြီး သကြားကိုဖြူအောင်ထုတ်သည့် စက်ရုံများ အဖြစ် ပြောင်းလဲထုတ်လုပ်မှသာ နိုင်ငံတကာ ဈေး ကွက်သို့ ထိုးဖောက်လာနိုင်မည်ဖြစ်ခြင်း၊ အကျိုး စီးပွားကာကွယ်သည့်ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်း နိုင်မှသာ ထိန်းညှိနိုင်သောဈေးကွက် စနစ်ပေါ် ပေါက်လာမှာ ဖြစ်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# အမေရိကန်နှင့် တရုတ်နိုင်ငံကြား ကုန်သွယ်ရေးပဋိပက္ခကြာမြင့်မှုကြောင့် ဟောင်ကောင်အတွင်း တရုတ်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုလျော့နည်းနိုင်



အမေရိကန်နှင့် တရုတ်နိုင်ငံကြား ကုန်သွယ်ရေးပဋိပက္ခ ကြာမြင့်စွာဖြစ်ပွားမှုကြောင့် တရုတ်နိုင်ငံ၏ ကမ္ဘာလှည့် ခရီးသွားအရေအတွက် လျော့နည်းသွားနိုင်ပြီး၊ ဟောင်ကောင်မြို့နှင့် ကမ္ဘာတစ်ဝန်းရှိ အခြားမြို့များ၏ ခရီးသွားလုပ်ငန်းဝင်ငွေ လျော့ကျသွားမည်ဖြစ်ကြောင်း Euromonitor International ကုမ္ပဏီ၏ ဈေးကွက်သုတေသနစာတမ်းသစ်တစ်ခုတွင် ဖော်ပြထားပါသည်။ အဆိုပါ စာတမ်းသစ်တွင် အမေရိကန်၏ တရုတ်နိုင်ငံ သွင်းကုန်များအပေါ် သွင်းကုန်ခွန်တိုးမြှင့် ကောက်ခံမှုမှ အစပြုခဲ့သည့် ကုန်သွယ်ရေးပဋိပက္ခကြောင့် စီးပွားရေးလုပ်ငန်းများနှင့် ၎င်းတို့၏ဝင်ငွေများ ထိခိုက်နိုင်ကြောင်း၊ လာမည့်နှစ်တွင် တရုတ်ပြည်မကြီးမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်ပေါင်း ၁ ဒသမ ၁၅ သန်းထိ ကျဆင်းနိုင်ပြီး၊ ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ဘီလီယံခန့်ထိ လျော့ကျနိုင်ကြောင်း ဖော်ပြထားပါသည်။

ထိုသို့ ကမ္ဘာလုံးဆိုင်ရာခရီးသွားလုပ်ငန်းဝင်ငွေကိုထိခိုက်ရာတွင် လာမည့်နှစ်တွင် ထိုင်းနိုင်ငံမှာ အမေရိကန်ဒေါ်လာ ၂၂၇ သန်းခန့်ထိ အများဆုံး ထိခိုက်နိုင်မည်ဖြစ်ပြီး၊ ဟောင်ကောင်နှင့် ဂျပန်မှာ အမေရိကန်ဒေါ်လာ ၂၂၂ သန်းနှင့် ၂၁၈ သန်း အသီးသီး ဆုံးရှုံးထိခိုက်နိုင်ကြောင်း၊ ရေရှည်တွင် ကုန်သွယ်ရေးပဋိပက္ခဆက်လက်ဖြစ်ပွားနေပါက ကမ္ဘာတစ်ဝန်းခရီးသွားလာမှုတွင် စိတ်နေသဘောထား ပြောင်းလဲသွားနိုင်ပြီး၊ အရှေ့နိုင်ငံများနှင့် အနောက်နိုင်ငံများအကြား ဆက်ဆံရေးကို ထိခိုက်နိုင်ကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လျော့နည်းလာနိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ကုန်သွယ်ရေးပဋိပက္ခ အရှိန်မြင့်တက်မှုဒဏ်ကို တရုတ်နိုင်ငံမှာ သိသိသာသာခံစားရနိုင်ပြီး၊ စုစုပေါင်းဂျီဒီပီအနေဖြင့် နောက်လာမည့် (၃)နှစ်ကျော်အတွင်း ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းထိ လျော့ကျနိုင်ကြောင်း၊ ယခုနှစ်တွင် ဟောင်ကောင်မှာ ကမ္ဘာတွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည့် အများဆုံးလာရောက်သည့် ဒေသအဖြစ် (၈)နှစ်ဆက်တိုက် ရပ်တည်နိုင်ခဲ့ကြောင်း၊ ဘန်ကောက်မှာ ဒုတိယအများဆုံးမြို့နှင့် လန်ဒန်မြို့မှာ တတိယအများဆုံး လာရောက်သည့်မြို့ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ အခြားမြို့များအနက် ကွမ်ကျိုးမြို့မှာ အဆင့် (၁၈)၊ ရှန်ဟိုင်းမြို့မှာ အဆင့် (၂၆)နှင့် ပေကျင်းမြို့မှာ အဆင့်(၅၄)ရှိကြောင်း ‘ Top 100 City Destinations 2018’ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ဟောင်ကောင်မှာ တရုတ်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားဧည့်သည် အများဆုံး လာရောက်သည့်မြို့ဖြစ်ပြီး၊တရုတ်နိုင်ငံ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းရှိကြောင်း၊ ဇန်နဝါရီလနှင့် အောက်တိုဘာလအတွင်း ဟောင်ကောင်သို့ကမ္ဘာလှည့်ခရီးသည်ပေါင်း ၅၂ ဒသမ ၆ သန်း လာရောက်လည်ပတ်ခဲ့ပြီး၊ ၎င်းအနက် ၄၁ ဒသမ ၃သန်းမှာ တရုတ်ပြည်မကြီးမှဖြစ်ပြီး စုစုပေါင်းခရီးသည်များ၏ ၇၈ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရှိရပါသည်။

ဟောင်ကောင်-ကျူးဟိုင်- မကာအိုတံတားနှင့် ကွမ်ကျိုး-ရှန်းကျန့်-ဟောင်ကောင်မြန်နှုန်းမြင့် မီးရထားကဲ့သို့ အခြေခံအဆောက်အအုံ စီမံကိန်းများကြောင့် ဟောင်ကောင်သို့ လာရောက်လည်ပတ်သည့် တရုတ်နိုင်ငံမှ ခရီးသည်အရေအတွက် ပိုမိုမြင့်မားလာမည် မျှော်လင့်ကြောင်း၊ တံတားစတင်ဖွင့်လှစ်ခဲ့သည့် အောက်တိုဘာလ ၂၄ ရက်နေ့မှ စ၍ ခရီးသည်ပေါင်းပျမ်းမျှ ၆၈၀၀၀ ခန့်မှာ ဟောင်ကောင်မှတစ်ဆင့် သွားလာခဲ့ကြကြောင်း၊ ဟောင်ကောင်မှာ ကမ္ဘာ့ခရီးသွားဧည့်သည် အများဆုံးလာရောက်သည့်ဒေသအဖြစ် ဆက်လက်ဦးဆောင်ဖွယ်ရှိကြောင်း၊ သို့သော်လည်း တရုတ်ပြည်မကြီးဈေးကွက်အပေါ် များစွာမှီခိုနေခြင်းမှာ အန္တရာယ်များကြောင်း၊ ၎င်းအပြင် ဟောင်ကောင်အနေဖြင့် ခရီးသွားဧည့်သည်များ ဆွဲဆောင်ရာတွင် ဈေးဝယ်စင်တာအဖြစ်သာ အထူး အာရုံစိုက်ရုံမျှသာမက ၎င်း၏ ခရီးသွားဈေးကွက်ကို ပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်သင့်ကြောင်း သတိပေး ပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင် (စီးပွားရေးသံမှူး)**

# ဟောင်ကောင်အိတ်ချိန်းမှ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရန် နည်းပညာသစ်များ အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြား

ဟောင်ကောင်စတော့အိတ်ချိန်းမှ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် စက်ရုပ်များနှင့် ဉာဏ်ရည်တုပစ္စည်း (robotics and artificial intelligence-AI) ကဲ့သို့နည်းပညာသစ်များ အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် သမားရိုးကျ ထုတ်လုပ်မှုမှ ဆန်းသစ်တီထွင်မှုနည်းပညာနှင့် သတင်းအချက်အလက်များကိုအခြေခံသည့် စီးပွားရေး( new economy)သို့ ပြောင်းလဲရာတွင် တွန်းအားပေး လည်ပတ်ရန်နှင့် ၎င်းတို့၏စီးပွားရေးအား ပြီးပြည့်စုံသည့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရန်စီမံကိန်း ရေးဆွဲထားကြောင်း ဟောင်ကောင်စတော့အိတ်ချိန်း၏ အမှုဆောင်ချုပ် Mr. Chrales Li Xiaojia မှ ပြောကြားခဲ့သည်။

လက်ရှိအချိန်ထိ ဟောင်ကောင်အိတ်ချိန်းတွင် လူအင်အားအပေါ်တွင် များစွာ အမှီပြုနေရပြီး အလိုအလျောက်ဆောင်ရွက်မှုမှာ လုံလောက်မှုမရှိသေးဘဲ လုပ်ငန်းစွမ်းဆောင်ရည်မှာလည်း များစွာနိမ့်ကျနေသေးကြောင်း၊ ယခုနှစ်အတွင်း ပြဿနာများ ဖြေရှင်းရေးနှင့် ကုန်သွယ်မှု အခက်အခဲများအား စွမ်းဆောင်ရည် ပြည့်ဝစွာ ဆောင်ရွက်နိုင်ရေးရည်ရွယ်ချက်ဖြင့် စက်ရုပ်များ၊ ဉာဏ်ရည်တုပစ္စည်းနှင့် အခြားနည်းပညာများ အစားထိုးအသုံးပြုရေးလေ့လာရန် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဓာတ်ခွဲခန်းတည်ထောင်ခဲ့ကြောင်း၊ ရေရှည်တွင် အရောင်းအဝယ်ပြုလုပ်နိုင်သည့် အခြေခံပစ္စည်းအမျိုးအစားများအား big data သို့ ထည့်သွင်းအသုံးပြုသွားမည် ဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှာတန်ဖိုးရှိသည့် အခြေပစ္စည်းတစ်ခုဖြစ်သည့် big data များစွာနှင့် ဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ အိတ်ချိန်းအနေဖြင့် မည်သည့်ထုတ်ကုန်မဆို စတင်မကျင့်သုံးမီ လုံခြုံရေးနှင့် လျှို့ဝှက်ချက်ဆိုင်ရာ ပြဿနာများကို လေ့လာသွားမည်ဖြစ်ကြောင်းလည်း Mr. Li မှ ပြောကြားခဲ့ပါသည်။

Big data ဖြင့် ရောင်းဝယ်ခြင်းအား ကနဦးလေ့လာဆဲအဆင့်သာရှိသေးကြောင်း ပြည်ပစတော့အိတ်ချိန်းများပင် Big data နှင့် စပ်လျဉ်း၍ အတွေ့အကြုံမျှဝေခြင်းမပြုနိုင်သေးကြောင်း၊ ဟောင်ကောင်- ရှန်ဟိုင်းနှင့် ရှန်းကျန့်ကြား စတော့ချိတ်ဆက်မှုစီမံချက်များ တိုးတက်ရန် blockchainနည်းပညာများ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ပြည်ပဈေးကွက်များတွင် စာရွက်စာတမ်းများ အသုံးပြုခြင်းမရှိတော့သော်လည်း၊ ဟောင်ကောင်အနေဖြင့် ယခုအချိန်ထိ စာရွက်စာတမ်းများအား အသုံးပြုနေသေးကြောင်း၊ ထို့ကြောင့်ပင် ဟောင်ကောင်အစိုးရအနေဖြင့် လာမည့် ဇန်နဝါရီလတွင် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရန် စာရွက်စာတမ်း မသုံးစွဲတော့သည့် ဈေးကွက်ဖြစ်လာရေးနှင့် စပ်လျဉ်း၍ တိုင်ပင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စာရွက်စာတမ်း လျှောက်လွှာပုံစံများစွာ ဖြည့်စွက်ရန် လိုအပ်နေသေးသည့် ရှယ်ယာများ ပြည်သူများသို့ ကနဦးရောင်းချခြင်းလုပ်ငန်းစဉ်မှာ ဟောင်ကောင် စတော့အိတ်ချိန်းအနေဖြင့် နည်းပညာသစ်များ ပြောင်းလဲကျင့်သုံးသင့်သည့် အခြားနယ်ပယ်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင် (စီးပွားရေးသံမှူး)**

# တရုတ်နိုင်ငံတွင် လက်လီလောင်စာဆီ ဈေးနှုန်းများ လျှော့ချ

တရုတ်နိုင်ငံသည် လေးနှစ်နီးပါးအတွင်း အကြီးမားဆုံးလျှော့ချမှု ဖြစ်သည့် ဓာတ်ဆီနှင့် ဒီဇယ်လက်လီဈေးနှုန်းများကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်မှ စတင်ပြီး လျှော့ချလိမ့်မည်ဖြစ်ကြောင်း နိုင်ငံ၏ ထိပ်တန်းစီးပွားရေး စီမံချက် ရေးဆွဲသူမှ နိုဝင်ဘာလ ၁၆ ရက်တွင် ပြောကြားခဲ့ပါသည်။

နိုင်ငံတကာရေနံဈေးနှုန်းများ ပြောင်းလဲမှုအပေါ် အခြေခံပြီး ဓာတ်ဆီနှင့် ဒီဇယ်လက်လီဈေး နှုန်းများကို တစ်တန်လျှင် ၅၁၀ ယွမ် (အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၅ ခန့်) နှင့် ၄၉၀ ယွမ်နှုန်းဖြင့် အသီး သီး လျှော့ချလိမ့်မည်ဖြစ်ကြောင်း National Development and Reform Commission (NDRC) ပြောကြားချက်အရ သိရှိရပါသည်။

လက်ရှိဈေးနှုန်းယန္တရားအောက်တွင် တရုတ်နိုင်ငံ၌ နိုင်ငံတကာ ရေနံစိမ်းဈေးနှုန်းများသည် တစ်တန်လျှင် သတ်မှတ်တန်ဖိုးထက် ယွမ် ၅၀ ထက်ပိုမိုခဲ့ပြီး (၁၀) ရက်ခန့် ထိုနှုန်းအတိုင်းရှိနေပါက သန့်စင်ပြီးရေနံထွက်ပစ္စည်းများဖြစ်သည့် ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများကို လိုအပ်သလို ညှိနှိုင်းလိမ့်မည် ဖြစ်ပါသည်။

National Development and Reform Commission (NDRC) ဈေးနှုန်းစောင့်ကြည့်ရေးစင်တာအရ မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာသောဝယ်လိုအားကျဆင်းခြင်း၊ အမေရိကန်သည် အီရန်ကို sanctions ဖြေလျှော့ခြင်း၊ အမေရိကန်နိုင်ငံ၏ သိုလှောင်ထားသည့် ကုန်ကြမ်းများ မျှော်မှန်းထားသည်ထက် ပိုမိုမြင့်မားနေခြင်း၊ ဆော်ဒီအာရေဗျနိုင်ငံမှ ရေနံတိုးမြှင့် ထုတ်လုပ်မှုများကြောင့် နိုင်ငံတကာရေနံဆီဈေးနှုန်းများ လျော့ကျခဲ့ကြောင်း သိရပါသည်။

NDRC သည် ခိုင်မာသောထောက်ပံ့ရေးနှင့် ဈေးနှုန်းမူဝါဒ အကောင်အထည်ဖော်မှု သေချာစေရန် တရုတ်နိုင်ငံ၏ အဓိကရေနံကုမ္ပဏီများဖြစ်သည့် China National Petroleum၊ China Petrochemical and China National Offshore Oil ကုမ္ပဏီတို့အား မေးမြန်းခဲ့ပါသည်။

ထိပ်တန်းစီးပွားရေးစီမံချက်ရေးဆွဲသူမှ လက်ရှိဈေးနှုန်းယန္တရားအကျိုးသက်ရောက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ အတက်အကျဖြစ်ခြင်းကို တုံ့ပြန်ရာ၌ တိုးတက်မှုများပြုလုပ်ရာတွင် အနီးကပ် စောင့်ကြည့်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**ခြူးသီရိရွှင် (WTO)**

# အထူးစီးပွားရေးဇုန်များကို စည်းလုံးညီညွတ်စွာထူထောင်ကြရန် ထိုင်းနိုင်ငံက အိမ်နီးချင်းနိုင်ငံများကို တိုက်တွန်း

အာဆီယံဈေးကွက်မှ အခွင့်အလမ်းများကိုအရယူရန်နှင့် အဖွဲ့ဝင်နိုင်ငံအားလုံးက ဒေသတွင်း စီးပွားရေးကို ရေရှည်တည်တံ့မည့် အစီအစဉ်ဖြင့် တည်ထောင်ကြရန် ထိုင်းနိုင်ငံက အိမ်နီးချင်း လေးနိုင်ငံကို တိုက်တွန်းကြောင်း ဖနွမ်းပင်ပို့စ်သတင်း (phnompenhpost) တွင် ဖော်ပြသည်။

အထူးစီးပွားရေးဇုန်များသည် (SEZs) အခွင့်အလမ်းသစ်များနှင့်အတူ ထိုင်းနိုင်ငံကို စီးပွားရေးအလားအလာကောင်းများရှိနေသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်စသည့် အခြားအိမ်နီးချင်းနိုင်ငံတို့နှင့် ဆက်သွယ်ပေးသော အဓိကစီမံကိန်းတစ်ခုအဖြစ် ကိုယ်စားပြုပေးလျက်ရှိသည်။

အာဆီယံနိုင်ငံများတွင် အကြမ်းအားဖြင့် SEZs ပေါင်း ၁၀၀၀ ခန့်ရှိပြီး ကမ္ဘာတစ်ဝန်းရှိ မြို့ပေါင်း ၂၇၀ တွင် ဆောင်ရွက်နေသော SEZs ပေါင်း ၄၅၀၀ ၏ ၂၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ထိုင်းစက်မှုလုပ်ငန်းဝန်ကြီး ဥတမာဆာဗနာယာနာက ပြောသည်။

SEZ အစီအစဉ်သည် နိုင်ငံတိုင်း၏ဂျီဒီပီတွင် ၂၀ ရာခိုင်နှုန်းအထောက်အကူပေးလျက်ရှိပြီး အလုပ်သမားဝင်ငွေကို နှစ်စဉ်ပျမ်းမျှရှစ်ရာခိုင်နှုန်းမြှင့်တင်ပေးလျက်ရှိသည်။

"အာဆီယံနိုင်ငံတွေမှာ စီးပွားရေးတိုးချဲ့နိုင်ရေးအတွက် SEZ စီမံကိန်းကဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု Bangkok Post Group က တာဝန်ယူလက်ခံကျင်းပပေးသောAsean SEZs: A New Era of World Investment ဟုခေါ် သည့် နှီးနှောဖလှယ်ပွဲတွင် ဥတမာက ပြောကြားသည်။

ထိုင်းနိုင်ငံတွင် အစိုးရသည် ၂၀၁၅ ခုနှစ်ကနယ်စပ်ဒေသပြည်နယ်များ၌ SEZ ၁၀ ခုကို တည်ထောင်ခဲ့ပြီးယခုအခါ ဆာခေးအိုနှင့် ဆောင်ကလာဒေသတို့တွင် SEZ နေရာနှစ်ခုကို ထုတ်ဖော်ပေးလျက်ရှိသည်။

ကန်ချနာဘူရီနှင့် တပ်ခ် SEZs ကိုမြေယာဖော်ထုတ်ရေးလုပ်ငန်းများဖြင့်စတင်ဆောင်ရွက်လျက်ရှိပြီးဘဏ္ဍာရေး ဌာနကလည်းနာခွန်ပနွန်၊ မူဒါဟန်နှင့် နောင်ခိုင်ဒေသတို့တွင် ထူထောင်မည့် SEZs လုပ်ငန်းများအတွက်လယ်ယာမြေလေလံများကိုထုတ်ရောင်းတော့မည်ဖြစ်သည်။

ထိုမျှမကအစိုးရသည် အရှေ့ပိုင်းစီးပွားရေးစကြံ Eastern Economic Corridor (EEC) အစီအစဉ်ကိုအားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပြီး အထူးဝန်ဆောင်မှုဇုန် ၄၄ ခုကိုသတ်မှတ်ကာ အာဆီယံ ကုန်ထုတ်လုပ်မှု ဗဟိုအချက်အချာဒေသအဖြစ် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

အလားတူ ကမ္ဘောဒီးယားနိုင်ငံက SEZs ၃၈ ခု၊ လာအိုက ၁၅ ခုနှင့်မြန်မာနိုင်ငံက ၂၀ ခုကို ထူထောင်ကြမည်ဖြစ်သည်။ ထို့ပြင် မလေးရှားနိုင်ငံက SEZs၁၈ ခု၊ အထူးဝန်ဆောင်မှုမြှင့်တင်ရေးဇုန် ၃၀၀ နှင့် စက်မှုနည်းပညာဥယျာဉ်ခြောက်ခုကို တည်ထောင်မည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံကလည်း SEZs. ၁၈ ခု၊ အထူး ဝန်ဆောင်မှုမြှင့်တင်ရေးဇုန် ၂၉၂ နှင့် စက်မှုနည်း ပညာဥယျာဉ်သုံးခုကို တည်ထောင်မည်ဖြစ်သကဲ့သို့ စင်ကာပူနိုင်ငံကလည်း SEZ နှစ်ခု၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းသောစက်မှုနယ်မြေနှစ်ခုနှင့် နည်းပညာစင်တာတစ်ခုကို ထူထောင်မည် ဖြစ်သည်။

**စံမီအောင်**

# Johnson & Johnson ကလေးပေါင်ဒါနမူနာများကို ဘင်္ဂလာဒေ့ရှ်နိုင်ငံက ကောက်ယူစစ်ဆေးသွားမည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်Johnson & Johnson's Baby Powder တွင် ကျောက်ဂွမ်းပါဝင်မှုကို ရက်အနည်းငယ်အတွင်း နမူနာကောက်ယူ စစ်ဆေးသွားမည်ဖြစ်ကြောင်း နိုင်ငံ၏စစ်ဆေးရေးအာဏာပိုင်အဖွဲ့က ဒီဇင်ဘာ ၂၁ ရက်က ပြောကြောင်း ရိုက်တာ သတင်းတွင် ဖော်ပြသည်။ ထုတ်ကုန်များအတွင်း၌ ကင်ဆာရောဂါကို ဖြစ်ပွားစေသော ကျောက်ဂွမ်းများပါ နိုင်ခြေရှိသည်ကို ကုမ္ပဏီသည် ဆယ်စုနှစ် ပေါင်းများစွာကတည်းက သိထားပြီးဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဒီဇင်ဘာ ၁၄ ရက်က ဖော်ပြခဲ့ပြီးနောက် စစ်ဆေးရေးအဖွဲ့က ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။

စမ်းသပ်စစ်ဆေးမှုများကို ပြည်တွင်း သို့မဟုတ် ပြည်ပတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းဝန်ကြီးဌာန လက်အောက်ရှိ ဘင်္ဂလားဒေ့ရှ် စံချိန်စံညွှန်းစစ်ဆေးရေးအဖွဲ့(BSTI) ကပြောသည်။

"ကျွန်တော်တို့ ဒီကိစ္စကို အလေးအနက်ထား စဉ်းစားပါတယ်။ ရက်အနည်းငယ်အတွင်းမှာ ဈေးကွက်တွေကနေ နမူနာတွေ ကောက်သွားမှာဖြစ်ပါတယ်" ဟု BSTI ညွှန်ကြားရေးမှူးအက်စ်အမ်အစ်ရှပ်အလီက ရိုက်တာသတင်းဌာနကိုပြောသည်။

ပေါင်ဒါထဲမှာ ကျောက်ဂွမ်းပါတာမတွေ့ရပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကလေးပေါင်ဒါရောင်းချခြင်းကိုပိတ်ပင်သွားမည် မဟုတ်ကြောင်း သူကပြောသည်။

ရိုက်တာသတင်းသည်တစ်ဖက်သတ်သတင်းအမှားဖြင့် နာမည်ဖျက်အောင်ဆောင်ရွက်ထားသော သတင်းအဖြစ် Johnson & Johnson's က ပြောသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရ၏ အရေးယူ ဆောင်ရွက်မှုနှင့် ပတ်သက်၍ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်ရှိ Johnson & Johnson's မှ ပြောရေးဆိုခွင့်ရှိသူတို့က တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်းမရှိသေးပါ။

ကျောက်ဂွမ်းပါဝင်မှုကို ကင်းစင်စေရန်အတွက် ပစ္စည်းပေးသွင်းသူများနှင့် လွတ်လပ်သော ဓာတ်ခွဲခန်းနှစ်ခုစလုံးက ပေါင်ဒါထုတ်လုပ်ရာတွင် သုံးသော ကန့်ကူဆံများကို ပုံမှန်စစ်ဆေးလျက်ရှိကြောင်း Johnson & Johnson's က ဒီဇင်ဘာ ၂၀ ရက်က ပြောသည်။ အိန္ဒိယနိုင်ငံမှထုတ်လုပ်သော ကန့်ကူဆံအားလုံးကို အိန္ဒိယနှင့် အိမ်နီးချင်းဈေးကွက်များဖြစ်သော သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဘူတန်၊ မော်လဒိုက် စသည့်ဒေသများကိုသာ သီးသန့်တင်ပို့ပြီး အိန္ဒိယအစိုးရ၏စံနှုန်းသတ်မှတ်ချက်များနှင့် အပြည့်အဝ ကိုက်ညီကြောင်း ကုမ္ပဏီက ရိုက်တာသတင်းဌာနအား ပြောသည်။

**စံမီအောင်**

# အမေရိကဈေးကွက်ကြီးသုံးခုတွင် ၂၀၁၉ ခုနှစ်၌ အရောင်းကျဆင်းမည်ဟု ဟွန်ဒိုင်းခန့်မှန်း

ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်း နှေးကွေးကျဆင်းမှု၊ ကုန်သွယ်ရေး အငြင်းပွားမှုနှင့် ချေးငွေအတိုးနှုန်း မြင့်တက်နေမှုတို့ကြောင့် အမေရိကဈေးကွက်ကြီးသုံးခုတွင် ၂၀၁၉ ခုနှစ်၌ မော်တော်ကား အရောင်းကျဆင်းမည်ဟု ခန့်မှန်းကြောင်း မော်တော်ကားရောင်းအားအရ ကမ္ဘာပေါ်တွင်ပဥ္စမမြောက်အကြီးမားဆုံးဖြစ်သော ဟွန်ဒိုင်းမော်တာဂရုက ဒီဇင်ဘာ ၂၀ ရက်တွင် ပြောကြားကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့မော်တော် ယာဉ်ရောင်းချမှုသည် တစ်ရာခိုင်နှုန်း ကျဆင်းပြီး အစီးရေ ၉၂ ဒသမ ၄၉ သန်းသို့ ရောက်ရှိနိုင်ကြောင်း ဟွန်ဒိုင်း၏အကြံပေးအဖွဲ့ Global Business Intelligence Center က ဆိုးလ်မြို့တောင်ပိုင်း ကုမ္ပဏီရုံးချုပ်တွင်ပြုလုပ်သော နှီးနှောဖလှယ်ပွဲတွင် ခန့်မှန်းပြောကြားသည်။

"ဝါရှင်တန်နဲ့ ပေကျင်း ကုန်သွယ်ရေးတင်းမာမှု၊ တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်နှုန်း နှေးကွေးမှုနဲ့ ဥရောပမှာ ဒီဇယ်ကားတွေကို စည်းမျဉ်းစည်းကမ်း ပိုမိုတင်းကျပ်မှုတွေကြောင့် ၂၀၁၉ ခုနှစ်မှာ အရေးပါတဲ့ ဈေးကွက်တွေရဲ့ ဝယ်လိုအားကို ကျဆင်းစေနိုင်ပါတယ်"ဟု စင်တာအကြီးအကဲ ဟွန်ဒိုင်းမော်တာဒုတိယဥက္ကဋ္ဌ လီဘိုဆန်းက ပြောသည်။

နှစ်သစ်မှာ အမေရိကန်ပြည်ထောင်စုတွင် ကုမ္ပဏီ၏ မော်တော် ယာဉ်ရောင်းအား အစီးရေ ၁၇ သန်းရှိမည်ဟု ခန့်မှန်းထားသည့်အတွက် အစီးရေ ၁၇ ဒသမ ၂၅ သန်းရှိမည်ဟု ခန့်မှန်းထားသည့် ၂၀၁၈ ခုနှစ် ရောင်းချမှုနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး ဥရောပတွင် ရောင်းချမှုက နှစ်အလိုက်ကျဆင်းမှုနှုန်း သုည ဒသမ ၂ ရာခိုင်နှုန်းရှိပြီး အစင်းရေ ၁၇ ဒသမ ၈ သန်းရှိမည်ဟု ဟွန်ဒိုင်းသုတေသနအဖွဲ့က ခန့်မှန်းထားသည်။ တရုတ်နိုင်ငံတွင် ရောင်းချမှုမှာ သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ပြီး အစီး ရေ ၂၃ ဒသမ ၂ သန်းရှိမည်ဟု ခန့်မှန်း သည်။

ကုမ္ပဏီ၏ မိခင်နိုင်ငံ တောင်ကိုရီးယားဈေးကွက်တွင် ကုမ္ပဏီ၏ ဗဟိုဘဏ်အတိုးနှုန်း မြင့်တက်မှုများနှင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကျဆင်းမှုများက ဖောက်သည်များ၏ ယုံကြည်မှုကို ထိခိုက်စေနိုင်ကြောင်း လီကပြောသည်။ မော်တော်ကားရောင်းချမှုများသည် အထက်ပါကာလများအတွင်း တစ်ရာခိုင်နှုန်း ကျဆင်းပြီး အစင်းရေ ၁ ဒသမ ၇၉ သန်းအထိ ရောက်ရှိနိုင်ကြောင်း သူက ပြောသည်။

**စံမီအောင်**



# ၉၄ ကြိမ်မြောက် ထိုင်း-မြန်မာ မြို့နယ်အဆင့် နယ်ခြားကော်မတီ အစည်းအဝေးကျင်းပ


မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား သံတမန် ဆက်ဆံရေးအား ၁၉၄၈ ဩဂုတ်လ ၂၄ ရက်တွင်စတင်ခဲ့ပြီး နှစ်နိုင်ငံအကြား နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူစာချုပ်၊ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး သဘောတူစာချုပ်၊ မြန်မာ-ထိုင်း ကုန်သွယ်ရေး ပူးတွဲကော်မရှင် ဖွဲ့စည်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများအား ချုပ်ဆိုထားပြီး ကုန်သွယ်ရေးပူးတွဲကော်မရှင် (JTC) အစည်းအဝေးအား သတ္တမအကြိမ်ထိ၊ နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီ (JBTC)အစည်းအဝေးအား ဒုတိယအကြိမ်ထိ ကျင်းပပြုလုပ် နိုင်ခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား တည်ရှိပြီးဖြစ်တဲ့ အပြန်အလှန် နားလည်မှုတို့ကို အခြေခံပြီး မဲဆိုင်-တာချီလိတ်မြို့များအကြား ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများအား ကြီးမားသော ပြဿနာကို သေးငယ်အောင်၊ သေးငယ်သောပြဿနာကို ပပျောက်အောင် အောက်ခြေအဆင့်မှာပင် ရင်းရင်းနှီးနှီး ဆွေးနွေးတိုင်ပင် ဖြေရှင်းနိုင်ရေးအတွက် မြန်မာ-ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီ (မဲဆိုင်-တာချီလိတ်)အား (၁၉၉၁) ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ၃ လလျှင်တစ်ကြိမ် အလှည့်ကျ ကျင်းပပြုလုပ်ခဲ့ရာ ၉၄ ကြိမ်မြောက် အစည်းအဝေးအား ကျင်းပပြီးဖြစ်ပါသည်။

၉၄ ကြိမ်မြောက် ထိုင်း-မြန်မာ နှစ်နိုင်ငံမြို့နယ်အဆင့် နယ်ခြားကော်မတီ အစည်းအဝေးအား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်တွင် ထိုင်းနိုင်ငံ၊ ချိန်းရိုင်းခရိုင်၊ မဲဆိုင်မြို့နယ်၊ မဲခေါင်ဒယ်လ်တာဟိုတယ်၊ တောင်ကြီး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ထိုင်းနိုင်ငံဘက်မှ ၅၆ ဦး နှင့် မြန်မာနိုင်ငံဘက်မှ ၂၅ ဦးတက်ရောက်ခဲ့ပြီး ဖြစ်ပေါ်လာနိုင်ဖွယ်ရှိတဲ့ ပြဿနာရပ်များကို နှစ်ဖက်သော နယ်ခြားကော်မတီဝင်များမှ ဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်ခဲ့ကြတယ်လို့ သတင်းရရှိပါသည်။

**ခိုင်(တာချီလိတ်)**




ALLIANCE Logistics Co., Ltd.
Member of ALCOS group
Logistics
Catering
Transportation
Food Provisions
Manpower
O-7, Shwe Myint Zu Street, Shwe Pon Nyet Yeik Mon, Kamayut Township, Yangon, Myanmar.
Tel : +959- 788- 912- 500
Email: alliancelogisticsmyanmar@gmail.com




LMA
LA MIN AUNG CUSTOMS CLEARING & TRANSPORTATION AGENCY
Room(401)4th Floor,Building 10/12,35th Street,Kyauktada TSP, Yangon,Myanmar Tel:0973045060,Fax:388152, Mobile:095166368
Member of :
MIFFA




မြင့်မြတ်တော်ဝင်
ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာ
ဆေးရုံ
(၂၄) နာရီဖွင့်လှစ်သည်။
G-13/15, Pyay Rd.,
Diamond Condo,
Tower-B, Kamayut Tsp., Yangon.
Ph : 0932006350

TTT
Tun Thaw Tar Manufactring Co.,ltd
ထွန်းသော်တာ ထုပ်လုပ်မှု ကုမ္ပဏီလီမိတက်
Add :No.71, Payar Street, Ngwe Pin Lae Industrial Zone, Hlaing Thar Yar Township, Yangon, Myanmar.
PH :95-9-73999888, 09-5023033, 09-977909199
Email : tunthawtar1996@gmail.com

CB BANK

# INTERNATIONAL TRADE SERVICES
# နိုင်ငံတကာ ကုန်သွယ်ရေး ဝန်ဆောင်မှု

## Import Services
## သွင်းကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း/ ပြင်ဆင်ခြင်း။
- ငွေလွှဲစာတမ်း အတွက် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ရောက်ရှိလာသော သွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။
- ပြည်တွင်း ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း။
- ကုန်ရောင်းငွေလွှဲစာတမ်းပေါ် အခြေခံ၍ ကုန်ဝယ်ငွေလွှဲ စာတမ်းအားပြန်လည် ဖွင့်လှစ်ပေးခြင်း။

## Export Services
## ပို့ကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်း နှင့် ငွေလွှဲစာတမ်းပြင်ဆင်ခြင်းအား အကြောင်းကြားပေးခြင်း။
- ငွေလွှဲစာတမ်းအတွက် ငွေတောင်းခံခြင်း။
- ကောက်ခံရေး စနစ် (DP/DA) ဖြင့် ပေးပို့သော ကုန်ပစ္စည်းများအတွက် ငွေတောင်းခံခြင်း။
- ကြိုတင်ရငွေ / ပို့ကုန်ငွေလွှဲအားထည့်သွင်းပေးခြင်း။
- လွှဲပြောင်းနိုင်သော ငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း။

## Export/Import Financing
## ပို့ကုန် / သွင်းကုန် ငွေကြေးထောက်ပံ့မှု

**ပို့ကုန် ငွေကြေးထောက်ပံ့မှု**
**( Export Financing )**

- ကုန်ပစ္စည်းဝယ်ယူထုတ်လုပ်ရန် ကြိုတင်ငွေ ထုတ်ယူခြင်း။
- ကုန်တန်ဖိုး ငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ယူခြင်း။
- ဆိုင်းငံ့ကာလစနစ် ထုတ်ကုန်ငွေလွှဲစာတမ်းပေါ်တွင် သဘောတင်စာရွက်စာတမ်းများ ဝယ်ယူခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

**သွင်းကုန် ငွေကြေးထောက်ပံ့မှု**
**( Import Financing )**

- ယုံကြည်မှုဖြင့် ဝယ်ယူထားသောကုန်ပစ္စည်းအတွက် အချိန်ပိုင်း ချေးငွေထုတ်ပေးခြင်း။
- သွင်းကုန် ငွေတောင်းခံလွှာ ပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ပေါ် အခြေခံ၍ အချိန်ပိုင်း ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကုန်ရောင်းသူ၏ အကြွေးစနစ်ပေါ်တွင်ငွေလက်ငင်းရရှိရန် ကြားခံဘဏ်များမှ ချေးငွေထုတ်ပေးခြင်း။

## International Remittance
## အပြည်ပြည်ဆိုင်ရာ ငွေလွှဲဝန်ဆောင်မှု

- ပြည်ပမှ ငွေလွှဲများဝင်ရောက်ခြင်း။
  **( Inward Remittance )**
- ပြည်ပသို့ ငွေလွှဲများပေးပို့ခြင်း။
  **( Outward Remittance )**



Call Centre : (+95) **1 231 777 0**

Contact Us : (95-1) 2317698, (95-9) 261997208
www.cbbank.com.mm
STU@cbbank.com.mm

# COMMERCE INTERNATIONAL

## အိန္ဒိယနိုင်ငံ၌ အစိုးရအေဂျင်စီများ၏ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံဝယ်ယူပြီးစီးမှုအခြေအနေ တိုးတက်မှုမှာ အလွန်နှေးကွေးနေ



ဝန်ကြီးချုပ် မိုဒီ၏ Pradhan Mantri Annadata Aay SanraksHan Abhiyan (PM-Aasha) အစီအစဉ်အရ မတ်လတွင် ကုန်ဆုံးမည့် ၂၀၁၈-၁၉ စျေးကွက်ရာသီအတွင်း ဆီထွက်သီးနှံနှင့်ပဲမျိုးစုံတန်ချိန် ၃၃ သိန်းခန့်ဝယ်ယူရန် အစိုးရအေဂျင်စီများဖြစ်သည့် Food Corporation of India (FCI) နှင့် National Agricultural Cooperative Marketing Federation of India Ltd (Nafed) တို့က ရည်မှန်းထားကြောင်း၊ သို့ရာတွင် လက်ရှိအချိန်ထိဝယ်ယူထားနိုင်မှုမှာ တန်ချိန် ၃ ဒသမ ၇၅ သိန်းခန့်သာရှိသေးကြောင်း၊ သို့ဖြစ်၍ ပြည်နယ်များနှင့် ညှိနှိုင်းဝယ်ယူရေးမှတစ် ဆင့်တောင်သူလယ်သမားများ၏ ဝင်ငွေနှစ်ဆ တိုးလာစေရေး ဖော်ဆောင်မည့် အဆိုပါ စီမံချက်မှာ အလွန်ပင်နှေးကွေးသည့်နှုန်းထားဖြင့် ရှေ့ဆက်သွားနေပြီး စတင်ဖော်ဆောင်ချိန်မှ ပထမနှစ်လအတွင်း ရည်မှန်းထားသည့် ပမာဏ၏ ၁၁ ရာခိုင်နှုန်းမျှသာ ဝယ်ယူပြီးစီးသေးသည်ဟု တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရှိရပါသည်။

လက်ရှိတွင် စျေးကွက်အတွင်းသို့ သီးနှံရောက်ရှိချိန်မှာ နှောင့်နှေးကြန့်ကြာနေပြီး သီးနှံအရည်အသွေးမှာလည်း ကောင်းမွန်ခြင်းမရှိသောကြောင့် ဝယ်ယူပြီးစီးမှုအခြေအနေမှာလည်း နှေးကွေးနေခြင်းဖြစ်သည်ဟု Nafed ၏ ဦးဆောင်ညွှန်ကြားရေးမှူး၊ Sanjeev Kumar Chadha က ပြောကြားထားခဲ့ကြောင်း၊ ထိုမျှသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း မတ်ပဲနှင့် ပဲပုပ်တို့ကို MSP စျေးနှုန်းနီးပါးဖြင့် ဝယ်ယူမှုများကို စတင်နေပြီဖြစ်ကြောင်း၊ Nafed အနေဖြင့် တောင်ပိုင်းပြည်နယ်များမှ ပဲစင်းငုံများဝယ်ယူမှုကို လဝက်အတွင်း စတင်မည်ဟု ၎င်းက ထည့်သွင်းပြောကြားထားကြောင်း သိရှိရပါသည်။

လက်ရှိတွင် ပုဂ္ဂလိကကုန်သည်များက စျေးကွက်အတွင်း၌ ဝယ်ယူနေသည့်စျေးနှုန်းမှာ မတ်ပဲတစ်ကွမ်တယ်လျှင် ရူပီး ၅၄၀၀ -၅၅၀၀ ဖြစ်ပြီး၊ MSP စျေးနှုန်းမှာ ရူပီး ၅၆၀၀ ဖြစ်ကြောင်း၊ ပဲပုပ်စျေးနှုန်းမှာလည်း စျေးကွက်တွင် တစ်ကွမ်တယ်လျှင် ရူပီး ၄၀၀၀ ရှိနေရာ MSP စျေးနှုန်းမှာ ရူပီး ၃၃၉၉ သာရှိကြောင်း သိရှိရပါသည်။

အစိုးရ တာဝန်ရှိသူများ၏ ပြောကြားချက်အရ လက်ရှိတွင်Nafed နှင့် FCI တို့သည် Madhya Pradesh၊ Rajasthan၊ Gujarat၊ Maharashtra နှင့် Andhra Pradesh ပြည်နယ်တို့ရှိ ခရိုင်အနည်းငယ်တွင်သာ ဝယ်ယူမှုများ စတင်ပြုလုပ်ခဲ့ပြီး Karnataka ပြည်နယ်၌ ပဲစင်းငုံဝယ်ယူမှုကို FCI က မကြာမီစတင်မည်ဖြစ်ကြောင်း၊ အစိုးရကဝယ်ယူမည့်ပမာဏအားလုံး၏ ၇၀ ရာခိုင်နှုန်းကို Nafed က ဝယ်ယူမည်ဖြစ်ကာ ကျန် ၃၀ ရာခိုင်နှုန်းကို FCI က ဝယ်ယူမည်ဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ လက်ရှိစျေးကွက်ရာသီတွင် FCI အနေဖြင့် တန်ချိန် ၂ ဒသမ ၉ သိန်း ဝယ်ယူရန် လျာထားရာ ယင်းအနက် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ တန်ချိန် ၆၀၀၀ သာ ဝယ်ယူပြီးစီးသေးကြောင်း၊ လာမည့်ရက်သတ္တပတ်တွင် Karnataka ၌ ပဲစင်းငုံများ ဝယ်ယူပြီးပါက ပမာဏသိသိသာသာတိုးတက်လာလိမ့်မည်ဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိ Kharif ရာသီ ပဲမျိုးစုံထုတ်လုပ်မှုပမာဏကို တန်ချိန် ၉၂ ဒသမ ၂ သိန်းခန့်နှင့် ဆီထွက်သီးနှံ တန်ချိန် ၂၂၂ သိန်းခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးမှူးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့။**

## အမေရိကန်ဒေါ်လာအပေါ် မှီခိုမှု လျှော့ချရန် အိန္ဒိယနှင့် ယူအေအီးတို့ ငွေကြေးဖလှယ်ရေး စာချုပ်ချုပ်ဆို

အိန္ဒိယသည် အမေရိကန်ဒေါ်လာကဲ့သို့သော ငွေကြေးများအပေါ် မှီခိုအားထားနေရခြင်းအား လျှော့ချရန် ယူအေအီးနှင့် ငွေကြေးဖလှယ်ရေး စာချုပ်တစ်စောင်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ယင်းစာချုပ်ကြောင့် အိန္ဒိယနှင့် ယူအေအီးတို့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်စီးပွားရေးဆက်ဆံမှု ပိုမိုအားကောင်းခိုင်မာလာလိမ့်မည်ဟု သုံးသပ်ဖော်ပြထားကြောင်း သိရှိရပါသည်။

နှစ်နိုင်ငံအကြားရေးထိုးခဲ့သည့် ငွေကြေးဖလှယ်ရေး စာချုပ်ပါပမာဏမှာ ယူအေအီးငွေကြေး Dh နှစ်ဘီလီယံ (သို့မဟုတ်) အိန္ဒိယငွေကြေး ရူပီး ၃၅ ဘီလီယံဖြစ်ကြောင်း၊ ယင်းစာချုပ်သည် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး Sushma Swaraj ၏ ယူအေအီးခရီးစဉ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုနှင့်စီးပွားရေးဆက်ဆံမှုမြှင့်တင်ရေး ဆွေးနွေးပွဲ၏နောက်ဆက် တွဲရလဒ်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၇ တွင် အိန္ဒိယနှင့်ယူအေအီးတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၂ ဘီလီယံရှိခဲ့ပြီး ရေနံမဟုတ်သည့် ကုန်စည်ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံဖြစ်ကြောင်း၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုအနေဖြင့် ပြီးခဲ့သည့်နှစ်တွင် ယူအေအီး၌ အိန္ဒိယ၏ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံရှိခဲ့ပြီး အိန္ဒိယတွင် ယူအေအီး၏ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံဖြစ်ကြောင်း၊ နှစ်နိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍတွင်လည်း အမြောက်အမြား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးမှူးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့။**

## LDC နိုင်ငံများ၏ Graduation ဆိုင်ရာ Transaction လုပ်ငန်းစဉ်များအား အထောက်အကူပြုနိုင်ရေးလွှင့်တင်ခဲ့သော Website နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး

LDC နိုင်ငံများ၏ Graduation ဆိုင်ရာ Transaction လုပ်ငန်းစဉ်များအား အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကာ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့အခြေစိုက် Committee for Development Policy (CDP) သည် Graduation ဆိုင်ရာ Website ကို တရားဝင် လွှင့်တင်ခဲ့ပြီးဖြစ်ကြောင်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော LDC Group ၏ အစည်းအဝေးတွင် CDP မှ ကိုယ်စားလှယ်က ဆွေးနွေးတင်ပြခဲ့ပါသည်။




CDP မှလွှင့်တင်ခဲ့သော Graduation ဆိုင်ရာ Website မှာ www.gradjet.org ဖြစ်ပြီး အသုံးပြုသူများအနေဖြင့် LDC နိုင်ငံများ၏ Graduation ဆိုင်ရာ အချက်အလက်များကို ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရှိရပါသည်။ CDP အနေဖြင့် အဆိုပါ Website တွင် (၁) Before Graduation (၂) During Graduation နှင့် (၃) After Graduation တို့နှင့်ပတ်သက်၍ ချိတ်ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ဆက်စပ်အချက်အလက်များအားလုံးကို အသေးစိတ်ဖော်ပြသွားရန် စီစဉ်လျက်ရှိပါသည်။

CDP အား ကမ္ဘာ့ကုလသမဂ္ဂ၏ Economic and Social Council (ECOSOC) မှ LDCs နိုင်ငံများ၏ Graduation အစီအစဉ်အတွက် သတ်မှတ် Criteria များကို အကဲဖြတ်သုံးသပ်ရန်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ၎င်း၏ ၂၀၁၈ ခုနှစ်တွင်ပြုလုပ်သော အကဲဖြတ်သုံးသပ်ချက်အရ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ဘင်္ဂလားဒေ့ရှ်၊ လာအိုနှင့် မြန်မာနိုင်ငံတို့သည် ပထမဆုံးအကြိမ်အနေဖြင့် Graduation ဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိခဲ့ပြီး LDC Graduation လမ်းကြောင်းပေါ်သို့ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်၊ လာအိုနှင့် မြန်မာနိုင်ငံတို့အနေဖြင့် ၂၀၂၁ ခုနှစ်တွင်ပြုလုပ်မည့် အကဲဖြတ်သုံးသပ်ချက်တွင်ဆက်လက်၍ ဒုတိယအကြိမ်အနေဖြင့် သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိမည်ဆိုပါက ၂၀၂၄ ခုနှစ်တွင် Graduation ဖြစ်သည့်နိုင်ငံများအဖြစ် ကြေညာသွားနိုင်မည်ဖြစ်ကြောင်း CDP ၏ ကိုယ်စားလှယ်မှ ဆွေးနွေးတင်ပြခဲ့ပါသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် LDC နိုင်ငံပေါင်း ၁၂ နိုင်ငံနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် မဟုတ်သေးသည့် LDC နိုင်ငံ နှစ်နိုင်ငံ စုစုပေါင်း LDC ၁၄ နိုင်ငံအနေဖြင့် Graduation လမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီး အဆိုပါနိုင်ငံများနှင့် ပတ်သက်သည့် နိုင်ငံတစ်ခုချင်းအလိုက် Graduation ဆိုင်ရာ အချက်အလက်များကို www.gradjet.org တွင် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရပါသည်။ **ညီညီအောင်၊ (WTO) သံမှူး**

Think Before You Throw

**အမှိုက်မပစ်ခင် တွေးတောဆင်ခြင်။**